ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 July 2021 ၁၀၄၄၈

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိ

## အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်လိုအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ယဉ်ကျေးပျူငှာ မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေချင်ပါ** စာမျက်နှာ » ၆

**ပဲခူး၊ မန္တလေးနှင့် ရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ** စာမျက်နှာ » ၇

**ကိုဗစ်ကို ခုတုံးလုပ်လာနိုင်တဲ့ နိုင်ငံရေးအမြတ်ထုတ်မှုတွေကို သိမြင်ရှောင်ရှား** စာမျက်နှာ » ၈

ကြေးမုံ

# မကြာခဏအဆက်မပြတ် သတိပေးလုပ်ကိုင်

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးတွင် အခက်အခဲများရင်ဆိုင်ရလျက်ရှိပြီး ကုန်ထုတ်လုပ်မှုကိစ္စရပ်များနှင့်ပတ်သက်၍ စား၍ကုန်သည့်ပစ္စည်း၊ သုံး၍ကုန်သည့်ပစ္စည်း၊ သောက်၍ကုန်သည့်ပစ္စည်း စသည့်စားသောက်သုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကန့်သတ်မှုများ ပြုလုပ်မထားကြောင်း၊ စားရေးသည်အဓိကဖြစ်၍ အခက်အခဲမရှိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ individual လုပ်ကိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အဆက်မပြတ်လုပ်ကိုင်ကြရန် လိုကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် လိုက်နာရမည့်အသိပေးချက်၊ သတိပေးချက်များကိုလည်း ပြည်သူများ သိရှိစေရန်၊ လိုက်နာစေရန် မကြာခဏ ပြောဆိုသတိပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

လူ့ဘောင်လောကတွင် လူသားများ ရပ်တည်ရှင်သန်နေထိုင်ကြရာ၌ စား၊ ဝတ်၊ နေရေး အရေးသုံးပါးတည်းဟူသော အမှုကိစ္စများအတွက် နိစ္စဓူဝ ဦးတည်လုပ်ကိုင်နေကြရသည်။ ထိုအရေးသုံးပါးတွင် စားရေးသည် ပထမဦးစားပေးဖြစ်၍ စားသောက်ကုန်ပစ္စည်းများ မပြတ်လပ်အောင် မည်သည့်အခြေအနေရောက်ရောက် ကြိုးပမ်းလုပ်ဆောင်နေကြသည်။ ကမ္ဘာလောကတွင် ကပ်ကြီးသုံးပါးကို တစ်မျိုးမဟုတ်တစ်မျိုး ရင်ဆိုင်ကြုံတွေ့ရသည်။ လက်နက်ဘေး သတ္ထန္တရကပ်ကို ရင်ဆိုင်ကြရပြီး ရောဂါဘေး ရောဂန္တရကပ်ကိုလည်း ရင်ဆိုင်နေကြရသည်။ ထိုဘေးဒုက္ခများကြောင့် ငတ်မွတ်ဘေး ဒုဗ္ဘိက္ခန္တရကပ်ကိုလည်း တစ်ဆက်တည်း ကြုံတွေ့နိုင်ကြသည်။ ထို့ကြောင့် ပြည်သူများအတွက် နေ့စဉ်လိုအပ်နေသော စားသောက်ကုန်များကို မပြတ်လပ်မရှားပါးအောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

ယခုအခါ ရောဂန္တရကပ်ဘေးကို ကမ္ဘာပေါ်ရှိပြည်သူအားလုံး ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် သဘာဝဘေးကိုလည်း ထပ်ဆင့်ကြုံတွေ့နေရသည်ကို ကမ္ဘာ့နိုင်ငံများတွင် မြင်တွေ့နေရသည်။ မြန်မာနိုင်ငံတွင်လည်း လက်ရှိမိုးရာသီကာလတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှုအားကောင်းနေသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံ၊ မြေပြိုမှုများကို ကြိုတင်မြော်တွေး ပြင်ဆင်လုပ်ကိုင်ထားကြရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံတောင်ဘက်ပိုင်း၌ ရေကြီးရေလျှံမှုဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရပြီး ဆက်လက်၍မိုးရွာသွန်းမှုအားကောင်းလာမှု၊ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာမှုတို့ကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို သတိမူထားရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့် ပစ္စည်းများကို လက်တွေ့ကျကျအသုံးချကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မှာကြားသည်။

လက်ရှိအချိန်အခါတွင် မြန်မာနိုင်ငံ၌ ကပ်ရောဂါဘေး၊ နိုင်ငံရေးပယောဂဘေး၊ သဘာဝဘေးတို့ကို ပြည်သူများရင်ဆိုင်ကြုံတွေ့နေကြရသည်။ ပြည်သူများမှာ စားရေး၊ သောက်ရေး၊ ကုန်ပစ္စည်းများအရေးကို နိစ္စဓူဝ ရှာဖွေလုပ်ကိုင်စားသောက်နေကြရ၍ ကပ်ဘေးအန္တရာယ်အမျိုးမျိုးရှိသည့်ကြားမှ သတိမမူအားနိုင်ဘဲ လှုပ်ရှားရုန်းကန်နေကြရသည်။ ထို့ကြောင့် ဘေးအန္တရာယ်များကို မကျော်လွှားနိုင်ဘဲ ရင်ဆိုင်ကြုံတွေ့နေရမည့်အရေးကို သတိမူ၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ တာဝန်သိပြည်သူများက ဘေးအမျိုးမျိုးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် သတိထားစရာများကို မကြာခဏအသိပေးကြရမည်ဖြစ်သည်။ လူတို့အနေဖြင့် မိမိတို့၏အရေးကို ဦးစားပေးနေရသဖြင့် သတိထားစရာများကို သတိမထားမိဘဲ နေထိုင်လုပ်ကိုင်တတ်ကြသဖြင့် သတိပေးခြင်းကို အစဉ်အမြဲပြုလုပ်နေရမည်ဖြစ်သည်။

တိုးတက်သည့်နိုင်ငံများတွင် ပြည်သူများအကျိုးနှင့် နိုင်ငံစည်းကမ်းသေဝပ်မှုရှိစေရန်အတွက် သတိပေးလမ်းညွှန်မှုများအား နေရာတိုင်း၌ ပြုလုပ်ထားကြသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့်လည်းကောင်း၊ ဧည့်သည်များအနေဖြင့်လည်းကောင်း ထိုသတိပေးလမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ကြသဖြင့် ဘေးကင်းလုံခြုံချောမွေ့၍ အဆင်ပြေကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် သတိပေးလမ်းညွှန်မှုများရှိသော်လည်း လိုက်နာမှုအားနည်းသည်ကို တွေ့ရသည်။ စာမတတ်သည့်လူများကဲ့သို့ အမှုမဲ့အမှတ်မဲ့ နေထိုင်ကြသည်။ အမှိုက်မပစ်ရန်၊ ဆေးလိပ်မသောက်ရန်၊ ကွမ်းမစားရန် လမ်းညွှန်ထားသော်လည်း လိုက်နာရန် ပျက်ကွက်ကြသည်။ ထို့ကြောင့် စာဖြင့်သတိပေးမရလျှင် နှုတ်ဖြင့်သတိပေးကြရသည်။ ယခုအခါတွင် ကပ်ရောဂါဘေး၊ သဘာဝဘေးတို့နှင့် ကြုံတွေ့နေရသဖြင့် စာဖြင့်သတိပေးရုံသာမက တာဝန်ရှိ၊ တာဝန်သိသူများက ကိုယ်တိုင်ကွင်းဆင်း သတိပေးခြင်းကို မပြတ်ပြုလုပ်မှ တန်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူလူထုအန္တရာယ်အမျိုးမျိုးမှ လျော့နည်းကင်းဝေးစေရေးအတွက် အသိပေးခြင်း၊ သတိပေးခြင်းအမှုကိစ္စများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများက မအားလပ်သည့်ကြားမှ အမျိုးသားရေးစိတ်ထားဖြင့် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းကို အစမ်းခန့်ကာလ ( ၁ ) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မကွေးမြို့၌ ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မကွေး ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ ကမ်းနားလမ်း ညောင်ကိုးပင်ဆိပ်၌ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက် ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်ဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီး ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး ကျော်ကျော်လင်း လာရောက်ကြည့်ရှုအားပေး၍ ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ၊ မကွေးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်စခန်း ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါငါးသားပေါက်များကို ပွင့်ဖြူငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း ငါးသောင်း၊ ထိုင်းငါးခုံးမကြီး နှစ်သိန်းငါးသောင်း၊ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း တစ်သိန်း၊ ထိုင်းငါးခုံးမကြီး တစ်သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။




မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေဝတီမြစ်၊ ချောင်းနှင့် ဆည်တမံများအတွင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၂ သိန်း မျိုးစိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၇- ၇ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၆၅၄ | ၅,၇၅၅,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၃,၅၀၁ | ၁၁,၃၇၈,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆၆ | ၁,၃၂၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၃ | ၃၅,၁၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၁၃ | ၆၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၄.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၃.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၇၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၇.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၃၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၇.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၆.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၈၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၅၉ |

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

# ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းထားသည့်၊ လှူဒါန်းရရှိထားသည့် ကာကွယ်ဆေးများကို အမြန်ဆုံး ရောက်ရှိပြီး ဆောလျင်စွာ ထိုးနှံနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု လုပ်ငန်းစဉ်များ၊ လိုအပ်သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများ အမြန်ဆုံးရောက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်

☆ ရွှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များသည် နိုင်ငံကို ကိုယ်စားပြုခြင်းပင်ဖြစ်ကြောင်း၊ အာဆီယံတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရန်ပုံငွေထူထောင်ထားရှိပြီး မိမိတို့နိုင်ငံမှလည်း ထည့်ဝင်လှူဒါန်းထားလျက်ရှိကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ မိမိတို့နိုင်ငံသို့ ကူညီထောက်ပံ့မှုများ လုပ်ဆောင်လာမည့် အခြေအနေများနှင့်ပတ်သက်၍ လုပ်ဆောင်ရန်ရှိသည်များကို မြန်ဆန်စွာလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ International community၊ Asean community



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း



ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်

တို့နှင့် လက်တွဲပူးပေါင်းလုပ်ဆောင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ရန် လိုအပ်သည်များကို မတုံ့ဆိုင်းစေလိုဘဲ မြန်ဆန်စွာ လုပ်ဆောင်ကြစေလိုကြောင်း။

**ဆောလျင်စွာထိုးနှံနိုင်ရေး**

ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်မှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံများမှ မှာယူတင်သွင်းထားသည့်၊ လှူဒါန်းရရှိထားသည့် ကာကွယ်ဆေးများကို အမြန်ဆုံးရောက်ရှိပြီး ဆောလျင်စွာ ထိုးနှံနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုလုပ်ငန်းစဉ်များ၊ လိုအပ်သည့် ဆေးဝါးအထောက်အကူပြုပစ္စည်းများ အမြန်ဆုံးရောက်ရှိနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများက အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရောဂါကာကွယ် ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ WHO တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ကာကွယ်ဆေးများ ရောက်ရှိလာမှုနှင့် ထပ်မံရရှိနိုင်ရေး ဝန်ကြီးဌာနအလိုက် ချိတ်ဆက်လုပ်ဆောင်နေသည့်အခြေအနေ၊ ရောက်ရှိလာသည့် ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတစ်ဝန်းသို့ ဖြန့်ဝေလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကိုဆောင်ရွက်နေသည့်အခြေအနေ၊ ရုရှားနိုင်ငံနှင့်ပူးပေါင်း၍ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များကို နေ့စဉ်ပေးပို့၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အခြားနိုင်ငံများမှလည်း ကမ်းလှမ်းထားရှိပြီး လိုအပ်သည်များ စမ်းသပ်နိုင်ရေး နမူနာပုံစံများ မှာယူထားရှိသည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၊ ထောက်ပံ့ကူညီမည့် အစီအစဉ်များနှင့်ပတ်သက်၍ လုပ်ဆောင်နေသည့်အခြေအနေ၊ ကာကွယ်ဆေးများကို ပုဂ္ဂလိကအနေဖြင့် တင်သွင်းပြီး ထိုးနှံနိုင်ရေး လုပ်ဆောင်နိုင်မည့် အခြေအနေနှင့်ပတ်သက်၍ လုပ်ဆောင်နေမှုအခြေအနေနှင့် ဆက်လက်လုပ်ဆောင်နိုင်မည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

**မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရောဂါကူးစက်ဖြစ်ပွားမှုသည် နိုင်ငံတကာတွင် ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ထိန်းချုပ်နိုင်ရေးအတွက် လုပ်ဆောင်ရာတွင် ပြည်တွင်း၌ လုပ်ဆောင်မှုများသာမက နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အမြန်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း ကိုယ်စီအခက်အခဲများ ကြုံတွေ့ရလျက်ရှိပြီး အာဆီယံရန်ပုံငွေမှ ဆောင်ရွက်ပေးသည်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိနိုင်ရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးထက်အရေးကြီးသည်မှာ မရှိသည့်အတွက် လုပ်ဆောင်ပေးနိုင်သည် မှန်သမျှကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းဖြင့် ယခင်ကတည်းကပင် ပြောကြားခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးများကို အစဉ်တစိုက် လုပ်ဆောင်ပေးခဲ့ကြောင်း၊ ထို့ပြင် ဆေးရုံတက်လူနာများအနေဖြင့် အာဟာရပြည့်ဝနေရန် အရေးကြီးသဖြင့် ကြက်ဥ၊ ငှက်ပျောသီးနှင့် အခြားအာဟာရပြည့် ဖြည့်စွက်စာများကို နီးစပ်ရာတပ်စခန်းများမှတစ်ဆင့် ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်လှူဒါန်းစေလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်လာပါက မှန်မှန်ကန်ကန် လုပ်ဆောင်ပေးရန် အရေးကြီးပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်း မဖြစ်စေလိုဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မည်သို့သော အခြေအနေပင်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူလူထုကျန်းမာရေး ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ပေးနိုင်သည် မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကျန်းမာရေးနှင့်ပတ်သက်လာပါက မှန်မှန်ကန်ကန် လုပ်ဆောင်ပေးရန် အရေးကြီးပြီး ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်း မဖြစ်စေလိုဘဲ တိုင်းပြည်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မည်သို့သော အခြေအနေပင်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူလူထုကျန်းမာရေး ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရမည်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုမြင့်တက်လျက်ရှိပြီး ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ကျင်းပသည်။




### ပေးအပ်လှူဒါန်း

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းငွေကျပ် ၂ ဒသမ ၂၁၈ ဘီလီယံကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

တပ်မတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ဒုတိယလှိုင်းဖြစ်ပွားသည့်ကာလတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းငွေ ၄ ဒသမ ၇၀၄ ဘီလီယံကို ပေးအပ်လှူဒါန်း၍ အဆိုပါ လှူဒါန်းငွေများဖြင့် အရပ်ဘက်ပြည်သူ့ဆေးရုံ ၁၁၆၈ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၀၇၀ ကိုကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူ၍ သက်ဆိုင်ရာဆေးရုံများသို့ အရောက်ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပဲခူးမြို့နယ်အတွင်းရှိ ပရဟိတအသင်းအဖွဲ့များနှင့် တွေ့ဆုံထောက်ပံ့

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ပဲခူးမြို့နယ်အတွင်းရှိပရဟိတအသင်းအဖွဲ့ ၂၂ ဖွဲ့အား ထောက်ပံ့ငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။




### ပြောကြား

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ပရဟိတအလုပ်သည် လူတိုင်းလုပ်ကိုင်နိုင်ရန်ခက်ခဲပြီး အချိန်နှင့်ဘဝကို ပေးဆပ်နေရသည့် သူရဲကောင်းများဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ၌ ကျန်းမာရေးဝန်ထမ်းများနည်းတူ ရှေ့တန်းမှ ကာကွယ်နေရသည့် အသင်းအဖွဲ့များဖြစ်ကြောင်း၊ ပရဟိတသဘောသည် ပရ-အများ၊ ဟိတ-အကျိုးလို့ အနက်အဓိပ္ပာယ်ရသည့်အတွက် ပရဟိတအသင်းအဖွဲ့များသည် အများအကျိုး၊ အများကောင်းကျိုးသယ်ပိုးထမ်းရွက်နေသူများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည် သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ကပ်ရောဂါဘေးအမျိုးမျိုးတို့တွင် ပရဟိတအသင်းအဖွဲ့များ၏ လုပ်ဆောင်မှုကဏ္ဍသည် ရှေ့တန်းမှပါဝင်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့တိုင်းဒေသကြီးကောင်စီအနေဖြင့် ပရဟိတအသင်းအဖွဲ့များကို မိသားစုများသဖွယ် အလေးအနက်ထားပါကြောင်း၊ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် အရေးပေါ်လိုအပ်လျက်ရှိသော UK နိုင်ငံထုတ် တစ်ရက်လျှင် အောက်ဆီဂျင် ၄၀ လီတာအိုး အလုံးရေ ၆၀ ခန့်ထွက်ရှိသည့် Oxygen Plant အား ချက်ချင်းတပ်ဆင်ပေးနိုင်ခဲ့ပြီး ထပ်မံ၍လည်း တစ်ရက်လျှင် အောက်ဆီဂျင် ၄၀ လီတာအိုး အလုံးရေ ၂၅၀ ခန့် ထွက်ရှိသည့် Oxygen Plant ခုနစ်လုံးအား ဦးစားပေး မြို့နယ်အလိုက် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ်လနောက်ဆုံးပတ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်လိုအပ်မှုကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ်အတွင်းရှိ ပရဟိတအသင်းအဖွဲ့ ၂၂ ဖွဲ့ ကိုယ်စားမာတလိပရဟိတအသင်း ခေါင်းဆောင် ဦးဇင်လတ်အား PPE Level(1)(အဖြူ)ဝတ်စုံ ၉၀၀၊ နှာခေါင်းစည်း ၁၀၀၀၀၊ PPE Level(2)(အပြာ) ဝတ်စုံ ၄၀၀၀၊ ခြေစွပ် ၁၀၀၀၊ ခေါင်းစွပ် ၄၀၀၀၊ Hand Spary ဒါဇင် ၂၀၊ Hand Gel တစ်ပီပါနှင့် ထောက်ပံ့ငွေ ကျပ်သိန်း ၁၁၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ပရဟိတအသင်းအဖွဲ့ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ပဲခူးမြို့နယ်အတွင်းရှိ ပရဟိတ အသင်းအဖွဲ့ ၂၂ ဖွဲ့၊ လူဦးရေ ၂၀၀ ကျော်အား တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm စတင်ထိုးနှံပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များလိုက်ပါလျက် ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲ Liquid Oxygen Plant တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိခဲ့ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်က တင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက Liquid Oxygen Storage Tank နှင့် ပိုက်လိုင်းများ ဆက်သွယ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သော အခက်အခဲများရှိပါက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားဆေးရုံများနှင့် ပြည်သူလူထုအတွက် လိုအပ်သော အောက်ဆီဂျင်များ ထုတ်လုပ်ပေးနိုင်ရေး Oxygen Filling Pump System အား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လှည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

# လင်းခေးမြို့နယ် ဟိုကွန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်

**လင်းခေး ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်ဟုတ်ကျေးရွာအုပ်စု ဟိုကွန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ပြောသည်။

### ဆောင်ရွက်

စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဒေသခံကျေးရွာနေပြည်သူများ၏ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်စေရန်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းများကို ယခုလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းအားလုံး သတ်မှတ်ရက်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်နေကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများမှာ အနက်ပေ ၂၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းတို့အပြင် ကျေးရွာအတွင်း အများသုံးရေတိုင် ပြုလုပ်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်နေသည့် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၁၀ ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ပြည်သူလူထုကို ကျေးဇူးတင်

**လက်ရှိအချိန်တွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ သုတေသနပြုထားသည်များကို လေ့လာမှုများနှင့် Mobility Patterns အရ လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှုများ လျော့နည်းလာသည်ကို လက်တွေ့ တွေ့မြင်ရပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ မြင့်တက်လာသည်ကို တွေ့ရှိရကာ သတ်မှတ်ထားသည့် စည်းကမ်းများကို အလေးထား လိုက်နာလျက်ရှိသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိပါကြောင်း၊ ထုတ်ပြန်ထားရှိသည့် သွားလာနေထိုင်မှု အခြေခံစည်းကမ်းများကို တစ်ဦးချင်း တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ပြီး အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ ထောက်ပံ့ကူညီမှုများဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများနှင့် သက်ဆိုင်ရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပူးပေါင်းထောက်ပံ့ကူညီမှုများ ဆောလျင်စွာ ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အွန်လိုင်းဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် ပြည်နယ်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် အတွက် ထိခိုက်ဆုံးရှုံးမှုများ တတ်နိုင်သမျှ လျော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေဘေးနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား လိုအပ်မှုအခြေအနေပေါ်မူတည်၍ ဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၁ ခုနှစ် ဇူလိုင်လ တတိယပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ရပ်ကွက်/ ကျေးရွာများသို့ ရေဝင်ရောက်မှု ဖြစ်ပွားခဲ့မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးမှူးများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အခြားတိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ခန့်မှန်းထုတ်ပြန်ချက်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်



အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန၏ ရာသီဥတုဝက်ဘ်ဆိုက်များအား စိစစ်လေ့လာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသဖြင့် လာမည့်ရက်များအတွင်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် မိုးရေချိန် သုံးလက်မမှ ရှစ်လက်မအတွင်း ဒေသအလိုက် မိုးကြီးနိုင်ခြင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် မိုးရေချိန် တစ်လက်မမှ ငါးလက်မအတွင်း နေရာအနှံ့အပြား မိုးရွာသွန်းမှု များပြားနိုင်ခြင်းတို့ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖြန့်ဝေအသိပေးထားသည့် ရေဘေးအသိပညာပေး စာစောင်တွင် အကြံပြုထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူများအနေဖြင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရုံးများသို့ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ဖြစ်စေ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထပ်လောင်းနှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး ဆေးဝါးနှင့်ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းသယ်ယူဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ပမှ တင်သွင်းမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများ အခက်အခဲမရှိ တင်သွင်းနိုင်ရေး၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန (FDA)မှအရေးပေါ်ကာလအတွင်းဖြေလျှော့ဆောင်ရွက်ပေးမည့်အခြေအနေ၊ ဆေးဝါးများတင်သွင်းရာတွင် လိုအပ်သော Air Cargo ၊ Shipping Line များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှု၊ နယ်စပ်များမှ တင်သွင်းမည့်ဆေးဝါးနှင့် ဆေးပစ္စည်းများ လွယ်ကူလျင်မြန်စွာတင်သွင်းနိုင်ရေး၊ အကောက်ခွန်ဦးစီးဌာနမှ တင်သွင်းလာသည့် ဆေးဝါးများအပေါ် အခွန်ကောက်ခံမှု လျှော့ချရေးစီစဉ်မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ပြည်ပမှ ဆေးဝါးနှင့် ဆေးပစ္စည်းများ တင်သွင်းရာတွင် အခက်အခဲမရှိစေရေး၊ ဈေးကွက်အတွင်း ဆေးဝါးများ မပြတ်လပ်စေရေး၊ အရည်အသွေး ဈေးနှုန်းမှန်ကန်စေရေးတို့အတွက် ရန်ကုန်မြို့တွင် "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ ပြည်ပမှတင်သွင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးလုပ်ငန်းအဖွဲ့ (Task Force)" ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ရန်ကုန်လုပ်ငန်းအဖွဲ့ (Task Force) ဖုန်း- ၀၉၆၆၄၀၇၅၆၈၃၊ ၀၉၆၆၄၅၉၆၃၂၇ နှင့် ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးလုပ်ငန်းကော်မတီရုံး ဖုန်း-၀၆၇၄၀၈၄၁၉၊ ၀၉၄၂၀၇၀၃၆၁၆ သို့ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ယဉ်ကျေးပျူငှာ မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေချင်ပါ

**စာချစ်သူ**

၁၉၇၀ ပြည့်နှစ်အတွင်းက အမေရိကန်နိုင်ငံ ရာဇဝတ်မှုသမိုင်းတွင် အရက်စက်ဆုံး လူသတ်မှုကြီးတစ်ခုဖြစ်ပွားခဲ့သည်။ အသတ်ခံရသူများမှာ ပြည်သူ့အချစ်တော် ရုပ်ရှင်မင်းသမီး ရှာရွန်တိတ်နှင့် အိမ်သားခြောက်ဦးဖြစ်သည်။ ရှာရွန်တိတ်မှာ ကိုယ်ဝန်ရှစ်လနှင့် ဖြစ်သည်။ သတ်သူများမှာ လမ်းသရဲခေါင်းဆောင် ချားလ်မေဆင်နှင့် အပေါင်းအပါများဖြစ်သည်။ ဇိမ်ခံနေသော လူချမ်းသာများအား မုန်းတီးသဖြင့် အကြောင်းမဲ့ခုတ်ထစ်သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု ဆို၏။

လူသတ်မှုသတင်းကို ထိုစဉ်က သမ္မတနစ်ဆင် ဖတ်လိုက်ရသောအခါ စိတ်ထိခိုက်သွားသည်။ ထို့နောက် အမေရိကန်ပြည်ကြီးတွင် လူတွေစိတ်မိုက်ရိုင်းတွေဝင်ပြီး ပျက်စီးနေကြပါပေါ့လားဟု နစ်ဆင်က ညည်းတွားလေတော့သည်။

ထိုခေတ် မြန်မာပြည်၏ အခြေအနေမှာမူ ရုပ်ဝတ္ထုပစ္စည်းများ အလျှံအပယ်ပေါကြွယ်ဝမှု မရှိသော်လည်း လူတိုင်းလူတိုင်း ဘဝကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်နိုင်ခဲ့ကြသည်။ အထူးသဖြင့် လုံခြုံစိတ်ချရသော ဝန်းကျင်ကောင်းကို ထိုစဉ်က ထူထောင်နိုင်ခဲ့သည်။

**ပြန်ပြောင်းအမှတ်ရ**

အမေရိကန်သမ္မတ ရီဂင်သည် သူငယ်စဉ်က အမေရိကားတွင် ကားလိုင်စင်မလိုဘဲ မည်သူမဆို ကားတက်မောင်းနှင်နိုင်သည့် လွတ်လပ်မှုမျိုးကို ပြန်ပြောင်းလွမ်းဆွတ်တမ်းတခဲ့သလို ကျွန်တော်သည်လည်း ထိုခေတ်ကာလ ကလေးဘဝက ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ အချင်းချင်းစည်းလုံးမှု၊ ချစ်ခင်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ လူကြီးသူမတို့အပေါ် ရိုသေကိုင်းရှိုင်းမှု၊ ရိုးသားဖြူစင်မှုတို့ကို အမြဲပြန်ပြောင်းအမှတ်ရနေမိပါ၏။

၁၉၇၀ ပြည့်နှစ်ကျော် ကျွန်တော်တို့ ခြောက်နှစ်၊ ခုနစ်နှစ်သားအရွယ်တွင်မူ နိုင်ငံရေးလှုပ်ရှားမှုအချို့ ပေါ်ပေါက်လာသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအပေါ် မလိုလား မနှစ်ခြိုက်သူအချို့၏ဆန္ဒပြပွဲအချို့ ပေါ်ပေါက်လာသည်။ ဆန္ဒပြမှုများကို လုံခြုံရေးအဖွဲ့က နှိမ်နင်းမှုများလည်း ရှိလာသည်။ သို့သော် ကိစ္စမရှိ။ မြန်မာ့လူမှုဝန်းကျင်တစ်ခုလုံးအပေါ် သက်ရောက်မှုမရှိ၍ အသွားအလာ အနေအထိုင် မပျက်ယွင်းခဲ့ကြ။

ထို့နောက်ပိုင်းကာလရောက်တော့ "ပြည်ထောင်စုနေ့ အခမ်းအနား ပျော်ပွဲရွှင်ပွဲကျင်းပရာ ကျိုက္ကဆံကွင်းမှာ ဗုံးပေါက်လို့တဲ့" လူကြီးသူမများ၏ပြောဆိုသံများကို စတင်ကြားလာရသည်။ သို့တစေ ကလေးအရွယ်လူမမည် ကျွန်တော့်မှာ နားမလည်နိုင်ခဲ့ပါ။ သို့ကြောင့် . . .

"ဘာလို့ဖောက်တာလဲ၊ ဘယ်သူက ဖောက်တာလဲ"

"ပြည်ပြေးတွေက ဖောက်တာတဲ့"

"ပြည်ပြေးဆိုတာ ဘယ်သူတွေလဲ"

"သူပုန်တွေပေါ့ဟဲ့"

အမေ ရှင်းပြသည်များကလည်း အလွယ်တကူ နားမရှင်းပါ။ အရွယ်ရောက်လာတော့မှ ပြည်ပြေးဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်မှ နိုင်ငံရေးသမားဟောင်းကြီးများဖြင့် ဖွဲ့စည်းထားသော ပြည်ပအခြေစိုက် ပါလီမန်ဒီမိုကရေစီပါတီဟူ၍ သိရပါသည်။

သို့ရာတွင် ထိုကဲ့သို့ ဗုံးထောင် ဗုံးခွဲအကြမ်းဖက်လုပ်ရပ်များမှာ ဆယ်ခါရံတစ်ခါ အနည်းအကျဉ်းမျှသာ။ တိုက်ပွဲလမ်းကြောင်း ပုံသဏ္ဌာန်ထက် နိုင်ငံရေးနည်းလမ်းအရသာအားပြုခဲ့၍ မြန်မာ့လူ့အဖွဲ့အစည်းကို ထိတ်လန့်ရုံမျှသာဖြစ်ခဲ့ပါသည်။

ထို့နောက်ပိုင်း ပါလီမန်ဒီမိုကရေစီပါတီမှ နိုင်ငံရေးသမားဟောင်းကြီးများသည် ၁၉၈၀ ပြည့်နှစ်တွင် ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် ပြည်တော်ပြန်ဝင်လာကြသည့်အဆုံးဝယ် မြန်မာပြည်သည် တစ်နိုင်ငံလုံးနီးနီး အေးချမ်းသာယာခဲ့ပါ၏။

၁၉၈၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်။ ထိုနေ့ ထိုရက်တွင် မြန်မာ့မြေပေါ်၌ အကြမ်းဖက် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့သည်။ ထိုအကြမ်းဖက်မှုဖြစ်စဉ်ကား အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) သမ္မတ ချန်ဒူးဝှမ်နှင့် ဝန်ကြီးများ အာဇာနည်ဗိမာန်၌ လာရောက်ဂါရဝပြုကြစဉ် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)က စေလွှတ်ထားသော အကြမ်းဖက်သမားသုံးဦးက အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

**အသက်ဘေးမှလွတ်ကင်းခဲ့**

မြောက်ကိုရီးယားတို့၏ အဓိကပစ်မှတ် တောင်ကိုရီးယားသမ္မတကြီး ချန်ဒူးဝှမ်မှာ မိနစ်အနည်းငယ် နောက်ကျရောက်ရှိ၍ အသက်ဘေးမှလွတ်ကင်းခဲ့သော်လည်း အစိုးရအဖွဲ့ဝင်ဝန်ကြီး လေးဦး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးအပါအဝင် ၁၇ ဦး သေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ မြန်မာနိုင်ငံဘက်မှ လေးဦးသေဆုံးကာ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းခန့်တွင် ကျွန်တော်သည် သူငယ်ချင်းအိမ်တွင် ဆော့ကစားနေခိုက် မြန်မာ့အသံမှ အထူးသတင်းတစ်ရပ်ကို ကြေညာပါတော့မည်ဟူသည့် သတင်းထုတ်လွှင့်မှုကိုကြားရ၍ ဘာရယ်မဟုတ် နားစွင့်ကြည့်ရင်း သိလိုက်ရသည်။

**တစ်ချိန်က သမ္မတနစ်ဆင် ညည်းတွားခဲ့သကဲ့သို့ပင် "မြန်မာပြည်ကြီးမှာ လူတွေစိတ်မိုက်ရိုင်းတွေဝင်ပြီး ပျက်စီးနေကြပါပေါ့လား"ဟု ညည်းတွားချင်စိတ်ပေါက်လာသည်။ ရီဂင်ကြီးကဲ့သို့လည်း ကျွန်တော်တို့ငယ်စဉ်က ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားမှု၊ လူကြီးသူမတို့အပေါ် ရိုသေကိုင်းရှိုင်းမှု၊ ရိုးသားဖြူစင်မှုတို့ကို ပြန်ပြောင်းအောက်မေ့ သတိရလာသည်။ ယဉ်ကျေးပျူငှာသော မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေချင်တော့ပါ။**

ဗုံးပေါက်ကွဲမှုဖြစ်စဉ်အပြီး နောက်တစ်ရက်တွင် အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဇင်မိုအား ပုဇွန်တောင်ချောင်းအတွင်း ပုန်းအောင်းနေခိုက် အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ အောက်တိုဘာ ၁၂ ရက်တွင်လည်း ကော့မှူးမြို့နယ် သခွပ်ပင်ကျေးရွာ၌ အဖွဲ့ဝင် ကင်မင်ချူးနှင့် ဆင်ကီချူးတို့ကို တပ်မတော်က အရှင်ဖမ်းမိရန် လက်ဗလာနှင့် လုံးထွေးဖမ်းဆီးစဉ် အကြမ်းဖက်သမားနှစ်ဦးက လက်ပစ်ဗုံးနှင့်ပစ်ပေါက်ရာ လက်ထဲမှာပင် ပေါက်ကွဲ၍ ဆင်ကီချူးကို အသေ၊ ကင်မင်ချူးကို ဒဏ်ရာများနှင့် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖြစ်စဉ်အတွင်း တပ်မတော်သားသုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကြရသည်။

အကြမ်းဖက်တရားခံများဖြစ်ကြသည့် ဇင်မိုနှင့် ကင်မင်ချူးတို့ကို နောက်ပိုင်း ရုံးထုတ်စစ်ဆေးခဲ့သည့် သတင်းများကိုလည်း ထိုစဉ်က နိုင်ငံပိုင်သတင်းစာများတွင် အဆက်မပြတ်ဖော်ပြပေးခဲ့လေသည်။

သို့တစေ ထိုအာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်မှာလည်း တောင်၊ မြောက်ကိုရီးယား နှစ်နိုင်ငံ၏ နိုင်ငံရေး၊ ဝါဒရေးကွဲပြဲမှုများမှ တစ်ဆင့် မြန်မာ့မြေပေါ်တွင် လာရောက်အဖျားခတ်ခြင်းမျှသာဖြစ်၍ မြန်မာ့လူ့အဖွဲ့အစည်းအပေါ် ထူးထူးခြားခြား သက်ရောက်မှုမရှိခဲ့ပါချေ။

"ပုဇွန်တောင်စာတိုက်ဘူတာမှာ ရန်ကုန်-မန္တလေး အမြန်ရထားပေါ် ဗုံးကွဲလို့တဲ့"။ မှတ်မှတ်ရရ ၁၉၈၈ ခုနှစ် နှစ်ဦးကာလကို ထိုအနိဋ္ဌာရုံ အသံ၊ အနိဋ္ဌာရုံ မြင်ကွင်းတို့ဖြင့် စတင်ခဲ့သည်ဟုဆိုရပေမည်။

ကညွတ်ကွင်းဘူတာမှ လိုက်ပါလာခဲ့သော ကေအင်န်ယူအဖွဲ့ဝင် အကြမ်းဖက်သမားတစ်ဦး ထောင်ထားခဲ့သော အချိန်ကိုက်ဗုံးဖြစ်ကြောင်း ထိုစဉ်က နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ခဲ့သည်။ ချိန်ကိုက်ဗုံးကို ရန်ကုန်ဘူတာကြီးတွင် ပေါက်ကွဲစေရန် အချိန်ကိုက်စီစဉ်ထားခြင်းဖြစ်သော်လည်း ရထားအဝင်နောက်ကျ၍ ပုဇွန်တောင်စာတိုက်ဘူတာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ခရီးသည်အချို့ သေကျေဒဏ်ရာရခဲ့ကြသည်။

**မြန်မာ့လူ့အဖွဲ့အစည်းကို ထိတ်လန့်တုန်လှုပ်စေ**

၈-၈-၁၉၈၈။ တစ်ပါတီစနစ်နှင့် စီးပွားရေးကျပ်တည်းမှုများအပေါ် ငြီးငွေ့နေကြသော ပြည်သူအများစု၏ ၈၈ လူထုအရေးတော်ပုံနောက်ပိုင်းကာလများတွင် ပေါ်ပေါက်လာသော နိုင်ငံပိုင်အဆောက်အအုံများ မီးရှို့ဖျက်ဆီးမှု၊ ရဲစခန်းများအား ဝင်ရောက်စီးနင်းမှု၊ ဆင်းရဲနွမ်းပါးသူများအား သူလျှိုဒလန်များ၊ ရေတွင်းရေကန်များတွင် အဆိပ်ခတ်သူများဟု မဟုတ်တမ်းတရားစွပ်စွဲ၍ လူပုံအလယ်တွင် ခေါင်းဖြတ်သတ်မှုများက မြန်မာ့လူ့အဖွဲ့အစည်းကို ကြီးစွာထိတ်လန့်တုန်လှုပ်စေသည်။

သို့တစေ ထိုစဉ်က ခေတ်ပျက်ကာလသည် ကာလမကြာရှည်ခဲ့ပါ။ ၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းရယူပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတစ်ရပ် ထူထောင်ဖွဲ့စည်း၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့၍ မြန်မာ့လူ့အဖွဲ့အစည်းသည် အချိန်တိုကာလအတွင်းမှာပင် ပုံမှန်ပြန်လည်ပတ်သွားလေသည်။

၁၉၈၉ ခုနှစ်တွင်မူ အကြမ်းဖက်သမားတို့၏ အကြမ်းဖက်ဗုံးဖောက်ခွဲမှုဖြစ်စဉ်အချို့ ပေါ်ပေါက်လာခဲ့ပြန်သည်။ ရန်ကုန်မြို့တော်ခန်းမသို့ပါ၊ ပါဆယ်ဗုံးပေးပို့ဖောက်ခွဲခဲ့ရာတွင် ပါဆယ်ကို ဖွင့်ဖောက်သူ ဝန်ထမ်းအချို့ သေကျေဒဏ်ရာရခဲ့သည့်ဖြစ်စဉ်များ၊ သန်လျင်ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ထို့နောက်ပိုင်းမှာလည်း မှတ်မိသမျှ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင် အပူဇော်ခံထားရှိသည့် ဗုဒ္ဓစွယ်တော်မြတ်အနီး ဗုံးပေါက်ကွဲမှု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး နေအိမ်အတွင်း ပါဆယ်ဗုံးပေါက်ကွဲမှု၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ စီးပွားရေးဗဟိုဌာနအဆောက်အအုံ ဗုံးပေါက်ကွဲမှုများ ကြိုးကြားကြိုးကြား ဖြစ်ပေါ်လာပြန်သည်။

သို့ရာတွင် ထိုအကြမ်းဖက်ဗုံးပေါက်ကွဲမှုဖြစ်စဉ်များသည် မြန်မာ့လူ့အဖွဲ့အစည်းကို ကြီးစွာသော ခြိမ်းခြောက်မှုအသွင်မဆောင်ခဲ့။ လူမှုစီးပွားဘဝများအပေါ် ကြီးစွာမသက်ရောက်ခဲ့။ ပုံမှန်လူမှုစီးပွားဘဝများကို ရပ်တန့်အောင် မစွမ်းဆောင်နိုင်ခဲ့ဟု ဆိုရပါမည်။

အဆိုပါ ခေတ်အလိုက်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကို ကျွမ်းကျင်သူပညာရှင်အချို့က သောင်းကျန်းမှုနှင့်ဆက်နွှယ်သည့် အကြမ်းဖက်မှုနှင့် နိုင်ငံရေးနှင့် ပတ်သက်သည့် အကြမ်းဖက်မှုအဖြစ် ရှုမြင်သုံးသပ်ခဲ့ကြသည်။ သောင်းကျန်းသူများက အစိုးရအဖွဲ့အတွင်း မတည်မငြိမ်ဖြစ်စေရန်၊ တပ်မတော်က ဆင်နွှဲနေသည့် စစ်ဆင်ရေးများ အာရုံပြောင်းသွားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်၍ ဆန့်ကျင်သည့်အဖွဲ့အစည်းများကမူ နိုင်ငံရေးအရ ရည်ရွယ်လုပ်ဆောင်သော အကြမ်းဖက်လုပ်ရပ်များဟု ယေဘုယျရှုမြင်သုံးသပ်ခဲ့ကြသည်။

**စာမျက်နှာ ၇ သို့** ✳

# ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၂၉၆/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့အတွင်းရှိ မြို့နယ်အချို့တွင် ကိုဗစ်–၁၉ ခာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့ နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် –

(က) **ပဲခူးတိုင်းဒေသကြီး**
  (၁) ညောင်လေးပင်မြို့နယ်၊
(ခ) **မန္တလေးတိုင်းဒေသကြီး**
  (၁) နွားထိုးကြီးမြို့နယ်၊
  (၂) ရမည်းသင်းမြို့နယ်၊
(ဂ) **ဧရာဝတီတိုင်းဒေသကြီး**
  (၁) ကျုံပျော်မြို့နယ်၊
  (၂) ဘိုကလေးမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –
  (၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
  (၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူး ရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း များ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန် ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်း များ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊
  (၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
  (၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်း ရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံ များတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြား ချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များ နှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွား ရောက်ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင် ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ (ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၈–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှစတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

✳ **စာမျက်နှာ ၆ မှ**

ပစ္စက္ခ ဖေဖော်ဝါရီ ၁ ရက် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ် နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်လုပ်ရပ်များကမူ မြန်မာ့ လူ့အဖွဲ့အစည်းကို ကြီးစွာသော ခြိမ်းခြောက်မှုများဖြစ်ပေါ်စေခဲ့ သည်။ ယခင်ခေတ်ကာလများကဲ့သို့ ကြိုးကြားကြိုးကြား ကျူးလွန် ခြင်းမျိုးမဟုတ်တော့။ အကြမ်းဖက်မှု အကြိမ်အရေအတွက်မှာလည်း ရေတွက်မှတ်သားရန်ပင် မစွမ်းသာတော့ပေ။

အကြမ်းဖက်သမားတို့၏ ပစ်မှတ်များကလည်း မည်သည့်ခေတ် ကာလကမျှ မကြုံဖူးသည့် အများပြည်သူတို့နှင့် သက်ဆိုင်သော စာသင်ကျောင်းများ၊ မီတာရုံးများ၊ စုပါမားကတ်များ၊ ရုံးအဆောက် အအုံများကို ဗုံးခွဲဖျက်ဆီးမီးရှို့ခြင်းများ၊ အပြစ်မဲ့ပြည်သူများကို သေနတ်ဖြင့် ချောင်းမြောင်းလုပ်ကြံပစ်ခတ်သတ်ဖြတ်မှုများ၊ အရှင်လတ်လတ် တာယာကွင်းစွပ် မီးရှို့သတ်ဖြတ်မှုများဖြစ်လေ သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အုပ်ချုပ် ရေးယန္တရားများ ရပ်တန့်စေရန် ရည်ရွယ်၍ အကြမ်းဖက်ဝါဒီ ခေါင်းဆောင်များက မသိနားမလည်သော လူငယ်အချို့ကို မြှောက်ပင့် သွေးထိုးလှုံ့ဆော်စေခိုင်းခြင်းဖြစ်သော်လည်း ထိုအကြမ်းဖက် လုပ်ရပ်များသည် ပြည်သူတို့၏ နိစ္စဓူဝ လူမှုဘဝကို ဆိုးရွားစွာ ထိခိုက်လာသည်။

မြန်မာ့လူမှုဝန်းကျင်အတွင်း အကြောက်တရားများလည်း ပျံ့နှံ့လာသည်။ ထိုအကြောက်တရားများကြောင့် မယုံသင်္ကာစိတ် များ၊ သံသယစိတ်များ ပေါ်ပေါက်လာပြီး စည်းလုံးညီညွတ်မှုများကို ထိခိုက်လာသည်။ ရှေးအခါကကဲ့သို့ မိသားစုစိတ်ဓာတ်ဖြင့် ထိန်းကျောင်းနိုင်ခြင်းငှာလည်း မတတ်သာတော့ပြီ။

ထိုသောအခါ ကျွန်တော်သည် တစ်ချိန်က သမ္မတနစ်ဆင် ညည်းတွားခဲ့သကဲ့သို့ပင် **“မြန်မာပြည်ကြီးမှာ လူတွေစိတ်မိုက်ရိုင်း တွေဝင်ပြီး ပျက်စီးနေကြပါပေါ့လား”**ဟု ညည်းတွားချင်စိတ် ပေါက်လာသည်။ ရိုင်ကြီးကဲ့သို့လည်း ကျွန်တော်တို့ငယ်စဉ်က ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် လေးစားတန်ဖိုးထားမှု၊ လူကြီးသူမတို့အပေါ် ရိုသေ ကိုင်းရှိုင်းမှု၊ ရိုးသားဖြူစင်မှုတို့ကို ပြန်ပြောင်းအောက်မေ့ သတိရလာ သည်။ ယဉ်ကျေးပျူငှာသော မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေ ချင်တော့ပါ။ ။

## သံဖြူဇရပ်မြို့နယ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သံဖြူဇရပ်မြို့နယ် ကျေးရွာ ၁၂ ရွာ၌ ငွေကျပ်သိန်း ၁၂၀၀ ဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သံဖြူဇရပ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကို ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် မြို့နယ်တွင်းရှိ စက်စဲ၊ လှာကမိုင်၊ ဝဲတော်၊ ဝင်းပတုပ်၊ အံခဲ၊ ထင်းရှူး၊ ဝင်းစိန်၊ ဖဲပဒေါ၊ ဂျော့၊ လင်မသာ၊ ပရန်ဒင်နှင့် အောက်ငှက်ပျော တောကျေးရွာတို့တွင် ရေပေးရေးလုပ်ငန်းနှစ်ခု၊ ရွာတွင်းလမ်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ၁၀ ခုအား ကျေးရွာနေပြည်သူများ၏ ပါဝင် ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

ဟန်မင်း

# ကိုဗစ်ကို ခုတုံးလုပ်လာနိုင်တဲ့ နိုင်ငံရေးအမြတ်ထုတ်မှုတွေကို သိမြင်ရှောင်ရှား

မိုးဟန်ဆွေဝင်း

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပတ်ဝန်းကျင်အပေါ်မှာ ကျေးဇူးပြုဖို့ ကြိုးစားရာမှာ မှန်ကန်တဲ့ရွေးချယ်မှုဖြစ်ဖို့ လိုအပ်ပါတယ်။

အမှန်၊ အရှိ ဖြစ်တည်မှုမဟုတ်ဘဲ စိတ်ကူးယဉ်မျှော်လင့်မှုတွေနဲ့ တည်ဆောက်ထားတဲ့ စိတ်ကူးယဉ်နိုင်ငံရေးကို ယုံကြည်ပြီး အသိမှား၊ အမြင်မှားမဖြစ်ဖို့ လိုအပ်ပါတယ်။ အပြုနဲ့အဖျက်ကို သိရှိကြရမှာဖြစ်ပါတယ်။ သို့အတွက် မှန်ကန်တဲ့အသိဉာဏ်၊ ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ရှိရမှာဖြစ်ပါတယ်။ အသိမှား၊ အမြင်မှားရှိနေရင် ဆုံးဖြတ်ချက်မှားနေမှာ ဖြစ်ပါတယ်။

ပြဿနာတစ်ခုကို ချဉ်းကပ်ရာမှာ အမှန်တရားကို ရှုမြင်တတ်ပြီး အသိပညာ၊ အတွေ့အကြုံ၊ လေ့လာဆင်ခြင်မှု စတာတွေပါ ပေါင်းစပ်သုံးသပ်မှသာ ဖြေရှင်းနိုင်မယ့်အဖြေကို ရရှိမှာဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာလည်း မျှမျှတတ မှန်မှန်ကန်ကန်ရှိရမှာပါ။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ လိုရာဆွဲ ပုံမဖော်သင့်ပါ။

**နိုင်ငံရေးအမြတ်ထုတ်နိုင်ဖို့ ကြိုးပမ်း**

အခုလို ကိုဗစ်-၁၉ ကြောင့် ကိုယ့်နိုင်ငံတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ စိန်ခေါ်မှုတွေရှိနေချိန်မှာ ပြည်သူ့ကျန်းမာရေးသည်သာ အဓိကဖြစ်နေတဲ့အချိန်။ ဒီအချိန်မှာ ပြည်သူတွေ ပိုခက်ခဲစေမယ့် အကြမ်းဖက်လုပ်ရပ်တွေ၊ နိုင်ငံရေးဆူပူမှုတွေနဲ့ အခွင့်ကောင်းမယူသင့်တဲ့အချိန်။ ကူးစက်မြန် ကိုဗစ်ကြောင့် မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ စသည်ဖြင့် ဆုံးရှုံးမှုတွေရှိနေတာကြောင့် ပူပန်စိုးရိမ်မှုတွေရှိနေတဲ့ ပြည်သူတွေကြားမှာ ကောလာဟလပေါင်းစုံ ဖြန့်ဝေပြီး မသမာသူတွေက နိုင်ငံရေးအမြတ်ထုတ်နိုင်ဖို့ ကြိုးပမ်းနေကြဆဲ။

ပြည်သူတွေကြား ကောလာဟလ ဖြန့်ရသည်မှာလည်း လွယ်ကူနေသည်က အမြတ်ထုတ်လိုသူတွေအတွက် အခွင့်အလမ်းတစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် လူမှုကွန်ရက်က မချိမဆန့်လော်နေတာတွေကိုလည်း သတိပြုရမယ့်အချိန်ပါ။ ဖေ့စ်ဘွတ်ပေါ်ကနေ လော်နေတဲ့ နိုင်ငံရေးသမားတစ်ဦး တင်ထားတဲ့ပို့စ်က မျက်လုံးပြူးစရာပါ။ ကိုဗစ်ကပ်ရောဂါဖြစ်နေတာမှန်ပေမယ့် တော်လှန်ရေးလုပ်ကြဖို့ သူ့ရဲ့ပြောဆိုလှုံ့ဆော်မှုတွေဟာ ကိုဗစ်ကို လျှော့တွက်တာလား၊ ပြည်သူတွေကို သူပြောတိုင်းလုပ်မယ်ထင်နေတာလား ဆိုတာတော့ သေချာမသိပါ။ ကိုဗစ်ကူးစက်မှု လျင်မြန်လွန်းလို့ မလိုအပ်ဘဲ အပြင်မထွက်ရမယ့်အချိန်မှာ နိုင်ငံရေးအတွက် ပြည်သူကိုအသုံးချဖို့ အမျိုးမျိုး စဉ်းစားနေတဲ့ နိုင်ငံရေးသမားတွေရဲ့အကြံက ကြောက်စရာပါ။

**သတိထားရမှာဖြစ်**

ဒါ့အပြင် နိုင်ငံရေးကို ခုတုံးလုပ်ပြီး ပြည်တွင်း၊ ပြည်ပ အလှူငွေနဲ့ ထောက်ပံ့ကြေးတွေတောင်းနေတဲ့ ကိုယ်ကျိုးရှာ ဝိသမလောဘသမားတွေရဲ့ အဖျက်ပယောဂတွေကိုလည်း သတိထားရမှာဖြစ်ပါတယ်။ အမှန်တော့ အခုအချိန်ဟာ ကိုဗစ်ကြောင့် ပြည်သူ့ကျန်းမာရေး အလေးပေးရမယ့် အချိန်အခါဆိုရင်လည်း မမှား။ ကျန်းမာရေးက အရေးအကြီးဆုံးဖြစ်နေပြီး ကျန်းမာရေးအသိ၊ သတိရှိရမယ့် အခြေအနေဖြစ်ပါတယ်။ သို့သော်လည်း မသမာသူတွေက ရှိနေဆဲမို့ ပျက်စီးရာပျက်စီးကြောင်းတွေ ကြံနေကြဆဲ။ တစ်နေ့က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာမြို့နယ် မြောက်ဥက္ကလာ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံက ကိုဗစ်လူနာတွေထားတဲ့ အထူးကြပ်မတ်ကုသဆောင်ကို ပေးပို့ထားတဲ့ အောက်ဆီဂျင်ပိုက်လိုင်းနဲ့ ကာရံထားတဲ့ အုတ်ခုံကို မသမာသူတချို့က ထုရိုက်ဖျက်ဆီးခဲ့ပါတယ်။

ဒီလိုဖျက်ဆီးခဲ့တဲ့အတွက် လူနာတွေအတွက် အောက်ဆီဂျင်ပေးဝေမှု ၂၅ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူတချို့ရဲ့အသက်ကို ထိခိုက်စေခဲ့ပါတယ်။ ဖျက်ဆီးမှုတွေကြောင့် ပိုက်လိုင်းအသစ်ကို အမြန်ဆုံးဆောင်ရွက်ပြီး လူနာတွေ ထပ်မံမဆုံးရှုံးအောင် ဆောင်ရွက်ခဲ့ရပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုရှိနေချိန်မှာ မသမာသူတွေရဲ့ လုပ်ရပ်တွေဟာ တစ်ပူပေါ် တစ်ပူဆင့်ဖြစ်နေစေပါတယ်။

ဒါတွေဟာ ဒီနေရာမှာပဲ ရပ်တန့်ပြီလားဆိုရင် မရပ်တန့်သေးပါ။ ပြည်ပက ကြိုးကိုင်လှုပ်ရှားမှုတွေနဲ့ ပြည်တွင်းက ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ ပူးပေါင်းကာ အဖျက်အမှောင့်လုပ်ရပ်တွေ ကျူးလွန်ဖို့အတွက် စိုင်းပြင်းနေကြပါတယ်။ နိုင်ငံတကာနဲ့ အပေးအယူမျှတယ်ဆိုတဲ့ ဝါဒမှိုင်းကိုလည်း ဖြန့်ကြပါတယ်။ တကယ်တော့ လက်ဆုပ်လက်ကိုင် ဘာမျှမရှိတဲ့ လေလှိုင်းပေါ်က အစိုးရအတွက် မျက်နှာသာပေးတဲ့ အပေးအယူ၊ အကူအညီတွေဟာ တစ်ချိန်မှာ ပြည်သူတွေကို ချည်လာနိုင်တဲ့ ကြိုးတွေမဖြစ်ဖို့ သတိပြုရမှာဖြစ်ပါတယ်။

**ထောင်ဆူမယ်၊ သံပုံးတီးမယ်၊ အကြမ်းဖက်မယ်၊ မြို့သိမ်းတိုက်ပွဲလုပ်မယ်၊ ပြည်တွင်းစစ် ဖြစ်စေရမယ်ဆိုတဲ့ အကြမ်းဖက်ဝါဒီတစ်စုရဲ့ အကြံတွေဟာ ပြည်သူ့အကျိုး တစ်ခုမျှ မပါ။ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့တွေနဲ့ ထောက်ခံတဲ့ မသမာသူတွေက အစိုးရကို ဦးတည်ပြီး ပြည်သူကို တိုက်ခိုက်နေဆဲပါ။ မဆိုသင့်စကား ဆိုပါရစေ။ အကယ်၍ မြို့သိမ်းတိုက်ပွဲအတွက် မြို့သိမ်းမယ့် အဖွဲ့တွေနဲ့ တပ်မတော်နဲ့ ထိပ်တိုက်တွေ့ကြပါပြီ ဆိုပါစို့။ မြို့ထဲက ပြည်သူက မြို့ထဲမှာ ဇာတ်ပွဲလို၊ အရပ်ပွဲလို အေးဆေးကြည့်နေလို့ ရလိမ့်မယ် မထင်။ အိုးပစ်အိမ်ပစ် ပြေးကြရမှာပါ။ ပြည်သူအနေနဲ့ ထောက်ခံချင်စရာ အကြောင်းတစ်ခုမျှမရှိပါ။**

**ဆိတ်ကွယ်ရိုးထုံးစံမရှိ**

**အမှန်တရားက ဖိနပ်စီးနေချိန်မှာ အမှားက ကမ္ဘာတစ်ပတ် ပတ်ပြီးပြီဆိုသလို အမှန်တရားအတွက် ရှင်းလင်းပြောဆိုပေမယ့် သတင်းအမှားတွေကတော့ ပြည်သူကြားမှာ ပလူပျံနေဆဲပါ။ လတ်တလော အင်းစိန်ထောင်ဖြစ်စဉ်က သာဓကပင်။ အင်းစိန်ထောင်နဲ့ ပတ်သက်ပြီး တစ်ဖက်က ကိုဗစ်ကို အကြောင်းပြပြီး ထောင်ဆူအောင်လှုံ့ဆော်ဖန်တီးကြသလို တစ်ဖက်က ထောင်တွင်းမှာ လူမျိုးတုံး သတ်ဖြတ်ခြင်းဖြစ်နေတယ်လို့ မဟုတ်မမှန် သတင်းလွှင့်ကြပါတယ်။ ဖြစ်စဉ်မှန်ကိုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြန်လည်ဖြေရှင်းပြီး ဖြစ်ပါတယ်။ အမှန်တရားဆိုသည်မှာ ဆိတ်ကွယ်ရိုးထုံးစံမရှိပါ။**

**အမှန်တရားက ဖိနပ်စီးနေချိန်မှာ အမှားက ကမ္ဘာတစ်ပတ် ပတ်ပြီးပြီဆိုသလို အမှန်တရားအတွက် ရှင်းလင်းပြောဆိုပေမယ့် သတင်းအမှားတွေကတော့ ပြည်သူကြားမှာ ပလူပျံနေဆဲပါ။ လတ်တလော အင်းစိန်ထောင်ဖြစ်စဉ်က သာဓကပင်။ အင်းစိန်ထောင်နဲ့ ပတ်သက်ပြီး တစ်ဖက်က ကိုဗစ်ကို အကြောင်းပြပြီး ထောင်ဆူအောင် လှုံ့ဆော်ဖန်တီးကြသလို တစ်ဖက်က ထောင်တွင်းမှာ လူမျိုးတုံးသတ်ဖြတ်ခြင်းဖြစ်နေတယ်လို့ မဟုတ်မမှန် သတင်းလွှင့်ကြပါတယ်။ ဖြစ်စဉ်မှန်ကိုတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြန်လည်ဖြေရှင်းပြီး ဖြစ်ပါတယ်။ အမှန်တရားဆိုသည်မှာ ဆိတ်ကွယ်ရိုးထုံးစံမရှိပါ။**

ဗုဒ္ဓဘာသာမှာဆိုရင် မြတ်စွာဘုရားက လက်ခံကျင့်သုံးအပ်သော အမှန်တရား ဓမ္မကို ဆယ်ချက်နဲ့ စိစစ်ဆုံးဖြတ်ဖို့ ဟောကြားဆုံးမထားပါတယ်။ ရှေးစကားဖြစ်ရုံနဲ့ အယူဝါဒတစ်ခုကို လက်မခံပါနဲ့။ ဓလေ့ထုံးစံဖြစ်ရုံနဲ့ အားလုံးကို အမှန်လို့ လက်မခံပါနဲ့။ လူအများပြောနေကြရုံနဲ့ မဆင်ခြင်ဘဲ အယူဝါဒကို လက်မခံပါနဲ့။ ရှေးဟောင်းစာပေကျမ်းဂန်တွေမှာ ပါတိုင်းလည်း လက်မခံပါနဲ့။ ကိုယ်ဉာဏ်ရှိသမျှတွေးခေါ်ကြံဆတဲ့ အယူဝါဒဆိုတိုင်း မှန်တယ်လို့ လက်မခံပါနဲ့။ အဲဒီအယူဝါဒမှာ ထောက်ပံ့အမှီပြုနိုင်တဲ့ နည်းလမ်းရှိတယ်ဆိုတိုင်း အလွယ်တကူလက်မခံပါနဲ့။ ကိုယ်တိုင်တွေးတောကြံစည်မိတိုင်း ဟုတ်တယ်ဆိုပြီး လက်မခံပါနဲ့။ ဒီအယူဝါဒတွေဟာ ကိုယ်တိုင်တွေးတောတာနဲ့တူတယ်ဆိုပြီး လက်မခံပါနဲ့။ အများက ရိုသေလေးစားသူ စကားမို့ဆိုကာလည်း လက်မခံပါနဲ့။ လေးစားချစ်ခင်တဲ့ ဆရာစကားမို့ ဆိုကာလည်း လက်မခံပါနဲ့လို့ ကာလာမသုတ္တန်မှာ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

ဘယ်သို့ဘယ်ပုံ၊ အမျိုးမျိုးအဖုံဖုံ ထင်ရာမြင်ရာတွေကို ပြောဆိုနေကြပေမယ့် အမှန်တရားကတော့ ရှိပြီးသားပါ။ အမှန်တရားကို ရှုမြင်တတ်ဖို့ပဲ လိုအပ်ပါတယ်။ အမှန်ဘက်လိုက်လို့ လူမုန်းများလည်း တစ်ခဏပါ။ လက်တွေ့မှာတော့ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့တွေရဲ့ သွားလမ်းဟာ ပြည်သူနဲ့ ဆန့်ကျင်ဘက်သို့ ဦးတည်နေပြီဖြစ်ပါတယ်။ တော်လှန်ရေးအမည်နဲ့ အကြမ်းဖက်လုပ်ရပ်တွေရဲ့ လားရာဟာ ဆုံးရှုံးနစ်နာမှုတွေပဲ ရနိုင်တယ်ဆိုတာကို သိမြင်ရမယ့်အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ကပ်ရောဂါကာလမှာ ကိုဗစ်ကို ခုတုံးလုပ်ပြီး ပြုလုပ်လာနိုင်တဲ့ နိုင်ငံရေးအမြတ်ထုတ်မှုတွေကို သိမြင်ရှောင်ရှားနိုင်ကြပါစေ။ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် အေးချမ်းစွာ ချဉ်းကပ်အဖြေရှာခြင်းနဲ့သာ လျှောက်လှမ်းသွားစေလိုတာကို ပြည်သူတစ်ဦးအနေနဲ့ ရေးသားတင်ပြလိုက်ပါတယ်။ ။

## လှိုင်းဘွဲ့မြို့နယ်၌ ချောင်းရေ မြင့်တက်မှုကြောင့် အိမ်ထောင်စု ၈၈ အုပ်စုအား ပြောင်းရွှေ့

**လှိုင်းဘွဲ့ ဇူလိုင် ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေကျဆင်းလာသဖြင့် လှိုင်းဘွဲ့ချောင်း၏ စိုးရိမ်ရေမှတ် ၉၈၀ စင်တီမီတာမှ ၁၀၄၀ စင်တီမီတာသို့ ရောက်ရှိပြီး မြို့ပေါ်ရှိရပ်ကွက်အချို့တွင် ရေများဝင်ရောက်လာသဖြင့် အိမ်ထောင်စုများ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

အဆိုပါပြောင်းရွှေ့နေရာချထားပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တပ်ရင်း/တပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်း (လှိုင်းဘွဲ့)နှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့(ဃ) ရပ်ကွက် ကုန်သည်လမ်းရှိ မြို့မဂျာမေဗလီ ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၃၇ စု၊ ကျား ၇၅ ဦး၊ မ ၁၀၅ ဦး စုစုပေါင်း ၁၈၀၊ အောင်ဆန်းခန်းမ ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၂၆ စု၊ ကျား ၆၂ ဦး၊ မ ၈၆ ဦး စုစုပေါင်း ၁၄၈ ဦး၊ ကမော့ကချူးကျေးရွာ၊ အခြေခံပညာ အထက်တန်း(ခွဲ)ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ရှစ်စု၊ ကျား ၁၈ ဦး၊ မ ၁၉ ဦး စုစုပေါင်း ၃၇ ဦးနှင့် ကမော့ကချူးကျေးရွာ Cyclone Shutter ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၇ စု၊ ကျား ၄၆ ဦး၊ မ ၄၅ ဦး စုစုပေါင်း ၉၁ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ အသီးသီး ပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရှိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေး ထိုးကြပါစို့

၁။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက် ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန်ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေးနည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ။ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုး မဝင်နိုင်အောင်လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးကဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီးလိုက်တဲ့အတွက် ရောဂါရဲ့နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေထွက်တာ လျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမှ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၁ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့်အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက် မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့် ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့နေထိုင်ရာဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကင်းဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးက ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

## နေပြည်တော်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အသက်(၆၅)နှစ်နှင့်အထက် ဒေသခံပြည်သူများကို ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် ဇူလိုင် ၂၇**

နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသည့် ဝန်ထမ်းများ ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C) ရုံ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကို ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာ ယနေ့တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသည့် ဝန်ထမ်း ၆၇၂ ဦးကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့မှ တပ်မတော်သားဆေးမှူး၊ ပါရဂူများ၊ စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ထိုးနှံပေးခြင်းဖြစ်သည်။

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသည့် ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇူလိုင် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်များအတွင်းရှိ အသက်(၆၅)နှစ်နှင့်အထက် ပြည်သူ စုစုပေါင်း ၁၃၅၀ တို့ကို သတ်မှတ်နေရာအသီးသီး၌ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကို ထိုးနှံပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၌ အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇူလိုင် ၂၅ ရက်က စတင်ထိုးနှံပေးခဲ့ပြီး ယနေ့နံနက် ၉ နာရီကလည်း မြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်နေရာများ၌ ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အောင်မြေသာစံမြို့နယ်၌ ဆေးထိုးစုရပ်များဖြစ်သော ဒေါနဘွားရပ်ကွက်၌ မုန့်တိုင်ဓမ္မာရုံ၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၌ ဒေါ်ဖီဓမ္မာရုံ၊ ပြည်ကြီးရန်လုံရပ်ကွက်၌ ကိုးခန်းဓမ္မာရုံ၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ ရွှေကျီးမြင်ဘုရား၌ ရွှေကျီးနားဓမ္မာရုံတို့တွင် အသက်(၆၅)နှစ်နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်သည်။ အဆိုပါ ကာကွယ်ဆေးထိုးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက ကာကွယ်ဆေးထိုးနှံပေးကြပြီး အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော် ဦးဆောင်၍ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဇော်လင်းဦး(အောင်စံ)**

## ဒေးဒရဲမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ဒေးဒရဲ ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိသော ပညာရေးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းကစတင်၍ မြို့နယ်ပြည်သူ့ဆေးရုံဟောင်းကြီး၌ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပညာရေးဌာနရှိ ဆရာ ဆရာမများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



# အခုဆိုရင် ကာကွယ်ဆေးတွေက မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ကာကွယ်ဆေး ရောက်ရှိမှုအနေနဲ့ ဇူလိုင်လ ၂၂၊ ၂၃၊ ၂၄ ရက် ဒီသုံးရက်မှာတင် ကာကွယ်ဆေး စုစုပေါင်း ၃ သန်း ရောက်ရှိလာပြီဖြစ်ပါတယ်

**ဒေါက်တာခင်ခင်ကြီး**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၂၆ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။




ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းစဉ်။

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

**ဒီနေ့မှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုအုပ်စုတွေကို ဦးစားပေးထိုးနှံပေးသွားမယ်ဆိုတာ သိပါရစေ။**

**ဒေါက်တာခင်ခင်ကြီး။** ။ အခုဆိုရင် ကာကွယ်ဆေးတွေက မြန်မာနိုင်ငံကို အလုံးအရင်းနဲ့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ကာကွယ်ဆေးရောက်ရှိမှုအနေနဲ့ ဇူလိုင်လ ၂၂၊၂၃၊၂၄ ရက် ဒီသုံးရက်မှာတင် ကာကွယ်ဆေးစုစုပေါင်း ၃ သန်း ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီနေရာမှာ Sinopharm ကာကွယ်ဆေးက ၂ သန်းနဲ့ ကျွန်မတို့ ဝယ်ယူထားတဲ့ Sinovac ကာကွယ်ဆေး တစ်သန်းပါဝင်ပါတယ်။

ဒါ့အပြင် ဩဂုတ်လပထမပတ်အတွင်းမှာလည်း ကာကွယ်ဆေးတစ်သန်းအပါအဝင် ကာကွယ်ဆေး ၆ သန်းက ဩဂုတ်လထဲမှာ ရောက်ရှိမှာဖြစ်ပါတယ်။ ဒီလိုရောက်ရှိတဲ့အခါမှာ ကာကွယ်ဆေးတွေကို ပြည်သူလူထုအား အလျင်အမြန်ထိုးနှံပေးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဘယ်လိုလူတွေကို ဦးစားပေးထိုးနှံပေးမလဲဆိုရင် ကာကွယ်ဆေးထိုးနှံပေးမယ့် အုပ်စု ၁၃ အုပ်စု သတ်မှတ်ထားပါတယ်။

### အဓိက ဦးတည်အုပ်စု

**အဓိက ဦးတည်အုပ်စုတွေက အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေ ပါဝင်ပါတယ်။ သူတို့က အသက်ကြီးတဲ့အပြင် နောက်ခံရောဂါကလည်း အများစုမှာရှိနေကြတာဖြစ်ပါတယ်။ အသက်အရွယ်ကြီးတဲ့အတွက် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုမှာ အန္တရာယ်ရှိတဲ့ လက္ခဏာတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် အသက်ကြီးတာနဲ့အတူ နောက်ဆက်တွဲ ရောဂါတွေကလည်း ရှိနေနိုင်ပြီး အသက်အန္တရာယ် ရှိနိုင်တဲ့အတွက် သူတို့က ဦးစားပေးအုပ်စုတွေရဲ့ ထိပ်ဆုံးမှာ ပါဝင်ပါတယ်။ အသက် ၆၅ နှစ်အထက်ကို ဦးစားပေးထိုးနှံပေးမှာ ဖြစ်ပါတယ်။**

ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ အခြားဝန်ထမ်းတွေက နောက်ထပ် ဦးစားပေးဖြစ်ပါတယ်။ နောက်ထပ်က ပုဂ္ဂလိကကျန်းမာရေး ဝန်ထမ်းတွေဖြစ်ပါတယ်။ ကျန်းမာရေး ဝန်ထမ်းတွေနဲ့အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှာ အင်တိုက်အားတိုက် အတူလက်တွဲလုပ်ကိုင်နေပြီး ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနိုင်တဲ့ ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းတွေဖြစ်ပါတယ်။

နောက် ဗော်လံတီယာတွေဖြစ်ပါတယ်။ ဗော်လံတီယာတွေဆိုတာ ကျွန်မလေးစားရတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပါဝင်ပါတယ်။ သူတို့သည် ဘာမှအကျိုးအမြတ်ကို ရယူလိုစိတ်၊ မျှော်ကိုးလိုစိတ်မရှိဘဲနဲ့ တကယ့်ကို ပြည်သူတွေအတွက် ပေးဆပ်ချင်တဲ့စိတ်နဲ့ ကြိုးစားပမ်းစား နေရာဒေသနယ်ပယ်တိုင်းမှာ လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကွာရန်တင်းစင်တာမှာဖြစ်ဖြစ်၊ လူနာတွေ ပို့ဆောင်ရာမှာဖြစ်ဖြစ်၊ သေဆုံးတဲ့လူနာတွေကို ပို့ဆောင်တဲ့ ကိစ္စမှာဖြစ်ဖြစ်၊ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ ဖြစ်ဖြစ် ဗော်လံတီယာတွေရဲ့ အခန်းကဏ္ဍအများကြီး ပါဝင်ပါတယ်။ ဒီဗော်လံတီယာတွေက ဦးစားပေးအုပ်စုထဲမှာ ပါဝင်ပါတယ်။ အထူးလေးစားရတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်ပါတယ်။

နောက်တစ်ခုက ရဟန်းသံဃာတွေ၊ သီလရှင်တွေနဲ့ ဘာသာရေးအဖွဲ့အစည်းတွေ ပါဝင်ပါတယ်။ နောက် လူအိုရုံတွေပါပါတယ်။ ဘဏ်လုပ်ငန်းတွေ ပါပါတယ်။ ပြီးရင် ပို့ဆောင်ဆက်သွယ်ရေး ကိစ္စရပ်တွေမှာ ဆောင်ရွက်နေတဲ့သူတွေ အကုန်လုံး ပါဝင်ပါတယ်။ ဒီနေရာမှာ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍနဲ့ဆိုင်တဲ့ လုပ်ငန်းတွေအကုန်လုံး အကျုံးဝင်ပါတယ်။ နောက်တစ်ခုက နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံတွေမှာ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်ပါတယ်။ ဟိုတယ်အပါအဝင် တည်းခိုခန်းတွေမှာ တာဝန်ထမ်းနေသူတွေပါဝင်ပါတယ်။ နောက်တစ်ခုက အကျဉ်းထောင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ စတဲ့အသေးစားလုပ်ငန်းတွေက ဝန်ထမ်းတွေပါဝင်ပါတယ်။ လောလောဆယ် ရည်မှန်းထားတဲ့အုပ်စုတွေက ဒီအုပ်စုတွေဖြစ်ပါတယ်။

### လူဦးရေ ၃ သန်းကို ထိုးနှံပေးသွားမှာဖြစ်

**အခုလက်ရှိမှာ ကာကွယ်ဆေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကနေ လှူဒါန်းတဲ့ Sinopharm ကာကွယ်ဆေး ၂ သန်း ရောက်ရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sinovac ကာကွယ်ဆေး ၂ သန်းအနက် တစ်သန်း ရောက်ရှိပြီးဖြစ်ပါတယ်။ ဒီရောက်ရှိနေတဲ့ ကာကွယ်ဆေး ၃ သန်းကို လူဦးရေ ၃ သန်းအား ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဒါဆိုရင် ကာကွယ်ဆေးက နှစ်ကြိမ်ထိုးနှံရတာဖြစ်တဲ့အတွက်ကြောင့် လူဦးရေ တစ်သန်းခွဲကိုသာ ထိုးနှံပေးမှာ မဟုတ်ဘူးလားလို့ မေးလို့ရပါတယ်။ ဒီရောက်ရှိလာတဲ့ ကာကွယ်ဆေး ၃ သန်းလုံးကို ပထမအကြိမ် ထိုးနှံပေးမယ့် လူဦးရေ ၃ သန်းလုံးအား ထိုးနှံပေးလိုက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆေးထိုးပေးမယ့် လူဦးရေ ၃ သန်းလို့ ပြောရခြင်းဖြစ်ပါတယ်။ နောက်ထပ် ဆက်တိုက်ရောက်ရှိလာမယ့် ကာကွယ်ဆေးတွေနဲ့ ဒုတိယအကြိမ် ထိုးနှံပေးမှာ ဖြစ်ပါတယ်။**

ဒါဆိုရင် လက်ရှိဦးစားပေးမှာ အသက် ၆၅ နှစ်အထက်တွေ ပါနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အသက် ၆၅ နှစ်အထက်က လူဦးရေအနေနဲ့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၂ ဒသမ ၈ သန်းရှိပါတယ်။ ဒီ ၂ ဒသမ ၈ သန်းထဲမှာ လူဦးရေ ၈ သိန်းက ပထမအကြိမ် Covishield ကာကွယ်ဆေးထိုးနှံပေးစဉ်မှာ ပါဝင်တယ်လို့ ကျွန်မတို့ တွက်ချက်ထားပါတယ်။ ဒါကြောင့် အခုထိုးပေးမယ့် ကာကွယ်ဆေး ၃ သန်းမှာ အသက် ၆၅ နှစ်အထက် လူဦးရေ နှစ်သန်းပါဝင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ သူတို့တွေက ဦးစားပေးအုပ်စုရဲ့ ထိပ်ဆုံးကနေ ထိုးနှံပေးမှာ ဖြစ်ပါတယ်။

**ဒီလို အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေကို ထိုးပေးရတဲ့ နောက်ထပ်ရည်ရွယ်ချက် ရှိပါတယ်။ သူတို့တွေမှာ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ် စသဖြင့် ဒီလို ရောဂါအခံတွေရှိတဲ့အတွက် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားရင် ရောဂါကူးစက်မှုကလည်း ပြင်းထန်တယ်၊ ရောဂါဝေဒနာကို ဆိုးဆိုးရွားရွားခံစားရတဲ့အပြင် ဆေးရုံတက်ရောက်ရတာများတယ်။ ဒါ့အပြင် ICU လို့ခေါ်တဲ့ အထူးကြပ်မတ်ကုသပေးရတဲ့ အဆင့်အထိ ရောက်တာများတဲ့အပြင် သေဆုံးနိုင်ခြေကလည်း များတဲ့အတွက် သူတို့ကို ဦးစားပေးထိုးနှံပေးရခြင်း ဖြစ်ပါတယ်။ ဒါကို တစ်နိုင်ငံလုံးရောက်အောင် ထိုးနှံပေးသွားမှာဖြစ်ပါတယ်။**

ဒီလို တစ်နိုင်ငံလုံးအရောက် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊

**ထက်လျှံ**

ခရိုင်၊ မြို့နယ်နဲ့ ရပ်ကွက်အလိုက် ဖွဲ့စည်းထားတဲ့ ကိုဗစ် – ၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအဖွဲ့တွေမှာ စာရင်းကောက်ယူပြီးသားရှိပါတယ်။ ဒီစာရင်းအတိုင်း သက်ဆိုင်ရာဆေးရုံတွေမှာ၊ ကာကွယ်ဆေးထိုးစုရပ်တွေမှာ တစ်နေ့ကိုကာကွယ်ဆေး ဘယ်နှယောက်ထိုးနှံပေးမယ်ဆိုတာက ဒီဆေးထိုးစုရပ်အလိုက် ထိုးနှံပေးမယ့် အရေအတွက်အပေါ် မူတည်ပါတယ်။

### အချိန်မီအကြောင်းကြားပေးသွားမှာဖြစ်

ဒီဆေးထိုးစုရပ်တွေမှာ လူစုလူဝေး မဖြစ်ဖို့အတွက် ဂရုတစိုက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ယခုလိုကာလမှာ သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေးထိုးနှံပေးချင်ကြတာက သားသမီးတွေနဲ့ မိသားစုတွေရဲ့ ဆန္ဒဖြစ်ပါတယ်။ ဒီဆန္ဒအတိုင်း တစ်ဦးတစ်ယောက်မှ မကျန်ရှိအောင် ကျွန်မတို့မှာ ဒေတာတွေ စနစ်တကျရှိပြီးဖြစ်တဲ့အတွက် စိတ်မပူပါနဲ့၊ သက်ဆိုင်ရာကာကွယ်ဆေးထိုးစုရပ်တွေမှာကာကွယ်ဆေးထိုးနှံရမယ့် အချိန်ကို အချိန်မီ အကြောင်းကြားပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အသက် ၆၅ နှစ်အထက် ပိုးတွေ့လူနာတွေ၊ ဆေးရုံတက်ရောက်ရတဲ့သူတွေရှိပါတယ်။ သူတို့တွေကို အလျင်စလို ကာကွယ်ဆေးထိုးပေးစရာ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ ကိုယ်ခံအားက ရှိပြီးသားဖြစ်နေတဲ့အတွက်ကြောင့်ပါ။ ဒီကိုယ်ခံအားကလည်း အနည်းဆုံး ၆ လအထိ နောက်ထပ်ရောဂါပိုးဝင်ရောက်လို့ ပြင်းပြင်းထန်ထန် ခံစားရမှုမရှိအောင် ကာကွယ်နိုင်ပါတယ်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ ကာကွယ်ဆေး အကန့်အသတ်ရှိတဲ့အခါမှာ ကိုဗစ်ရောဂါပိုးတွေ့ပြီးသားသူတွေက အသက် ၆၅ နှစ်အထက် သာမက မည်သည့်ပိုးတွေ့လူနာမဆို ၆ လလောက်အထိ ကာကွယ်နိုင်မှုရတယ်၊ ဒါကြောင့် ၆ လ ပြည့်ခါနီးမှ ထိုးပေးရင်ရတယ်လို့ ပြောကြားထားပေမယ့် ကျွန်မတို့က ဒီထက်စောပြီး ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒါကို နီးကပ်လာရင် ဒီထက် တိတိကျကျ ကျွန်မ ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့ ဒီလိုကာကွယ်ဆေးကို စောစော ထိုးနှံပေးရသလဲဆိုရင် Recent Round ကူးစက်မှု ရှိနေတဲ့ နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှုကို ဒီထက်စောစော ထိုးပေးသင့်တယ်လို့ အကြောင်းအချက်တစ်ခုအနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားတာရှိပါတယ်။ ဒါကြောင့် စောစော ကာကွယ်ဆေး ထိုးနှံပေးမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကုသမှုခံယူခဲ့သူတွေမှာ တချို့တွေက ပြန်ကောင်းလူနာတွေရဲ့ သွေးရည်ကြည်နဲ့ ကုသမှုခံယူခဲ့ရသူတွေပါပါတယ်။ တချို့တွေက Monoclonal Antibody နဲ့ ကုသမှုခံယူခဲ့တာ ရှိပါတယ်။ ဒီလိုကုသမှုခံယူခဲ့သူတွေကို ရက် ၉၀ အကြာမှာ ကာကွယ်ဆေးထိုးနှံပေးရမယ်လို့ ပြောထားပါတယ်။ ဒါကဘာလဲဆိုရင် ကာကွယ်ဆေးထိုးလိုက်တယ်၊ ကာကွယ်ဆေးကြောင့် ကိုယ်ခံအားတွေက တက်လာမယ်၊ ပဋိပစ္စည်းတွေ ထုတ်လုပ်မယ်၊ ဆောင်ရွက်မယ် ဒီအခါမှာ ခန္ဓာကိုယ်ထဲကို အရင်ရောက်နေတဲ့ ပြန်ကောင်းလူနာရဲ့ သွေးရည်ကြည်တွေနဲ့

စာမျက်နှာ ၁၁ သို့ ❍

❍ စာမျက်နှာ ၁၀ မှ

မလိုလားအပ်တဲ့ ရှုပ်ထွေးမှု တွေ မဖြစ်ပေါ်စေချင်လို့ ဖြစ်ပါတယ်။ ဒါကို ပြည်သူတွေနဲ့ ဆေးထိုးရမယ့်သူတွေ သိပြီလို့ ထင်ပါတယ်။

တချို့တွေက အမေ့မှာ သွေးတိုးရှိတယ်၊ ဆီးချိုရှိတယ်၊ နှလုံးရောဂါရှိတယ်၊ ကျောက်ကပ်ရှိတယ်၊ ကင်ဆာဝေဒနာရှိတယ် ဒါကြောင့် ကာကွယ်ဆေးထိုးလို့ ဖြစ်မလားဆိုပြီး စိုးရိမ်ကြပါတယ်။ သူတို့တွေက ကာကွယ်ဆေးထိုးနှံဖို့ အသင့်ဆုံးအုပ်စုတွေ ဖြစ်ပါတယ်။

**အစီအစဉ်မှူး**။ ။ ကာကွယ် ဆေးနဲ့ ပတ်သက်ပြီး အခြားသိထားသင့်တဲ့ အကြောင်းအရာတွေကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး**။ ။ ကာကွယ်ဆေးတွေက ကာကွယ်နိုင်မှု အာနိသင်ကောင်းမွန်ပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံကထုတ်တဲ့ Sinopharm နဲ့ Sinovac ကာကွယ်ဆေးနှစ်ခုစလုံးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေး ၁၀ မျိုးထဲမှာ ပါဝင်ပါတယ်။ နောက်ထပ် mRNA ကာကွယ်ဆေး Pfizer နဲ့ Moderna နှစ်မျိုး၊ တစ်ခါထိုးရုံနဲ့ လုံလောက်တယ်ဆိုတဲ့ johnson and Johnson၊ Sinopharm နဲ့ Sinovac အဲဒီအပြင် AstraZeneca ကို covishield နာမည်နဲ့ ထုတ်တဲ့ အိန္ဒိယနဲ့ မူရင်း AstraZeneca Oxford ကထုတ်တာနဲ့၊ AstraZeneca တောင်ကိုရီးယားဆိုပြီး အရင်က ရှစ်မျိုးဖြစ်ပါတယ်။

အခုနောက်ထပ်တိုးတဲ့ နှစ်မျိုးက ဂျပန်နိုင်ငံက ထုတ်တဲ့ AstraZeneca နဲ့ ဩစတြေးလျက ထုတ်တဲ့ AstraZeneca ဒါဆိုရင် AstraZeneca အုပ်စုက ငါးမျိုးဖြစ်သွားပါပြီ။ ကာကွယ်ဆေး ၁၀ မျိုးထဲမှာ Sinopharm နဲ့ Sinovac နှစ်မျိုးစလုံးက အကျုံးဝင်ပါတယ်။ WHO က အသုံးပြုခွင့်ပေးတယ်ဆိုတဲ့ ကာကွယ်ဆေးတွေရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှု၊ ထိရောက်မှုက မေးခွန်းထုတ်စရာ မလိုပါဘူး။ သို့သော် ကာကွယ်ဆေးတွေ မှန်သမျှသည် အချိန်တိုအတွင်းမှာ ထိုးရတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်။ သုတေသနပြုမှုတွေက အမြန်လုပ်ရတာတွေ ရှိပါတယ်။ သုတေသနပြုမှု တစ်ခုနဲ့တစ်ခုအပေါ် မူတည်ပြီး အနည်းငယ်ကွဲပြားခြားနားတာရှိပေမယ့် Sinopharm ရော၊ Sinovac ရောဂါကာကွယ်ဆေးရဲ့ ထိရောက်မှုက ကောင်းမွန်တယ်ဆိုတာ WHO က Chief Scientist ကလည်း ပြောကြားထားပြီး ဖြစ်ပါတယ်။

ပြင်းထန်နာမကျန်းဖြစ်မှု၊ ဆေးရုံတက်ရောက်ရမှုတွေကနေ နှစ်ခုစလုံးက ကာကွယ်တယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါ့အပြင် လက်ရှိ WHO အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေ အားလုံးသည် ဗီဇပြောင်းမျိုးတွေကိုလည်း ၆၀ နဲ့ ၇၀ ရာခိုင်နှုန်းအထက် ကာကွယ်တယ်လို့ ပြောထားတာဖြစ်တဲ့အတွက် ကျွန်မတို့သည် လက်ရှိ WHO အသိအမှတ်ပြုတဲ့ ကာကွယ်ဆေးတွေကို ရရှိလာပြီ၊ ဒီရောဂါကို ကာကွယ်နိုင်တဲ့ ဒိုင်းနဲ့တူတဲ့ ကာကွယ်ဆေးတွေလည်းရရှိလာပြီဆိုတော့ ကာကွယ်ဆေးထိုးဖို့ တာဝန်က ပြည်သူတွေရဲ့တာဝန်ပဲ ဖြစ်ပါတယ်ဆိုတာပြောလိုပါတယ်။

ဒီနေရာမှာ အများစုက မေးကြတာရှိပါတယ်။ ဒီကာကွယ်ဆေးတွေဟာ ကိုယ်ဝန်ဆောင်တွေ ထိုးလို့ရသလား၊ နို့တိုက်မိခင်တွေ ထိုးလို့ရသလား၊ ကိုယ်ဝန်ယူဖို့ ပြင်ဆင်နေတဲ့သူတွေရော ထိုးလို့ရသလား၊ HIV / AIDS၊ ကင်ဆာရောဂါ ခံစားနေရတဲ့သူတွေရော ထိုးလို့ရသလား စသဖြင့် မေးလာကြပါတယ်။ ဘေးကင်းလုံခြုံစွာထိုးနှံလို့ ရ/မရ သိချင်ကြတဲ့ အရေးကြီးတဲ့အချက်တွေ ဖြစ်ပါတယ်။

အစပိုင်းကာလမှာ ကာကွယ်ဆေးတွေကို စမ်းသပ်တဲ့အခါ ကိုယ်ဝန်ဆောင်တွေ၊ ကလေးငယ်တွေ၊ အသက်အရွယ်ကြီးရင့်တဲ့သူတွေ Clinical Trial လို့ခေါ်တဲ့ လူမှာစမ်းသပ်တဲ့ ကိစ္စရပ်တွေမှာ သူတို့ဟာ မပါသလောက်နည်းပါတယ်။ အစပိုင်းကာလ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှာ covishield ဆေးစ ထိုးပေးတယ်။ ဇန်နဝါရီလ ၂၂ ရက်မှာမှ အသိအမှတ်ပြုတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကာကွယ်ဆေးတွေရဲ့ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှုက သူတို့ တွေမှာ စမ်းသပ်ထားတာနည်းတဲ့အတွက် Risk နဲ့ Benefit ကို ချင့်ချိန်ပြီး ကျန်းမာရေးဝန်ထမ်း၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်တွေ၊ အန္တရာယ်ရှိတဲ့သူတွေကို ထိုးပေးသင့်တယ်လို့ အရင်ကပြောထားတာ ရှိပါတယ်။

**စိတ်ချစွာထိုးနှံနိုင်**

**သို့သော် နောက်ပိုင်း သုတေသနတွေ့ရှိချက်တွေအရ ကာကွယ်ဆေးတွေသည် ပိုးတွေကို အင်အားချည့်နဲ့အောင်၊ အင်အားမဲ့အောင် သတ်ထားတဲ့ ကာကွယ်ဆေးတွေဖြစ်တယ်။ အချို့ကာကွယ်ဆေးတွေက အန္တရာယ်မရှိတဲ့ Viral vector လို့ခေါ်တဲ့ ပိုးတွေကိုယူပြီး ကိုယ်ခံအားတွေ တက်အောင် လုပ်ထားတဲ့ ကာကွယ်ဆေးတွေဖြစ်တယ်။ အချို့ကာကွယ်ဆေးတွေက RNA Nucleus ကိုယူပြီး လုပ်ထားတာဖြစ်တယ်။ ကာကွယ်ဆေးတွေ အားလုံးသည် Live Virus လို့ခေါ်တဲ့ ပိုးအရှင်ကို သုံးထားခြင်းမရှိပါဘူး။ နို့တိုက်မိခင်တွေ၊ ကိုယ်ဝန်ဆောင်တွေ၊ ကိုယ်ဝန်ယူဖို့ ပြင်ဆင်နေတဲ့သူတွေ စိတ်ချစွာ ထိုးနှံနိုင်ပါတယ်။**

လက်ရှိကမ္ဘာကြီးမှာ ရောဂါကူးစက်မှုတွေက ပြင်းထန်ပါတယ်။ ရောဂါကူးစက်မှုတွေ များလာတယ်ဆိုရင် ကိုယ်ဝန်ဆောင်တွေက အသက်နှစ်သက်ဖြစ်တဲ့အတွက် ပိုပြီးအန္တရာယ်ရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင် ကိုဗစ် – ၁၉ ကူးစက်ခံရပြီဆိုရင် သူ့အတွက် အသက်အန္တရာယ်ရှိသလို သူကနေမွေးလာတဲ့ကလေးမှာ ပေါင်မပြည့်မွေးလာတာ၊ နေ့မစေ့လမစေ့ မွေးလာတာ၊ မွေးပြီး အထူးကြပ်မတ်ကုသပြီး အသက်ကယ်ရတဲ့အဖြစ်မျိုးတွေကလည်း ဆက်စပ်မှုတွေ ရှိပါတယ်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်တွေမှာ အသက် ၃၅ နှစ်အထက် ကိုယ်ဝန်ဆောင်မိခင်တွေ၊ ဝတဲ့သူ၊ နောက်ခံ သွေးတိုး၊ ဆီးချို ရှိတဲ့သူတွေမှာ ဒီအန္တရာယ်က ပိုများပါတယ်။

ဒါကြောင့် WHO က ကိုယ်ဝန်ဆောင်မိခင်တွေ၊ နို့တိုက်မိခင်တွေ၊ ကိုယ်ဝန်ဆောင်ဖို့ ပြင်ဆင်နေသူတွေ ယုတ်စွအဆုံး ရာသီလာနေစဉ်တောင်မှ ဒီကာကွယ်ဆေးတွေကို စိတ်ချလက်ချထိုးနှံလို့ရပါတယ်ဆိုပြီး ပြောထားပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့အတွက် နို့တိုက်မိခင်တွေက ကာကွယ်ဆေးထိုးပြီးနောက် နို့တိုက်တာကို ရပ်ထားရတာတွေ မလိုပါဘူးဆိုတဲ့အကြောင်းကို တစ်လက်စတည်း ပြောလိုပါတယ်။

နောက်ထပ်မေးခွန်းက အရင်တုန်းက ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားတယ်၊ အခုကာကွယ်ဆေးထပ်ရောက်လာပြီ။ ထပ်ထိုးဖို့သင့်သလားဆိုပြီး မေးထားတာရှိပါတယ်။ လက်ရှိအနေအထားအရ ကာကွယ်ဆေးနှစ်ကြိမ်ထိုးခြင်းသည် လုံလောက်မှုရှိပါတယ်။ ရောဂါပိုးကူးစက်ခံရရင်တောင်မှ သာမန်နဲ့ ဆိုးဆိုးရွားရွား ဝေဒနာခံစားရတာမျိုးမရှိပါဘူး။ ကမ္ဘာမှာ ကာကွယ်ဆေးရရှိမှုနဲ့ ကာကွယ်ဆေးရဲ့ လိုအပ်ချက်က ကွာဟချက်တွေရှိပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ကာကွယ်ဆေးတွေ အများကြီးထိုးနှံနိုင်ပေမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကာကွယ်ဆေးထိုးနှံမှု အားနည်းပါတယ်။

လက်ရှိအနေအထားအရ ကျွန်မတို့သည် ကာကွယ်ဆေး ၁ ဒသမ ၇ သန်းပဲ ထိုးနှံထားပါတယ်။ ကာကွယ်ဆေးထိုးပေးရမယ့် အသက် ၁၈ နှစ်အထက် ဦးတည်အုပ်စုက ၃၈ ဒသမ ၃ သန်းဆိုတော့ ထိုးနှံတဲ့ ကာကွယ်ဆေး ပမာဏကအခုလက်ရှိမှာ လေးရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ အခုကာကွယ်ဆေးတွေလည်း လက်ထဲမှာ ရောက်နေပြီ။ အမြန်ထိုးနှံပေးတော့မယ်။ ဒီတော့ ကာကွယ်ဆေး တစ်ကြိမ်မှမထိုးရသေးတဲ့သူတွေကို ထိုးနှံဖို့ အခွင့်အရေးပေးစေချင်ပါတယ်။

နှစ်ကြိမ်ထိုးထားတဲ့သူတွေအတွက်က သေချာပါတယ်။ ကာကွယ်ဆေးထိုးထားတဲ့အတွက်ကြောင့် သေဆုံးတဲ့အထိဖြစ်ဖို့၊ ပြင်းထန်ဝေဒနာခံစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ တတိယအကြိမ် ထိုးဖို့မလိုပါဘူး။ WHO က ကာကွယ်ဆေး တတိယအကြိမ် ထိုးဖို့လိုတယ်ဆိုတာ မပြောသေးပါဘူး။ နှစ်ကြိမ်ထိုးပြီးသားလူတွေက ထိုးလို့မရပါဘူး။ လုံးဝမထိုးရသေးတဲ့လူတွေကို ဦးစားပေးဖို့လိုပါတယ်။

နောက်တစ်ချက်က ကာကွယ်ဆေးထိုးနှံတဲ့အခါ နောက်ထပ်ဦးစားပေး ထိုးနှံရမယ့်လူတွေက ခုခံအားကျဆင်းနေသူတွေ၊ HIV ပိုးကူးစက်ခံရသူတွေ၊ အခြားရောဂါကြောင့် ကိုယ်ခံအားကျဆင်းတဲ့ဆေးတွေ သောက်နေရသူတွေဆိုရင် သက်ဆိုင်ရာဆရာဝန်နဲ့ ဆွေးနွေးမှုတွေလုပ်ပြီး ထိုးနိုင်ပါတယ်။ ကိုယ်ခံအားကျနေတယ်ဆိုရင် ဆရာဝန်နဲ့ ကြိုတင်တိုင်ပင်ပြီး ထိုးနှံသင့်ပါတယ်။

နောက်တစ်ခုက အသည်းအစားထိုးထားသူတွေ၊ ကျောက်ကပ် အစားထိုးထားသူတွေကလည်း ကာကွယ်ဆေးကို ထိုးနှံနိုင်ပါတယ်။ ယခင်က ကာကယ်ဆေးတစ်ကြိမ်ထိုးထားပြီးတဲ့သူတွေက ရော အခုကာကွယ်ဆေးတွေရလာပြီ၊ ထပ်ထိုးရမလား ဆိုရင် အခုလက်ရှိကာကွယ်ဆေးတွေသည် တစ်ခုနဲ့တစ်ခုပြောင်းလဲပြီး ထိုးဖို့အတွက် WHO က မပြောထားပါဘူး။ အရင်က ကာကွယ်ဆေး covishield ထိုးထားသူဆိုရင် covishield ကို ဒုတိယအကြိမ် ထပ်ထိုးသင့်ပါတယ်။ covishield ထိုးနှံထားတဲ့ အများစုသည် နှစ်ကြိမ်လောက် ပြည့်ပြည့်ဝဝ ထိုးနှံထားပြီး ဖြစ်ပါတယ်။ covishield နည်းနည်း ပိုလျှံတဲ့အခါ တစ်ကြိမ်ပဲရရဆိုပြီး ထိုးပေးထားတဲ့သူတွေလည်းရှိပါတယ်။ မကြာမီမှာ အိန္ဒိယကလည်း ဆေးတွေ ထပ်ရလာဖွယ်ရှိပါတယ်။

**အချိန်ခြောက်လ အထိခြားလို့ရ**

လက်ရှိပိုးတွေ့မှု အများဆုံးက အိန္ဒိယမဟုတ်ပါဘူး။ အင်ဒိုနီးရှား ဖြစ်သွားပါပြီ။ အိန္ဒိယရဲ့ အခြေအနေက ဖြစ်ပွားမှုနဲ့ သေဆုံးမှုကျဆင်းလာတာကို တွေ့ရတဲ့အတွက် သူတို့ဆီက ကာကွယ်ဆေးတွေလည်း ကျွန်မတို့ ဝယ်ထားပြီးသားဖြစ်တဲ့အတွက် ရောက်ရှိလာဖွယ်ရှိပါတယ်။ ဒါဆိုရင် သူတို့ ထိုးနှံနိုင်မှာဖြစ်ပါတယ်။ အချိန်ခြားသွားပြီလို့ ပြောရင်တော့ အိန္ဒိယရဲ့ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းက covishield သည် အချိန်ခြောက်လအထိ ခြားလို့ရပါတယ်လို့ ပြောထားတာရှိပါတယ်။

**ကျန်းမာရေးဝန်ထမ်းတွေက ကိုဗစ် – ၁၉ လူနာတွေကို အမြဲထိတွေ့ ကိုင်တွယ်နေရတော့ သူတို့တွေရဲ့ ဆန္ဒအရ ထိုးမယ်ဆိုရင် အခုရောက်ရှိနေတဲ့ Sinopharm ကို ထိုပေးတာတွေ့ရှိပါတယ်။ ဒါက ချွင်းချက်အနေနဲ့ ထိုးပေးတာဖြစ်ပါတယ်။ Sinopharm နဲ့ Sinovac သည် တကယ်အာနိသင် ကောင်းမွန်တဲ့ ကာကွယ်ဆေးတွေ ဖြစ်ပါတယ်။ ဒီနှစ်ခုစလုံးက WHO ရဲ့ စံသတ်မှတ်ချက်တွေ အကုန်လုံးနဲ့ ကိုက်ညီပြီး သူတို့ရဲ့ သုတေသနပြုချက် အမျိုးမျိုးကနေ တကယ်ထိရောက်တယ်၊ ကောင်းမွန်တယ်ဆိုတာ သက်သေခံနိုင်တဲ့အတွက်ကြောင့် ပြည်တွင်းက ပြည်သူတွေကို ထိုးနှံပေးတာဖြစ်ပါတယ်။ လက်ရှိထိုးနှံခွင့်ရတဲ့ ကာကွယ်ဆေးသည် အကောင်းဆုံးဖြစ်ပါတယ်။ မြန်မြန် ကာကွယ်ဆေးတွေ ထိုးမယ်။ ကာကွယ်မှုတွေ မြန်မြန်ရယူလိုက်ပြီး ဒီရောဂါဆိုးကြီးက ကျွန်မတို့ကို တိုက်ခိုက်ဖျက်ဆီး နှိပ်စက်သေဆုံးတဲ့အထိ ဖြစ်စေခြင်းက ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကို ပြည်သူတွေကို သိစေချင်ပါတယ်။**

ကာကွယ်ဆေးက ထိရောက်ပါတယ်။ အစွမ်းထက်ပါတယ်။ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန် လူများများနဲ့ အရှိန်အဟုန်မြှင့်မြှင့် ထိုးနှံလိုက်မယ်ဆိုရင် ကိုယ်ခံအားတွေ တက်လာမယ်။ ကိုယ်ခံအားတွေတက်လာရင် ရောဂါပိုးကြောင့် ထိခိုက်မှုကနေ ကာကွယ်နိုင်ပါတယ်။ ကာကွယ်ဆေးက နှစ်ကြိမ်ထိုးဖို့ လိုပါတယ်။ နှစ်ကြိမ်ထိုးတဲ့အခါမှသာ သူ့ရဲ့ ကာကွယ်နိုင်မှုက ပြည့်ပြည့်ဝဝရမှာ ဖြစ်ပါတယ်။

ဒီတော့ ကာကွယ်ဆေးကို နှစ်ကြိမ်အပြည့်ထိုးနှံဖို့ကိုလည်း ပြောချင်ပါတယ်။ နောက်တစ်ခုက ကာကွယ်ဆေးထိုးနှံပြီး ရောဂါကူးစက်မှုကို ဖြတ်တောက်ခြင်းကလည်း ကမ္ဘာ့ကပ်ရောဂါကြီးကို ဖြတ်တောက်ဖို့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ အခုကမ္ဘာပေါ်မှာ ဗိုင်းရပ်စ်မျိုးကွဲတွေ အမျိုးမျိုးပေါ်နေပါတယ်။ ကိုဗစ်ဗိုင်းရပ်စ်မျိုးကွဲတွေ မပေါ်ဖို့ သူတို့တွေကို ဖြတ်တောက်နိုင်ဖို့ အဓိကလုပ်ဆောင်ရမှာက ကူးစက်မှုကို ဖြတ်တောက်ဖို့ပါ။ ဒီလိုဖြတ်တောက်ရာမှာ ကာကွယ်ဆေးထိုးခြင်းက အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။

ကာကွယ်ဆေးထိုးထားပြီးပြီ၊ အခြားကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာဖို့ မလိုဘူးလားဆိုရင် လိုပါသေးတယ်။ ကာကွယ်ဆေးတွေက ၁၀၀ ရာခိုင်နှုန်း မကာကွယ်ပါဘူး။ ကာကွယ်ဆေးထိုးလိုက်လို့ ၁၀၀ ရာခိုင်နှုန်း ရောဂါမဖြစ်တော့ဘူးလို့ ဆိုလိုခြင်းမဟုတ်ပါဘူး။ ၁၀၀ ထဲမှာမှ အချို့သောသူတွေဟာ ကိုယ်ခံအားနည်းမယ်၊ ကူးစက်ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို မလိုက်နာတဲ့သူတွေမှာ ပြန်ကူးစက်နိုင်ပါတယ်။ ကူးစက်ပေမယ့် ဆိုးရွားစွာမဖြစ်ပါဘူး။

**ဒါကြောင့် ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူဖြစ်စေ၊ နှစ်ကြိမ်အပြည့်ထိုးပြီးသူဖြစ်စေ ကိုဗစ်– ၁၉ စည်းကမ်းချက်တွေကို သေသေချာချာ လိုက်နာဖို့လိုပါတယ်။ ဘယ်သွားသွား ပါးစပ်နှာခေါင်းစည်း Mask တပ်ဖို့ အရေးကြီးပါတယ်။ ထိရောက်တဲ့ ကာကွယ်နိုင်မှုဖြစ်ပါတယ်။ အလွန်လွယ်ကူပါတယ်။ သို့သော် လူတွေက Mask တပ်ဖို့ မေ့လျော့နေကြတယ်။ တစ်ခါတလေ ပေါ့လျော့နေကြတယ်။ လွယ်လွန်းတော့လည်း တန်ဖိုးမထားသလိုဖြစ်နေတယ်။ တချို့တွေ ကြည့်လိုက်မယ်ဆိုရင် Mask က မေးစေ့မှာရောက်နေတာ၊ နှာခေါင်းဖော်ပြီး တပ်ထားတာ၊ Mask တော့တပ်ထားတယ်၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောတဲ့အခါ အားမရဘူးဆိုပြီး ပြောတာမျိုးတွေက ကူးစက်နိုင်ဖို့ အခွင့်အလမ်းများပါတယ်။ မလုပ်သင့်ပါဘူး။**

တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေဖို့ကလည်း အရေးကြီးပါတယ်။ ကမ္ဘာပေါ်မှာ ဖြစ်ပွားနေတဲ့ ဒယ်လ်တာဗိုင်းရပ်စ်က ကူးစက်မှုရဲ့ အဓိကလက်သည်ဖြစ်ပါတယ်။ ကူးစက်မှုတွေက မြန်ပါတယ်။ မိမိရဲ့ မိသားစုဝင်အချင်းချင်း၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း တစ်တိုက်တည်းနေသူအချင်းချင်း၊ တစ်မိုးအောက်မှာ နေသူအချင်းချင်းက ကူးစက်မှုက အလွန်မြန်ပါတယ်။

**ပါးစပ်နှာခေါင်းစည်းတပ်ဖို့လို**

အရင်တုန်းက တစ်ယောက်က တစ်ယောက်ကို ကူးစက်နိုင်မှုက ၂ ဒသမ ၅၊ နှစ်ယောက်ခွဲလောက်ပဲ ကူးစက်နိုင်ပေမယ့် ဒယ်လ်တာ မျိုးဗီဇက ငါးယောက်ကနေ ရှစ်ယောက်အထိ ကူးစက်နိုင်ပါတယ်။ အယ်လ်ဖာနဲ့နှိုင်းယှဉ်ရင် ၆၀ ရာခိုင်နှုန်း ပိုမြန်ပါတယ်။ ၆၀ ရာခိုင်နှုန်းသည် အဆ ၆၀ မဟုတ်ပါဘူး။ ၁ ဒသမ ၆ ဆ ဖြစ်ပါတယ်။ ဒါကြောင့် ပါးစပ်နှာခေါင်းစည်းတပ်ဖို့လိုပါတယ်။ လူအုပ်စုကို ရှောင်ဖို့လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံးခြောက်ပေအကွာနေဖို့ လိုပါတယ်။ လက်ကို သန့်ရှင်းစွာထားဖို့လိုပါတယ်။ လေကောင်းလေသန့်ရဖို့လိုပါတယ်။ ပြတင်းပေါက်တွေဖွင့်ထားပါ။ လေတွေနဲ့အတူ ရောဂါပိုးတွေပါလာမယ်လို့ မတွေးပါနဲ့။ ပြတင်းပေါက်တွေ ဖွင့်ထားမှသာ ရောဂါပိုးတွေသေမှာ၊ ကိုယ့်ဆီမကပ်ငြိမှာဖြစ်ပါတယ်။

နောက်တစ်ခုအရေးကြီးတာက ကာကွယ်ဆေးတွေရမယ်ဆိုရင် အလျင်အမြန် ထိုးပေးပါ။ ဒီလိုထိုးပေးခြင်းက မိမိကိုယ်တိုင်အတွက်ရော မိသားစုဝင်တွေအတွက်ပါအကျုံးဝင်ပြီး ကောင်းကျိုးတွေရရှိမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးမှာဖြစ်တဲ့အတွက် ဆန္ဒမစောပါနဲ့။ ကျွန်မတို့ပြောထားတဲ့ အုပ်စုတွေထဲမှာ မိသားစုဝင်တွေကလည်း တစ်ခုမဟုတ်တစ်ခုနဲ့ ပါဝင်နေမှာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် နှစ်ကုန်မှာ ကာကွယ်ဆေးရရှိဖို့ အကျုံးဝင်တဲ့ ၁၈ နှစ်အထက် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကို ထိုးနှံဖို့အမြန်ဆုံးဆောင်ရွက်နေပါတယ်လို့ ပြောချင်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းဖြင့် ကိုဗစ် – ၁၉ ရောဂါကနေ ကာကွယ်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ။

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၁၁၇ ဦး ထပ်မံတွေ့ရှိ



**ကွာလာလမ်ပူ ဇူလိုင် ၂၇**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၁၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၄၄၀၇၁ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ယင်းသို့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၁၁၇ ဦးအနက် ၁၆၀၉၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၆ ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟစ်ရှမ်အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၄၀၈ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၁၅၂၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၆၅၄၃၉ ဦး ရှိလာပြီး ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ ၈၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၇၀၂၂၄ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၀၂၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ၅၂၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၈၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၂၇**
ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၈၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ယနေ့အထိ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၅၆၂၄၂၀ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်အတွင်း လူနာ ၇၂ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၂၇၃၁၈ ဦး ရှိလာကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ လုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ နိုင်ငံ၏ လူဦးရေသန်း ၁၁၀ ခန့်ရှိသည့်အနက် ၁၅ သန်းကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်အပါအဝင် ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုရပ်တန့်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- ဂျေတီ

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၁၇ သန်းကျော် ရှိလာ

**မော်စကို ဇူလိုင် ၂၇**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀၃၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၁၇၂၈၁၂ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အလားတူ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇၉ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၅၅၃၈၀ ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၂၀၁၁၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၅၅၂၆၉၅၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၂၃ ဦး ရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၉၃၃၃၀ ရှိလာကြောင်း သိရသည်။

မော်စကိုမြို့၌ ကူးစက်ခံရသူအရေအတွက် တစ်သန်းကျော်အထိ မြင့်တက်ခဲ့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်ကမူ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မော်စကိုမြို့တော်ဝန် ဆာဂျီဆိုဘိုင်ယာနင်က ယနေ့တွင် ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်





# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ခြောက်ကြိမ်မြောက်အဖြစ် ဇင်ဘာဘွေနိုင်ငံ လက်ခံရရှိ

**ဟာရာရီ ဇူလိုင် ၂၇**
ဇင်ဘာဘွေနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ခြောက်ကြိမ်မြောက်အဖြစ် ဇူလိုင် ၂၅ ရက်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် ဇင်ဘာဘွေနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု ဇင်ဘာဘွေနိုင်ငံသို့ ရောက်ရှိလာသည့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်ပြီး ဇူလိုင် ၂၉ ရက်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်းနှင့် ဩဂုတ်လတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး အမ်သူလီအင်န်ကူဘီက ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံသည် ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ အနည်းဆုံး ၁၀ သန်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ဇင်ဘာဘွေနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းဖြစ်ပွားမှုကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၃၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ယနေ့အထိ ဇင်ဘာဘွေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၇၂၇၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၄၆၂၈ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်



# တရုတ်နိုင်ငံ နန်ဂျင်းမြို့၌ လူအစုလိုက်အပြုံလိုက် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရဟု တာဝန်ရှိသူများပြောကြား

**နန်ဂျင်း ဇူလိုင် ၂၇**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းဇုပြည်နယ် နန်ဂျင်းမြို့၌ မကြာသေးမီက လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများမှာ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရမှုများဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ယနေ့အတည်ပြုပြောကြားသည်။



မကြာသေးမီက နန်ဂျင်းမြို့၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသည် အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်၏ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ပျံ့နှံ့လွယ်သောသဘာဝကြောင့် လျင်မြန်စွာကူးစက်ပျံ့နှံ့သွားရခြင်းဖြစ်ကြောင်း နန်ဂျင်းမြို့ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ဒုတိယညွှန်ကြားရေးမှူး ဒင်ဂျီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခုနောက်ဆုံးတွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် နန်ဂျင်း လူကူအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေယာဉ်သန့်ရှင်းရေးဝန်ထမ်းများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ တွေ့ရှိခဲ့ရသည်။ အဆိုပါလေယာဉ် သန့်ရှင်းရေးဝန်ထမ်းများနှင့် ၎င်းတို့နှင့်အနီးကပ်နေထိုင်သူများတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံခဲ့ရပြီးနောက် အဆိုပါလေဆိပ်သို့ ရောက်ရှိလာသော တရုတ်နိုင်ငံ၏ အခြားဒေသများမှ လေယာဉ်စီးနင်းလာသည့် ခရီးသည်များထံတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကို တွေ့ရှိခဲ့ရသည်။

တရုတ်နိုင်ငံတောင်ပိုင်းကွမ်တုံပြည်နယ်တွင်လည်း နန်ဂျင်းမြို့မှ ပြန်လည်ရောက်ရှိလာသည့် လေယာဉ်စီးခရီးသည်တစ်ဦးတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

နန်ဂျင်းမြို့တွင် ဒေသခံများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဒုတိယအကြိမ်စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပြီး ဒေသခံများအား မလိုအပ်ဘဲ နန်ဂျင်းမြို့မှ ထွက်ခွာခြင်းမပြုလုပ်ရန်တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၄ ဦးရှိလာ

**ဖနောင်ပင် ဇူလိုင် ၂၇**

ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်အတွင်း ဒယ်လ်တာဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ခါတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦးထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၄ ဦး ရှိလာကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇူလိုင် ၂၂ ရက်နှင့် ၂၅ ရက်တွင် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ လူနာ ၃၉ ဦးတွင် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းတို့အနက် ၂၁ ဦးသည် အိမ်နီးချင်း ထိုင်းနိုင်ငံမှ ပြန်လာသူများဖြစ်ကာ ကျန် ၁၈ ဦးသည် ပြည်တွင်း၌ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ပြည်တွင်း၌ ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ အော့ဒါမင်းချီ၊ ကမ်ပေါင်သွန်နှင့် ဆီရန်ရိပြည်နယ်တို့ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီး မမ်ဘွန်ဟင်က ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် ယခင်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်များထက် ကူးစက်မှုနှုန်း ပို၍မြန်သည့်အတွက် သတိပြုကြရန် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား တိုက်တွန်းထားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးက ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက် ရှောင်ကြဉ်ရန်အချက်သုံးချက်နှင့် လိုက်နာဆောင်ရွက်ရန် အချက်သုံးချက်တို့ကို အကောင်အထည်ဖော်ကြရန်လည်း ပြည်သူများအား တိုက်တွန်းခဲ့သည်။

လိုက်နာဆောင်ရွက်ရန် စည်းမျဉ်းသုံးခုတွင် နှာခေါင်းစည်းဝတ်ဆင်ရန်၊ လက်များကို ပုံမှန်ဆေးကြောရန်နှင့် တစ်ဦးနှင့် တစ်ဦးအကြား ၁ ဒသမ ၅ မီတာခြား၍ခပ်ကွာကွာနေကြရန်တို့ဖြစ်သည်။ ထို့အတူ ရှောင်ကြဉ်ရန်စည်းမျဉ်းသုံးခုတွင် သွားရောက်ခွင့်ကန့်သတ်ထားသည့်နေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ လူစည်ကားသည့် နေရာများကို ရှောင်ကြဉ်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုကို ရှောင်ကြဉ်ရန်တို့ ပါဝင်သည်။

ထို့အပြင် ဝန်ကြီးသည် ရောဂါစောင့်ကြည့်ရေးစင်တာများ၌ စောင့်ကြည့်မှုခံယူလျက်ရှိသော ပြည်သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်များ လျှော့ချနိုင်ရေးအတွက် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်စွာ လိုက်နာကြရန် တိုက်တွန်းလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အိန္ဒိယနိုင်ငံ၌ ပထမဆုံး တွေ့ရှိခဲ့သည့်ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကို စိုးရိမ်ရသောဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်အဖြစ် ယခုနှစ်မေလက ကြေညာထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၆၈၉ ဦးရှိ

**နယူးဒေလီ ဇူလိုင် ၂၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၆၈၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၁၄၄၀၉၅၁ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၅ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၄၂၁၃၈၂ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲ လူနာ ၃၉၈၁၀၀ ရှိနေဆဲဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၂၃၆၃ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၀၆၂၁၄၆၉ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

❂




# နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် တူရကီတိုက်တွန်း

**အစ္စတန်ဘူလ် ဇူလိုင် ၂၇**

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ကူးစက်ပျံ့နှံ့လာမှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံမှုခံယူကြရန် တာဝန်ရှိသူများက ယနေ့တိုက်တွန်းသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုများ များပြားလာနေသောကြောင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကို ဆောင်ရွက်ရန် ခက်ခဲလာကြောင်း ကျန်းမာရေးဝန်ကြီး ဖာရီတင်ကိုကာက ပြောကြားသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ရောဂါကူးစက်မှုများ မြင့်တက်လာသဖြင့် အစ္စတန်ဘူလ် မြို့တော်ဝန် အက်ရမ်အိုက်မန်လူက နိုင်ငံသားများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရန် တိုက်တွန်းခဲ့သည်။ ဆေးသိပ္ပံပညာ၏ တွေ့ရှိချက်များအရ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် အဆိုပါရောဂါကူးစက်မှုမှ ကာကွယ်နိုင်ကြောင်း တွေ့ရှိရသဖြင့် မိမိတို့အနေဖြင့်ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေး ထိုးနှံကြရန် ၎င်းကတွစ်တာမှတစ်ဆင့် တိုက်တွန်းခဲ့သည်။ နိုင်ငံ၏ မြောက်ပိုင်း ပြည်နယ်တစ်ခုဖြစ်သော ထရီဇုန်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူပြီးစီးသူများအား ဩဂုတ်လအတွင်းတွင် ဟိုတယ်များနှင့် အပန်းဖြေစခန်းများ၌ အပန်းဖြေတည်းခိုပါက တည်းခိုခကို လျှော့ပေးသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်း အသက် ၁၈ နှစ်ပြည့်ပြီးသူလူဦးရေ၏ ၆၄ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးစီးသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၆၈၀၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၉၅၅၆၄၆၆၄ ဦး**

**သေဆုံးသူ ၄၁၈၇၄၄၄ ဦး**

**ပြန်လည်ကျန်းမာလာသူ ၁၇၇၃၆၂၄၄၀ ဦး**

## သံလွင်မြစ်ရေနှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၇

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၇-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၂၅** အနတ္တလက္ခဏသုတ်တရားတော်
**၀၉:၁၀** စိုက်ပျိုးရေးရာအပြေရှာ
**၀၉:၄၀** ဝါဆိုလမှာ ဓမ္မစကြာနှင့် အနတ္တလက္ခဏာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**မြန်မာစာဘာသာရပ်**'
**၁၇:၃၅** MRTV Travelouge
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားဒေါ်ဆောင်ရာ**' (အပိုင်း-၃၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၂၁:၂၅** ဝသာန်ခါမှီ တေးသံသီ ဖျော်ဖြေမှုအစီအစဉ်
**၂၁:၄၅** ရုပ်မြင်သံကြားဇာတ်လမ်း '**အတ္တဝါအလုထာဝရတည်ဝေ**' (အပိုင်း-၁)

**mitv**

**07:01** News
**07:27** Myanmar's Traditions and Culture "A stir about of Rainbows"
**07:51** Products of Myanmar - Products Of The Loom
**08:01** Secret Recipes by Gourmet Chefs (India)
**08:31** Chinlone and the dreams of the player
**08:46** Tray Art Products
**08:56** Golden Mandalay Hill
**09:01** Next Generation "Saw Noel (Violinist)"
**09:11** Equestrian Contest on Pa-O Land
**09:22** Gardener of Royal Thazin Floral
**09:42** Conflict & Solution Between Man & Elephant
**10:18** Between the Beaches: Chaung Tha Vs Ngwe Saung
**10:29** Yoga & Health
**10:41** Inle Traditional Dance

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လီဆူးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ပွဲကိုင်ရှင်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၄)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု
**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
လေးမြားပြုလုပ်ခြင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဖော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ညီငယ်မင်းသားလေးနှင့်ကျွန်တော်
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
လူသားတို့ရဲ့ ကျေးဇူးရှင်များ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
စာအတူတူဖတ်ကြရအောင်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**သူတစ်ပါးအယောင်ဆောင်ခြင်း**'
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm
twitter.com/mrtvwebportal
t.me/mrtvnews



ကွမ်းထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီး ငုံခြင်းနှင့် ဆေးလိပ်သောက် ခြင်းတို့ကြောင့် လူတို့၏ အသက်ကို သေစေနိုင်သည်အထိ အန္တရာယ်ရှိပါသည်။



ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း












COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ "လူအစုအဝေး" ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ပိုင်းရပ်စ်ပိုးက မျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလိုရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။ (SourcefromMOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေချောင်းဆိုးလိုက်တိုင်း ပိုင်းရပ်စ်ပိုး လွှတ်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေး ရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြားလူတွေကိုရော COVID-19 ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။




တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို

**စံထိပ်ထားနိုင်**

**နိုင်ငံတစ်နိုင်ငံဟု ဆိုလိုက်လျှင် အချုပ်အခြာအာဏာရှိရမည်။ အဘယ်ကြောင့်ဆိုသော် အချုပ်အခြာပိုင်ဆိုင်မှုရှိမှသာလျှင် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ သို့သော် သမိုင်းကြောင်းတွင် အနာရှိခဲ့သည့် နိုင်ငံတစ်ခုဟု ဆိုရပေမည်။ အချုပ်အခြာယိုယွင်းခဲ့ပြီး ကိုလိုနီကျွန်ဘဝ ကျရောက်ခဲ့ဖူးသည့် သမိုင်းဟောင်းအနာက ဖျောက်မရ။ သူ့ကျွန်အဖြစ် နှစ် ၁၀၀ ကျော်ကြာ ရှင်သန်ခဲ့ကြရသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးအသက်ဝင်လာမှ နိုင်ငံနှင့် နိုင်ငံသားတို့အတွက် တစ်က ပြန်စကြရသည်။**

သူတစ်ပါး လက်ပါးစေဘဝမှ ရုန်းထွက်ရာတွင် "ဦး..ဖွ လွတ်လပ်ရေးရ" ဟု လွယ်ကူခဲ့သည်မဟုတ်။ အသက်များစွာ၊ ဘဝများစွာ ပေးဆပ်ခဲ့ကြရသည်။ လွတ်လပ်ရေးနှင့်အတူ အနိဋ္ဌာရုံများစွာ ဖြတ်သန်းခဲ့ရသည်ဆိုလျှင် မမှား။ လွတ်လပ်ရေးရခါစ နိုင်ငံအတွင်း သူက ခေါင်းဆောင်၊ ငါက ခေါင်းဆောင်နှင့် ဇာတ်ကွဲရင်း သူပုန်ထခဲ့ကြသည်။ ကျွန်ဘဝ လွတ်စ ကျွန်ဘဝ ပြန်မကျရန်၊ ရရှိပြီး လွတ်လပ်ရေး အရှည်တည်တံ့ရန် တပ်မတော်က ကာကွယ်ခဲ့ရသည်။

သူတစ်လူ ငါတစ်မင်းဖြစ်နေပါက နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်မည်မဟုတ်။ သို့ပါသောကြောင့် နိုင်ငံ၏ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးကိုသာ ဦးတည်ခဲ့ကြရသည်။ ပြည်ပရန်အပြီး ပြည်တွင်းရန်အဖြစ် ရောင်စုံသူပုန်တို့ သောင်းကျန်းမှုများကို စစ်ဆင်ရေးအသွင်ဖြင့် တိုက်ခိုက်ခဲ့ရပြန်သည်။ ထိုအဖြစ်များသည် သမိုင်းကြောင်းပေါ်က အမှန်တရားများ ဖြစ်သည်။

**သမိုင်းကို မမေ့စေလို**

သို့သော် သွေးစွန်းခဲ့သည့် သမိုင်းကြောင်းသည် နှစ်ခါပြန်ရန် မသင့်ပါ။ လက်ရှိ မြန်မာနိုင်ငံရေး အခြေအနေတွင် တောခိုသွားသည့် လူငယ်မနည်း။ သမိုင်းဟောင်းရှိခဲ့ဖူးသည့်အတွက် ရတက်မအေးရပါ။ အတိတ်သမိုင်းတွင် ပြည်ဖျက်လုပ်ရပ်များကို မရပ်မနား လုပ်ခဲ့သူများသည် အချင်းချင်းပင် ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ကိုပါ ကျင့်သုံးခဲ့သည့် ဖြစ်ရပ်များသည် သမိုင်းမလှခဲ့ပါ။ သမိုင်းကို မမေ့စေလိုပါ။

ထို့ကြောင့် သမိုင်းဟောင်းကို ပြန်လည် လေ့လာသိရှိနိုင်မည့် ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)၏ "ကိုယ်တွေ့ဖြစ်ရပ်များ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ" စာအုပ်ကို လေ့လာဖတ်ရှုစေလိုပါသည်။



ပဲခူးရိုးမဒေသ ရှေ့တန်းဌာနချုပ်တစ်နေရာတွင် တိုင်းမှူးအား ဗိုလ်မှူးကြီး တင်ဦး၊ ဗိုလ်မှူးကြီး ရန်နောင်စိုး၊ ဗိုလ်မှူးကြီး ကျော်စိန်ဝင်း၊ တပ်မတော်လေမှ ဗိုလ်မှူးစိုးမြင့်နှင့်အတူ တွေ့ရစဉ်။

**စာအုပ်ပါ အကြောင်းအရာများသည် တောထဲတောင်ထဲ စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် ဘဝ၏ အချိန်တော်တော်များများ ကုန်ဆုံးပေးဆပ်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဘဝဇာတ်လမ်းဖြစ်**

၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာအုပ်ဖြစ်သည်။ ဤစာအုပ်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ အစပြုခဲ့သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် တပ်သား မောင်သန်းတင်အဖြစ် ပါဝင်မှုမှသည် တပ်မတော်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည့် စာရေးသူ ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း)၏ ကိုယ်တွေ့မှတ်တမ်းဖြစ်သည်။

**ဘဝ၏အချိန်များ ကုန်ဆုံးပေးဆပ်**

စာအုပ်ပါ အကြောင်းအရာများသည် တောထဲတောင်ထဲ စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် ဘဝ၏ အချိန်တော်တော်များများ ကုန်ဆုံးပေးဆပ်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဘဝဇာတ်လမ်းဖြစ်သည်။ ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ရင်း ရှမ်းရိုးမပေါ်မှ ရောင်စုံသောင်းကျန်းသူများ၊ ဧရာဝတီတိုင်းမှ ရောင်စုံသောင်းကျန်းသူများ၊ ပဲခူးရိုးမပေါ်မှ ဗမာပြည်ကွန်မြူနစ်ပါတီ သောင်းကျန်းသူများကို ဖယ်ရှားတိုက်ခိုက်ခဲ့ရသည့် တပ်မတော်သားဘဝ အတွေ့အကြုံများကို စာဖတ်ပရိသတ်ထံ ချပြထားသည်။ စာရေးသူက သမိုင်းဟောင်း တစ်ကျော့မပြန်စေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။

စာရေးသူ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၏ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် တပ်သားဘဝ အစမှာ ဤသို့ဖြစ်၏။ အသက် ၁၆ နှစ်အရွယ် စာရေးသူ မောင်သန်းတင်သည် နေရှင်နယ် အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့ ခေါင်းဆောင်ပြီး ဂျပန်တပ်များနှင့်အတူ မြန်မာနိုင်ငံအတွင်း ဝင်လာကြသည်။ ထိုအခါ ၎င်းသည်



ဗိုလ်မှူးကြီးသန်းတင်
တိုင်းမှူးတာဝန်နှင့် ပဲခူးရိုးမစစ်ဆင်ရေးမှူးကြီး
တာဝန် ထမ်းဆောင်ခဲ့စဉ်က။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလ ခေါင်းဆောင်သည့် တပ်မှ ဗိုလ်အောင်ကိုး တပ်ဖွဲ့တွင် တပ်သားအဖြစ် ဝင်ရောက်ကာ မြို့ရွာလုံခြုံရေးအတွက် ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ရာ ဗိုလ်မှူးချုပ် သန်းတင်လည်း ဆက်လက်ပါဝင်ခဲ့သည်။ ထိုသို့ ပါဝင်ရင်း ပျဉ်းမနားသင်တန်းကျောင်းတွင် ရဲဘော်ဘဝ သင်တန်းတက်ပုံ၊ မင်္ဂလာဒုံတွင် ဗိုလ်သင်တန်း တက်ရောက်ရပုံ၊ မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်းကျောင်းဆင်းပုံတို့ဖြင့် စစ်ပညာရပ် ပြင်းပြင်းထန်ထန် သင်ကြားရမှု ကိုယ်တွေ့ အတွေ့အကြုံကို အစပျိုးရေးသားထားသည်။

**လူငယ်များ၏ မျိုးချစ်စိတ်ကိုသိမြင်**

၁၉၄၃ ခုနှစ် မတ် ၃၁ ရက်တွင် မင်္ဂလာဒုံ ပထမအပတ် ဗိုလ်သင်တန်းကျောင်းဆင်းပွဲ ပြုလုပ်ခဲ့သည်။ သင်တန်းအပြီးတွင် ဗိုလ်မှူးချုပ်သန်းတင် အပါအဝင် သင်တန်းဆင်း အလုပ်သင်ဗိုလ်များသည် ရခိုင်ပြည်ရောက် တပ်ရင်း(၁) အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဗိုလ်မှူးချုပ်သန်းတင် ပါဝင်သည့် တပ်ရင်း (၁) အဖွဲ့သည် အမ်းနှင့်တောင်ကုတ်လမ်းကို ကာကွယ်စောင့်ရှောက်ကာ တောင်ကုတ်နယ်မြေ အေးချမ်းသာယာရေး၊ လမ်းပန်းအဆက်အသွယ် ကောင်းမွန်ရေး၊ ရန်သူအင်္ဂလိပ်တို့၏ ထိုးစစ်ကို ကာကွယ်ရေးအတွက် လှုပ်ရှားမှုအတွေ့အကြုံများကို ဖတ်ရသည်မှာ ထိုခေတ်အခါက လူငယ်များ၏ မျိုးချစ်စိတ်ကို သိမြင်ရသည်။

ထိုသို့ ထမ်းဆောင်ရင်း ကင်းတန်းကြီးတံတား တိုက်ပွဲသည် သင်တန်းဆင်း အလုပ်သင်ဗိုလ်များ၏ ပထမဆုံး လက်တွေ့တိုက်ပွဲဖြစ်ခဲ့ပြီး ၎င်းအနေဖြင့် ဘဝတွင် မေ့နိုင်စရာမရှိကြောင်း ဖော်ပြထားသည်။ ဗိုလ်မှူးချုပ်သန်းတင်သည် ရခိုင်ပြည်နယ်တွင် တစ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၄ ခုနှစ် မေလတွင် သရက်ခရိုင် မြတ်ကိုင်းကျဉ်းရွာရှိ စက်မှုလက်မှု တပ်ရင်း (၂) သို့ ပြောင်းရွှေ့ရသည်။ ထိုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ဖက်ဆစ်တော်လှန်ရေးအတွက် တာဝန်ရှိလာပြန်သည်။ ထိုအချိန်က ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီး ၇ တိုင်း သတ်မှတ်ခဲ့သည်။ သရက်၊ အာလံ၊ မကွေး၊ မင်းဘူးတို့ကို တိုင်း ၇ အဖြစ် ဖွဲ့စည်းခဲ့သည်။ ဗိုလ်မှူးချုပ်သန်းတင်တို့ တပ်ရင်းသည် တိုင်း ၇ တွင် ပါဝင်လှုပ်ရှားမှုများကို တင်ပြထားသည်မှာ အားမာန်ပါပြီး မျိုးချစ်စိတ်ကို သိမြင်ခံစားရစေသည်။

**ဖက်ဆစ်တို့အား ပါဝင်တိုက်ခိုက်ခဲ့ပုံ**

တိုင်းစစ်ဌာနချုပ်၏ ညွှန်ကြားချက်အရ စက်မှုလက်မှုတပ်ရင်း (၂) သည် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများကို ၁၉၄၅ ခုနှစ် မတ် ၇ ရက်မှ စတင်ဆောင်ရွက်ရသည်။ ဖက်ဆစ်တော်လှန်ရေးစတင်မည့် မတ် ၂၇ ရက် (တော်လှန်ရေးနေ့)တွင် တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းက ဖက်ဆစ်တော်လှန်ရေး စစ်မိန့်ကို ဖတ်ကြားကြေညာခဲ့ကြောင်း ဗိုလ်မှူးချုပ်သန်းတင်က ရေးသားဖော်ပြထားသည်။ ထိုအချိန် တပ်ခွဲမှူးတာဝန်ထမ်းဆောင်နေရသည့် ဗိုလ်မှူးချုပ်သန်းတင်သည် ကျေးရွာလူထုများအား ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်ပြီး ဖက်ဆစ်တို့အား ပါဝင်တိုက်ခိုက်ခဲ့ပုံကို စာအုပ်တွင် အသေးစိတ်ဖော်ပြထားသည်။

ဗိုလ်မှူးချုပ်သန်းတင်သည် တာဝန်များ ထမ်းဆောင်ရင်း နိုင်ငံအတွက် ဆုံးရှုံးဖွယ် အပြောင်းအလဲတစ်ခု ကြုံလာခဲ့သည့်အတွက် တာဝန်ရှိရာ သရက်မှ ရန်ကုန်သို့ သွားရောက်ခဲ့သည့် အခြေအနေကို တင်ပြထားသည်။ ဆုံးရှုံးဖွယ် အပြောင်းအလဲကား ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ခေါင်းဆောင်များ လုပ်ကြံခံရခြင်းဖြစ်သည်။ ကျဆုံးသွားသည့် နိုင်ငံ့ခေါင်းဆောင်များ၏ နောက်ဆုံးအလေးပြု နှုတ်ဆက်ရင်း ခေါင်းဆောင်များအား နှမြောဝမ်းနည်းရသည့် ဗိုလ်မှူးချုပ်သန်းတင်၏ ခံစားချက်ကို စာအုပ်တွင် သိမြင်ရသည်။ ထိုအချိန်တွင် ၎င်းသည် သရက်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဖွဲ့စည်းပေးနေချိန် ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်စ မြန်မာနိုင်ငံတွင် ရောင်စုံသောင်းကျန်းသူများသည် အကြောင်းအမျိုးမျိုးပြကာ လက်နက်ကိုင်တောခိုကြသည်။ အစိုးရနှင့် တပ်မတော်ကို တိုက်ကြသည်။ ဇာတ်ရှုပ်လာသည်။ ထို့ကြောင့် ဗိုလ်မှူးချုပ်သန်းတင်သည် တပ်ထဲ အမြန်ဆုံး ပြန်ဝင်မှဖြစ်မည်ဟု ဆုံးဖြတ်၍ သရက်ခရိုင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို သရက်ခရိုင် ပြည်သူ့စစ် ဒုတိယခေါင်းဆောင် ဗိုလ်ဦးစိန်ထံ လွှဲပြောင်းခဲ့သည်။ ဗိုလ်မှူးချုပ်သန်းတင်သည် လူကြီးများပေးအပ်သည့် တာဝန်များနှင့် လုပ်သင့်လုပ်ထိုက်သည့်တာဝန်များကို ထမ်းဆောင်ပြီး တပ်မတော်သို့ တပ်သားသစ်ဘဝဖြင့် ပြန်လည်ဝင်ခဲ့သည်။

တပ်မတော်ထဲ ဝင်ရောက်ပြီး ၁၉၄၉ ခုနှစ် ဩဂုတ် ၈ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မေမြို့ ဗိုလ်သင်တန်းကျောင်း တက်ရောက်ခဲ့သည်။ သင်တန်းဆင်းပြီး တောင်ကြီးနှင့် လွိုင်ကော်မြို့ သိမ်းသည့် တိုက်ပွဲများတွင် ပါဝင်တာဝန်ထမ်းဆောင်ရပြန်သည်။ ထို့နောက် မြန်မာပြည်အလယ်ပိုင်း မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ "မ" သုံးလုံး နယ်မြေ စစ်ဆင်ရေးအတွက် တာဝန်ကျပြန်သည်။ ထိုအချိန်က မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာတို့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ လှုပ်ရှားနေချိန်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်တို့သည် "မ"သုံးလုံး နယ်မြေကျေးရွာများကို အခြေခံ၍ မြို့များသိမ်းရန် စစ်အဟုန်မြှင့်တင်နေချိန်ဖြစ်ပြီး အနီးကပ်ရင်ဆိုင် တိုက်ပွဲများ ပြုလုပ်နိုင်ရန် ရှားသားလုံ့စွပ်များကို တီထွင်ကာ တပ်မတော်ကို ရင်ဆိုင်ပြန်သည်။

**စာမျက်နှာ ၁၇ သို့** ■

## မော်လမြိုင်မြို့ ဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်း ဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၀)နှစ် သိက္ခာတော်(၅၀)ဝါ အရ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် (၂၇-၇-၂၀၂၁) အင်္ဂါနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်း ဇောတိကာရုံစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်ကလေးကျေးရွာ ခမည်းတော် ဦးကျော်လှ+မယ်တော်ဒေါ်သိန်းမေတို့မှ ၁၃၁၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၁ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် ဘီးလင်းမြို့နယ် အနိုင်းပွန်ကျေးရွာ တောင်ပေါ်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၃၂ ခုနှစ် နှောင်းတန်ခူး လဆန်း ၉ ရက်နေ့တွင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဇောတကို ဥပဇ္ဈာယ်ပြု၍ ပဲခူးမြို့နေ ဒေါ်မြခင်၊ ဒေါ်ကျင်မြင့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ဘီးလင်းမြို့နယ် တောင်ကလေးကျေးရွာ တောင်ပေါ်ကျောင်းဆရာတော်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော် ဘဒ္ဒန္တသုဇာတ တို့ထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး မဇ္ဈိမနိကာယကောဝိဒဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ ဝိနယဝိဒူဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်းနှင့် ၂၀၁၃ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတစရဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၂၁ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၀)နှစ် သိက္ခာတော်(၅၀)ဝါအရ ၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (၂၇-၇-၂၀၂၁) အင်္ဂါနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ အချိန်တွင် ဘဝနတ်ထံပျံလွန်




တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ အန္တိမအဂ္ဂိစျာပနပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကြီးအောင်စစ်ဆင်ရေးတုန်းက ဘယ်အစွန်- ဗိုလ်ကြီးစိန်ရွှေ (၂၅) ပေါင်ဒါအမြောက်၊ ဗိုလ်ကြီးစိုးလွင်(၆) ပေါင်ဒါအမြောက်၊ ဗိုလ်ကြီးလှရွှေ (ဦးစီးအရာရှိ)၊ ဗိုလ်ကြီးခင်မောင်ထွန်း(ဆက်သွယ်ရေး)၊ ဗိုလ်ကြီးသန်းတင်(စာရေးသူ ချောဗိုလ်ကြီး)၊ ဗိုလ်ကြီးခင်မောင်မြင့်(လေတပ်မတော်-လေဗိုလ်လုံ)



"ထော်ပိုင်" စစ်ဆင်ရေး အောင်နိုင်ပြီး၍ ပုသိမ်(တိုင်းစစ်ဌာနချုပ်)သို့ မပြန်ခင် တွေ့ရစဉ်။

■ စာမျက်နှာ ၁၆ မှ

တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ဗိုလ်မှူးချုပ်သန်းတင်သည် ဗမာပြည်ကွန်မြူနစ်ပါတီ အကြောင်း လေ့လာရပြန်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်မှစ၍ ၁၉၄၉ ခုနှစ်၊ ၁၉၅၀ ပြည့်နှစ်တို့တွင် ပြည်၊ ပျဉ်းမနား စသော မြို့ကြီးများကို သိမ်းနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် လက်နက်ကိုင်အာဏာသိမ်းရေး လုပ်ငန်းစဉ် ချမှတ်ကြွေးကြော်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် တစ်နိုင်ငံလုံး အဖျက်လုပ်ငန်းများကို လုပ်ကိုင်၍ လွတ်လပ်ခါစ နိုင်ငံတော်အား တစ်ဖန် ပြန်လည် ကျွန်ပြုမည့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

၁၉၄၉ ခုနှစ် ကာလသည် သောင်းကျန်းသူများ မြို့တချို့ကို ယာယီသိမ်းပိုက်ထားသည့် အချိန်ကာလ၊ ရောင်စုံသူပုန်သောင်းကျန်းသူများနှင့် ရင်ဆိုင်နေရသည့် အချိန်ကာလ၊ နိုင်ငံခြားသတင်းစာအချို့ကပင် ရန်ကုန်အစိုးရဟု ရေးသား ပြောဆိုနေကြသည့်ကာလဖြစ်ပြီး ထိုကာလနိုင်ငံအတွင်း အခြေအနေကို ပေါ်လွင်အောင် အသေးစိတ် ဖော်ပြထားသည်။

စာအုပ်တွင် ဗိုလ်မှူးချုပ်သန်းတင်သည် သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်နေရသော်လည်း စာပေကို ချစ်မြတ်နိုးသူဖြစ်သည်ကို တွေ့ရှိရသည်။ "မ"သုံးလုံးနယ်မြေအတွင်း စစ်ဆင်ရေးပြုလုပ်နေရသော်လည်း အားလပ်သည့်အခါ စာပေများ ဖတ်ရှုခဲ့သည်။ စာပေတော်တော်များများ ဖတ်ခဲ့ပြီး မြစ်သားအကျော့၏ စာပေများကို နှစ်သက်စွာ ဖတ်လေ့ရှိသည်။ ဖတ်ရှုရုံတင်မက "မြစ်သားအကျော့"၏အိမ်သို့ အရောက်သွားတွေ့ဆုံပုံကို ဖော်ပြထားသည်။

ထိုသို့တွေ့ဆုံရန် သွားရောက်စဉ် ဗိုလ်မှူးချုပ်သန်းတင်သည် မြစ်သားအကျော့ ကလောင်ပိုင်ရှင် သျှောင်ထုံးနှင့် အဘိုးနှင့် တိုက်ရိုက်တွေ့ဆုံသော်လည်း ကလောင်ပိုင်ရှင်ဟု မထင်၊ မိဘဆွေမျိုးအမှတ်နှင့်သာ တွေ့ဆုံစကားပြောနေပြီး မြစ်သားအကျော့ကို မျှော်နေကာ အလွဲဖြစ်နေပုံ၊ အဘိုးက ကလောင်ပိုင်ရှင်မှာ မိမိဖြစ်ကြောင်း ဖွင့်ဟပြောဆိုမှသာ သိရှိခဲ့သည့် အဖြစ်အပျက်ကို တင်ပြထားသည်။

ထို့အတူ တာဝန်ထမ်းဆောင်ရင်း သေကံမရောက် သက်မပျောက် အဖြစ်အပျက် ကြုံခဲ့ရပုံကိုလည်း ဖော်ပြထားသည်။ မြစ်သားမှ မိတ္ထီလာသို့ အစည်းအဝေးနှင့် တပ်ရင်း နှစ်ပတ်လည် အားကစားပြိုင်ပွဲအတွက် သွားရောက်စဉ် သောင်းကျန်းသူများ၏ ချုံခိုတိုက်ခိုက်ခံရသည်။ ၎င်းသည် ကားစီးတိုင်း စာလည်း မဖတ်တတ်၊ ငိုက်လည်း မငိုက်တတ်ပါ။ သို့သော် သောင်းကျန်းသူများ ချုံခို မိုင်းခွဲတိုက်ခိုက်သည့် အချိန်တွင် အိပ်ငိုက်ကာ ခေါင်းငိုက်စိုက်ကျနေသည့်အတွက် ဝပ်ရှောင်နေသကဲ့သို့ဖြစ်ကာ မှန်စတစ်စတောင် မထိမှန်ဘဲ ကံကောင်းခဲ့သည်။

ထိုအချိန်က သောင်းကျန်းသူများသည် ပြည်သူများ အသုံးပြုသော ကားလမ်း၊ တံတားလမ်းများတွင် မိုင်းများ အကွက်စေ့အောင် ထောင်ကြသည့်အတွက် ပြည်သူများ မိုင်းနင်းမိ၍ သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများကို ခဏခဏ ကြားသိနေရချိန် ဖြစ်သည်။ စစ်ကြောင်းများ အထူးဂရုစိုက်ချီတက်နေရသော်လည်း ရဲဘော်များလည်း မိုင်းထိကာ သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများရှိခဲ့သည့်အတွက် ဗကပတို့၏ အစတိုက်ခိုက်မှုများသည် ထိရောက်ခဲ့သည်။ သို့သော် ဗကပတို့၏ လုပ်နည်းလုပ်ဟန်များကို ရဲဘော်များ သဘောပေါက်လာသည့်အခါ၊ တပ်များက ပို၍ ဂရုတစိုက် ဆောင်ရွက်သည့်အခါ ထိရောက်မှုမရှိတော့။

(ဆက်လက်ဖော်ပြပါမည်)

# အောက်ဆီဂျင်ထုတ်စက်ရုံတစ်ရုံကို ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှာ တည်ဆောက်သွားမှာဖြစ်ပြီး ဩဂုတ်လပထမပတ်မှာ စတင်ဆောက်လုပ်ဖို့ စီစဉ်လျက်ရှိပါတယ်

ဦးရဲနိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှငွေးမင်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်-

**တွေ့ဆုံမေးမြန်း-ဝေယံလင်း၊ အောင်ဇင်မြင့်၊ ထိန်လင်း(ပြန်/ဆက်)ကျိုင်းတုံ**


ဦးရဲနိုင်


ဒေါက်တာလှငွေးမင်း

**ဦးရဲနိုင်**
**ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ**

မေး။ လက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေကို သိလိုပါတယ်။

ဖြေ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ် ကိုးမြို့နယ်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covishield ကို ပထမအကြိမ်၊ ဒုတိယအကြိမ် ထိုးနှံပြီးသူ ၃၆၇၃၅ ဦးရှိပါတယ်။ ဒါ့အပြင် Sinopharm ကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံပြီးသူ ၁၉၇၃ ဦးရှိပြီး ဒုတိယအကြိမ် ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းအရှေ့အတွက် Sinopharm ကာကွယ်ဆေး ၂၂၀၀၀ ကျော် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မေး။ ယခုလက်ရှိ ရှမ်းအရှေ့မှာ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ဘယ်လောက်ရှိနေပြီလဲ။

ဖြေ။ တတိယလှိုင်းအချိန်ကစလို့ ဇူလိုင်လ ၂၄ ရက်အထိ ကျိုင်းတုံခရိုင်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၂၁၃ ဦး၊ မိုင်းဆတ်ခရိုင်မှာ ၄၈ ဦး၊ တာချီလိတ်ခရိုင်မှာ ၉၃၅ ဦး စုစုပေါင်း ၁၁၉၆ ဦးရှိပါတယ်။ ဒီနေ့အထိ ဆေးရုံအသီးသီးကနေ ဆင်းခွင့်ရရှိသူ ၅၀၀၊ ကုသဆဲ ၆၉၃ ဦးရှိရာမှာ နှစ်ဦးကတော့ ထိုင်းနိုင်ငံသူဖြစ်တဲ့အတွက် ထိုင်းနိုင်ငံကို ပြန်လည်လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ သေဆုံးသူသုံးဦးရှိပါတယ်။

မေး။ ရောဂါပိုးရှိသူတွေ၊ ထိတွေ့မှုရှိတဲ့သူတွေကို ဘယ်လိုထားရှိကုသဖို့ စီမံဆောင်ရွက်ထားပါသလဲ။

ဖြေ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ကုသရေးစင်တာ ၁၀ ခုရှိပြီး အတည်ပြုလူနာထားရှိဖို့ Center ၁၃ ခု၊ Quarantine Center ၁၈ ခု ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒေသတွင်းကူးစက်မှုအများဆုံးက တာချီလိတ်မြို့နယ်ဖြစ်ပြီး ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်တဲ့နေရာမှာလည်း ဒေသပြင်ပမှ ဝင်ရောက်လာသူတွေကို မိုင်းပျဉ်း၊ မိုင်းတုံ ကျန်းမာရေးစစ်ရေးဂိတ်တွေမှာ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းပျဉ်းမြို့မှာ အတည်ပြုလူနာတွေထားရှိနိုင်တဲ့ အရေအတွက်ထက် ကျော်လွန်လာတဲ့အတွက် မိုင်းပျဉ်းမြို့မှာ ကျန်းမာရေးမစစ်ဆေးခဲ့ရတဲ့သူတွေကို ကျိုင်းတုံမြို့အဝင်စစ်ဆေးရေးဂိတ်မှာ ထပ်မံစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တာချီလိတ်မြို့မှာ ဇူလိုင်လ ၁၂ ရက် ညကစတင်ပြီး stay at home သတ်မှတ်ကြေညာလိုက်တဲ့အတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို ကော်မတီအဆင့်ဆင့်ကနေ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ အောက်ဆီဂျင်ရရှိရေးနဲ့ ပတ်သက်ပြီး ဘယ်လို စီမံထားပါသလဲ။

ဖြေ။ လက်ရှိအနေအထားအရ ကိုဗစ်-၁၉ အတည်ပြုလူနာတွေကို ဆေးကုသမှုပေးနေတဲ့နေရာမှာ အောက်ဆီဂျင်အရေးပေါ်လိုအပ်တဲ့ လူနာတွေမရှိသေးပါဘူး။ ဒေသတွင်းမှာ လိုအပ်လာနိုင်တဲ့ အောက်ဆီဂျင်တွေကို ဖြည့်ဆည်းဖို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအနေနဲ့ ဌာနဆိုင်ရာတွေ၊ အလှူရှင်တွေ၊ အဖွဲ့အစည်းတွေရဲ့ လှူဒါန်းပါဝင်မှုနဲ့ Oxygen Plant တစ်ခု ကျိုင်းတုံမှာ တည်ဆောက်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ငွေကျပ်သိန်း ၁၉၀၀ ကျော်ရရှိပြီး ဖြစ်ပါတယ်။ အောက်ဆီဂျင်ထုတ်စက်ရုံကို ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှာ တည်ဆောက်သွားမှာဖြစ်ပြီး ဩဂုတ်လပထမပတ်မှာ စတင်ဆောက်လုပ်ဖို့ စီစဉ်လျက်ရှိပါတယ်။ အခုလက်ရှိ အောက်ဆီဂျင်လိုအပ်ချက်မရှိသေးပေမယ့် ရောဂါကူးစက်မှုနှုန်းမြင့်မားမှုနဲ့ ပြင်းထန်မှုအပေါ် မူတည်ပြီး လိုအပ်လာခဲ့ရင် ဖြည့်ဆည်းပေးနိုင်ဖို့ ဖြစ်ပါတယ်။

မေး။ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဘယ်လိုစီမံဆောင်ရွက်နေပါသလဲ။

ဖြေ။ မြို့နယ်တွေအလိုက်ကျန်းမာရေးစစ်ဆေးပေးနေတာ၊ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှုတွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားတဲ့ စည်းကမ်းတွေလိုက်နာရေး အသံချဲ့စက်နဲ့အသိပညာပေးတာတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာဖို့ ဌာန၊ ပရဟိတအဖွဲ့အစည်း၊ မြို့မိမြို့ဖတွေနဲ့ အဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါက်တာလှငွေးမင်း**
**ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး**

မေး။ ကိုဗစ် အတည်ပြုလူနာတွေကို ကုသဖို့ ဘယ်လို စီမံဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေခင်ဗျာ။

ဖြေ။ လက်ရှိဆေးရုံမှာ ကိုဗစ်-၁၉ ရောဂါကုသဆောင်မှာ ဆရာဝန်တစ်ဦးနဲ့အတူ သူနာပြုတွေက ဆေးကုသမှုပေးနေပါတယ်။ အတည်ပြုလူနာများလာရင်တော့ ဆရာဝန်နဲ့ သူနာပြုအင်အား ထပ်မံဖြည့်တင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။

မေး။ ကိုဗစ်-၁၉ ရောဂါသံသယဖြစ်တယ်ဆိုရင် ဘယ်လိုဆက်သွယ်ဆောင်ရွက်သင့်တယ်ဆိုတာကိုလည်း သိရှိလိုပါတယ်ခင်ဗျ။

ဖြေ။ မိမိကိုယ်ကို သံသယရှိပြီး ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးလိုတယ်ဆိုရင် နီးစပ်ရာ ကျန်းမာရေးဌာနတွေ၊ အုပ်ချုပ်ရေးရုံးတွေ၊ ကိုဗစ်-၁၉ Call Center တွေကို ဆက်သွယ်ပြီး ကျန်းမာရေးစစ်ဆေးနိုင်ဖို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။

မေး။ ဆေးရုံမှာ ကိုဗစ်-၁၉ အတည်ပြုလူနာ ဘယ်နှဦးလောက် လက်ခံကုသပေးနိုင်ပါသလဲ၊ အကယ်၍များ လူနာတွေများလာခဲ့ရင် ဘယ်လိုကြိုတင်ပြင်ဆင်ထားပါသလဲ။

ဖြေ။ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှာ အတည်ပြုလူနာ ၅၀ ကျော် လက်ခံကုသပေးနိုင်ပြီး ၅၀ ထက် ကျော်လွန်လာခဲ့ရင် လူနာတွေကို လက်ခံကုသ စောင့်ရှောက်ပေးနိုင်ဖို့အတွက် ပြည်နယ်၊ ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီတွေနဲ့ ညှိနှိုင်းစီစဉ်ထားပါတယ်။ ဒီလိုစီစဉ်ရာမှာ ကျိုင်းတုံသူနာပြုသင်တန်းကျောင်းမှာ အတည်ပြုလူနာ ၇၀ ထားရှိနိုင်ရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

မေး။ မြို့ဝင်ဂိတ်တွေမှာ ဘယ်လိုကြိုတင်ကာကွယ် စစ်ဆေးဆောင်ရွက်နေပါသလဲ။

ဖြေ။ မြို့အဝင်ဂိတ်တွေမှာ ကျန်းမာရေးဝန်ထမ်းတွေက သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ယာဉ်မောင်းတွေ၊ ခရီးသည်တွေကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရမှု ရှိ၊ မရှိ စစ်ဆေးပေးပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရင် ပြည်သူ့ဆေးရုံတွေနဲ့ သတ်မှတ်နေရာတွေမှာ ဆေးကုသပေးပြီးတော့ သူတို့နဲ့ ထိတွေ့ဆက်စပ်ခဲ့သူတွေကိုလည်း Quarantine ထားရှိ စောင့်ကြည့်စစ်ဆေးပေးပါတယ်။

မေး။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမခံရအောင် ဘယ်လိုပြုမူ နေထိုင်သင့်တယ်ဆိုတာလေး ရှင်းပြပေးပါ။

ဖြေ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ စနစ်တကျနေထိုင်ပြီး အာဟာရပြည့်အောင် အစားအစာစားသုံးတာ၊ အိပ်ရေးဝအောင်အိပ်တာ၊ ရေများများသောက်တာ၊ မဖြစ်မနေ နေအိမ်ပြင်ပသွားလာရရင် ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်တာ၊ Face Shield တပ်ဆင်တာ၊ လူစုလူဝေးရှောင်ကြဉ်တာ၊ တတ်နိုင်သမျှ မိမိအိမ်မှာပဲနေတာ၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောတာ၊ လေဝင်လေထွက် မကောင်းတဲ့ အခန်းတွေကို သွားရောက်ခြင်း ရှောင်ကြဉ်တာ စတဲ့ ရောဂါကာကွယ်ရေး နည်းလမ်းတွေအတိုင်း နေထိုင်သင့်ပါတယ်။ ဒါ့အပြင် အချင်းချင်း အသိပေးတာတွေ၊ သတိပေးတာတွေကို ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

## ကနီမြို့၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် စစ်ဆေးရေးအဖွဲ့များချထား၍ ကြပ်မတ်စစ်ဆေးဆောင်ရွက်



**ကနီ ဇူလိုင် ၂၇**

ကနီမြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တပ်မတော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်း၍ မြို့၏ အချက်အချာကြပြီး အသွားအလာများသည့် နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ထိန်းချုပ်ကာကွယ်ရေးအတွက် ယနေ့နံနက်မှစတင်၍ အထူးကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် အများပြည်သူနှင့် ခရီးသွားပြည်သူများအား နှာခေါင်းစည်းများတပ်ဆင်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ Stay at home မြို့နယ်များမှ လာရောက်ကြသူများ ဟုတ်၊ မဟုတ်စစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များနှင့် ဆေးပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် အသိပညာပေးခြင်းတို့ကို နေ့စဉ်အလေးထား ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆလိုင်း(ပြန်/ဆက်)

■

# ရှုလော့ . . စဉ်းစားလော့ . . သင်ယူလော့ . . အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့



ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

(ယမန်နေ့မှအဆက်)

၁၉၅၃ ခုနှစ်မှာ အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်ဝက်(တ်)ဆန် (James Watson) နဲ့ ဗြိတိသျှပါမောက္ခ ဖရန်စစ်ခရစ်(က်) (Francis Crick) တို့ဟာ မျိုးရိုးဗီဇအခြေခံဖြစ်တဲ့ ဒီအောက်ဆီရိုင်ဗိုနျူကလီးယစ်အက်စစ် (Deoxyribonucleic Acid) DNA ကို တွေ့ရှိခဲ့တာဟာ တိုးတက်မှုကြီးပဲ။ သိပ္ပံနဲ့ နည်းပညာလမ်းကြောင်းပေါ်က DNA ဟာ အနာဂတ်အပြောင်းအလဲကြီးဖြစ်နိုင်တဲ့ ၂၁ ရာစုဟာ မျိုးရိုးဗီဇခေတ် ဂျီနိုမ်း (Genome) ခေတ်ပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဆက်စပ်ယှက်နွယ်နေတဲ့ ပညာရေးဟာလည်း ဟန်ချက်ညီညီ ပြုပြင်ပြောင်းလဲရမှာဖြစ်ပါတယ်။

၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်မှာ ဆိုဗီယက်က စပွတ်နစ် (Sputnik) ဂြိုဟ်တုတစ်လုံး ကောင်းကင်မှာလွှတ်တင်တော့ ကျွန်တော်တို့ ကလေးဘဝမှာ အံ့သြပြီး မော့ကြည့်ခဲ့တာ အမေတကော တစ်မျှော်တစ်ခေါ်ပါပဲ။

**တက္ကသိုလ်သုတေသီတွေကို မွေးထုတ်**

စပွတ်နစ် (Sputnik) ဂြိုဟ်တုကိစ္စဟာ သိပ္ပံနဲ့ နည်းပညာ၊ စစ်ရေးနဲ့ စီးပွားရေးအထိ တာသွားတာမြင်တဲ့ အမေရိကန်တို့ဟာ ဆိုဗီယက်ပညာရေးကို လေ့လာခဲ့တယ်လို့ ဖတ်ရှုရပါတယ်။ ထိုကာလများက အမေရိကန်တို့ရဲ့ လိုအင်တစ်ခုကတော့ ကာကွယ်ရေး၊ စစ်ရေးအတွက် ကောင်းကင်ယံမှာ ဆိုဗီယက်တို့ကဲ့သို့ ပါဝင်နိုင်ရေး NASA (National




Aeronautics and Space Administration) ကဲ့သို့ ပြည်သူ့အဖွဲ့အစည်းတစ်ရပ် သုတေသနတွေလုပ်ဖို့၊ လုပ်နိုင်ဖို့ အမေရိကန်တက္ကသိုလ်တွေဟာ ငွေအားတွေရယူပြီး တက္ကသိုလ်သုတေသီတွေကို မွေးထုတ်ခဲ့ပါတယ်။ အမေရိကန်တို့ဟာ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းမှာ သူတို့ရဲ့ တက္ကသိုလ်ပေါင်း ၂၀၀၀ ကျော်အထိ ဖွင့်လှစ်ပြီး ကျောင်းသား ၃ ဒသမ ၆ သန်းကို သိပ္ပံနဲ့ နည်းပညာနယ်ပယ်မှာ ဖောက်ချသင်ပေးခဲ့ပါတယ်။ အမေရိကန်တို့ဟာ "Education for all, Science for all" အတွက် ၁၉၆၅ ခုနှစ်မှာ တစ်နိုင်ငံလုံးကို အင်တိုက်အားတိုက် မောင်းနှင်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှုရှိတော့ လူအားငွေအားတွေပုံအောပြီး သုံးနိုင်ခဲ့ပါတယ်။

☆ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ သိပ္ပံနဲ့နည်းပညာကို ဦးစားပေးသင်ကြားမယ်ဆိုတဲ့ ပေါ်လစီချခဲ့ပါတယ်။ ကျွမ်းကျင်မှုအမည်စုံ (Skilled based) ရရှိရေးအတွက် ဒေသကောလိပ်တွေ ဖွင့်လှစ်ခဲ့ပါတယ်။ သိပ္ပံပညာရပ်တွေမှာထူးချွန်ရေး လူရည်ချွန်စီမံကိန်းလည်း ပေါ်ပေါက်ခဲ့ပါတယ်။




ယနေ့အချိန်အခါမှာ အမေရိကန်နိုင်ငံက တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၅၀၀ ကျော် ရှိပါတယ်။ လူဦးရေက သန်း ၃၀၀ ဆိုပါစို့။ ကျွန်တော်တို့နိုင်ငံက လူဦးရေ ၅၄ သန်းထားပါ၊ ဒီအချိုးအရ ကျွန်တော်တို့ဟာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၄၀၀ ကျော် လိုပါလိမ့်မယ်။ အရေအတွက်ကိုပဲ ကျွန်တော်တို့ လုပ်ရပါဦးမယ်။

**သိပ္ပံပညာတတ်မြောက်ရေး အလေးထား**

သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံ၊ ထိုင်ဝမ်တို့ဟာ လွန်ခဲ့တဲ့ နှစ် ၇၀–၈၀ က ဆင်းရဲခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ထိုင်ဝမ်ဟာ တက္ကသိုလ်ဝင်ခွင့်ကို ပြင်းပြင်းထန်ထန် တင်းကျပ်ခဲ့ပါတယ်။ စာတတ်မြောက်ရေးထက် တစ်ဆင့်တက်ပြီး သိပ္ပံပညာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံတွေကြီးထွားလာခဲ့ပါတယ်။ စင်ကာပူကတော့ ပထဝီအနေအထား အချက်အချာကျပုံကို သိတဲ့အတွက် မဖြစ်စလောက်သော သယံဇာတကို အားမကိုးတော့ဘဲ စီးပွားဖြစ်မယ့် ပညာ၊ စီမံခန့်ခွဲမှုပညာတွေကို ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ်သင်ပေးတာကြောင့် အင်္ဂလန်ထက် ပိုပြီးချမ်းသာသွားပါတယ်။

ယနေ့ တိုးတက်ပြီ၊ ချမ်းသာပြီဆိုတဲ့ နိုင်ငံတွေဟာ ဒီလိုပဲ အမြဲတိုးတက်ချမ်းသာမြဲ ချမ်းသာနေကြမှာလား။ ဆင်းရဲတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာလည်း အမြဲပဲ ဒုက္ခပင်လယ်ဝေနေဦးမှာလား။ ဒီလိုအမြဲမဟုတ်ကြပါဘူး။ လူတိုင်း၊ နိုင်ငံတိုင်းမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စိန်ခေါ်မှုတွေရှိသလို အခွင့်အလမ်းတွေလည်း ရှိတယ်ဆိုတာ သိဖို့၊ ရှုဖို့၊ စဉ်းစားဖို့၊ သင်ယူဖို့က အဓိကကျကြောင်း အာဖရိကကျေးလက်ပုံပြင်လေးက ကမ္ဘာကို ဒီလိုပြောကြားလိုက်ပါတယ်။

**"နံနက်အချိန်ရောက်တိုင်း သမင်၊ ဒရယ်၊ ချေ(ဂျီ)ငယ်လေးတွေက အိပ်ရာကထ၊ စဉ်းစားကြပါတယ်။ တို့တစ်တွေ အသက်ရှင်ဖို့ဆိုရင် အလွန်လျင်မြန်တဲ့ ကျား၊ ကျားသစ်၊ ခြင်္သေ့တွေထက် ပို၍မြန်အောင် ပြေးနိုင်မှဖြစ်မယ်။ အာဖရိကလွင်ပြင်နဲ့ တောင်ကုန်းပေါ်က သားရဲတိရစ္ဆာန်သတ္တဝါကြီးတွေကလည်း စဉ်းစားပြန်တယ်။ တို့တစ်တွေ အစာပြတ်လို့မဖြစ်ဘူး။ အပြေးနှေးတဲ့ သတ္တဝါလေးတွေထက် မြန်မြန်ပြေး သားကောင်ဖမ်းနိုင်မှ ငတ်မွတ်ခေါင်းပါးခြင်းမှ ကင်းဝေးမယ်တဲ့။"**

ဒီပုံပြင်လေးကပြောတဲ့စကားကို နိုင်ငံကြီးငယ်မဟူ ရှေ့ရေးအတွက် မှတ်ယူကျင့်သုံးကြတာကို တွေ့ရပါတယ်။ ကြီးငယ်မဟူ သတ္တဝါတွေဟာ တောကြီးတောင်ကြီးထဲမှာ ရပ်တည်နိုင်ဖို့ သင်ယူကြရတာချည်းပဲ။

☆ မြန်မာနိုင်ငံရဲ့ ပန်းတိုင်ကတော့ ၂၀၃၀ ပြည့်နှစ်မှာ ဝင်ငွေအလယ်အလတ်မြင့်တဲ့ နိုင်ငံဖြစ်ဖို့ တစ်နိုင်ငံလုံးက ဆောင်ရွက်ကြရပေမည်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၅၄ သန်း သုည ဒသမ ၈၉ ရာခိုင်နှုန်းနဲ့ နှစ်စဉ်တိုးတက်နေပါတယ်။ လုပ်သားအင်အားစုနဲ့ ၅၂ ရာခိုင်နှုန်းသော လယ်ယာလုပ်သားကတိုင်းပြည်ရဲ့ ဂျီဒီပီ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနေပါတယ်။ သယံဇာတမျိုးစုံကို ထုခွဲရောင်းချရတဲ့အပေါ် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ဒီနေ့ထိ မူတည်နေဆဲ ဖြစ်ပါတယ်။

☆ မြန်မာ့လယ်သမားအင်အားကို ခေတ်မီအင်အားစုဖြစ်ဖို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ လက်ရှိဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ ဆန်စပါးစိုက်ပျိုး၊ ငါးမွေးမြူရေး မဟာဌာနကြီးတွေအဖြစ် ပြောင်းလဲသင့်ကပြောင်းလဲရမှာဖြစ်ပါတယ်။ ရေမြေသဘာဝရဲ့ တကယ့်တောင်းဆိုမှုကို အဲဒီတက္ကသိုလ်တွေက ဖြည့်ဆည်းပေးခြင်းဟာ ကိုယ့်ဒေသလိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဘွဲ့ရတွေ အိုးမခွာ အိမ်မခွာရဘဲ ကိုယ့်တက္ကသိုလ်၊ ကိုယ့်ဒေသကို ချစ်မြတ်နိုးသူတွေ ခေတ်မီလယ်သမားသူဌေးကြီးတွေပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ ဆန်တင်ပို့မှုကို ပြန်လည်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။

**ပြည့်စုံနိုင်သမျှပြည့်စုံအောင် ဖန်တီး**

မြန်မာနိုင်ငံတက္ကသိုလ်များရဲ့ ပညာရေးဟာ အရေးပါပညာရှင်တွေရဲ့ တာဝန်တွေဟာလည်း ၂၁ ရာစုမှာ ပို၍ကျယ်ဝန်းနက်ရှိုင်းလာပါတယ်။ တက္ကသိုလ်တွေဟာ သူတည်ရှိရာဒေသရဲ့ ကြွယ်ဝမှုအသီးသီးကို ပိုင်ဆိုင်ထားကြပါတယ်။ တက္ကသိုလ်တွေက သူတည်ရှိရာဒေသ လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနဲ့ ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှမြင့်မားအောင် တောင်းဆိုမှုတွေကို ပြည့်စုံနိုင်သမျှပြည့်စုံအောင် ဖန်တီးပေးရမှာဖြစ်ပါတယ်။



ဥပမာတစ်ခုအနေနဲ့ တင်ပြရရင် ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံမြောက်ဖျား ဆီးနှင်းတွေဖုံးအုပ်တဲ့ တောင်တန်းကြီးနဲ့ စိမ်းလန်းစိုပြည်တဲ့ သစ်တောကြီးက စီးဆင်းတဲ့ရေဟာ အကောင်းဆုံးပဲ။ ကမ္ဘာက ကြိုက်နှစ်သက်လောက်တဲ့ (Mineral water) သဘာဝဓာတ်တွေ ပါဝင်တဲ့ ရေဖြစ်ပါတယ်။ ရေသန့်စက်ရုံ မလိုလောက်အောင် ကောင်းတဲ့ရေဖြစ်ပါတယ်။ **စာမျက်နှာ ၂၁ သို့** ✣

**သဘာဝအရင်းအမြစ်ကိုလည်း အားကိုး၊ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း၊ လုံ့လဝီရိယလည်းပါ၊ ပညာအမြော်အမြင်နဲ့ ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနဲ့တွဲသုံးလိုက်ရင် ကေန်မုချ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမယ်။**

# အာဆီယံ၏ (၂၁)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၇**

အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) မဏ္ဍိုင်မှ (၂၁)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (21st ASEAN Senior Officials Meeting on Transnational Crime – 21st SOMTC) ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ယနေ့တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ အတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် အဆင့်များ ဦးဆောင်သည့် SOMTC ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ SOMTC ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်အောင်အောင် ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်ရှိ Horizon Lake View Hotel၊ Inn Gyin Villa ရှိ အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ 21st SOMTC စုံညီအစည်းအဝေး၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဝန်ကြီးချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် H.E. Haji Sufian bin Haji Sabtu က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် အာဆီယံ (၁၀) နိုင်ငံမှ SOMTC ခေါင်းဆောင်များက နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံအလိုက် ဆောင်ရွက်နေမှု၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် လက်နက်မှောင်ခို သယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ဆိုက်ဘာမှုခင်း တိုက်ဖျက်ရေး၊ တောရိုင်းတိရစ္ဆာန်နှင့်သစ်များ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်ခဲ့သည့် ရလဒ်များနှင့် အစီရင်ခံစာများကို ဘာသာရပ်ဆိုင်ရာ ဦးဆောင်နိုင်ငံများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ လူမှောင်ခိုမှု၊ ငွေကြေးခဝါချမှု၊ ပင်လယ်ရေကြောင်းဓားပြမှုများ၊ လူကုန်ကူးမှုများ၊ နိုင်ငံတကာစီးပွားရေးမှုခင်းနှင့် ဆိုက်ဘာမှုခင်းများ၊ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်မှုနှင့် တရားမဝင်သစ်နှင့် တောရိုင်းတိရစ္ဆာန် ခိုးထုတ်သယ်ယူမှုများနှင့် ပတ်သက်၍ ၂၀၁၆-၂၀၂၅ အာဆီယံနိုင်ငံ ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး လုပ်ငန်းစီမံချက် မူဘောင်မှ ၂၀၁၉-၂၀၂၁ SOMTC ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို အသေးစိတ်ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ၊ အာဆီယံ အပါအဝင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ၂၀၁၆-၂၀၂၅ အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးမူဘောင်၏ SOMTC လုပ်ငန်းအစီအမံ ၂၀၂၂-၂၀၂၄ အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားမှုကို ဘရူနိုင်းနိုင်ငံက ဦးဆောင်၍ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသော SOMTC နှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့နှင့် ညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေးအစီအစဉ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာနိုင်ငံများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များတွင် အာဆီယံ ၁၀ နိုင်ငံမှ SOMTC ခေါင်းဆောင်ကိုယ်စားလှယ်များနှင့် ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✣ စာမျက်နှာ ၂၀ မှ

ရေသန့်ကို မြစ်ကြီးနား အထက်မှာထုတ်၊ တရုတ်ယူနန်ဘက်ကိုပို့၊ ဧရာဝတီမြစ်ကြောအတိုင်း နိုင်ငံအလယ်ပိုင်းသို့ ပို့ဆောင်ရင် စီးပွားဖြစ်ပြီပဲ။ သစ်သီးဝလံတွေဟာလည်း လတ်ဆတ်၊ ပွင့်တဲ့ပန်းမန်တွေကလည်း အမျိုးစုံတဲ့အပြင် သစ်ခွတွေကလည်း ထူးခြားတဲ့ဂုဏ်အင်တွေ ရှိပါတယ်။ စီးပွားဖြစ်မယ့်လုပ်ငန်းတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ သုတေသနတွေကို မြစ်ကြီးနားတက္ကသိုလ်က ဖြည့်ဆည်းပေးရလိမ့်မယ်။

☆ ကချင်ပြည်နယ်ရဲ့ ကြွယ်ဝမှုကို နက်နက်နဲနဲ နားလည်ပြီး လူထုကို လွှဲပြောင်းပေးနိုင်ရင် မြစ်ကြီးနားတက္ကသိုလ်ဟာ ကချင်ပြည်နယ် လူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်ပဲ။ ဒီလူ့အဖွဲ့အစည်းဟာလည်း မြစ်ကြီးနား တက္ကသိုလ်ရဲ့ အရင်းအမြစ်ဖြစ်ပြီမို့ တက္ကသိုလ်နဲ့ လူ့အဖွဲ့အစည်းဟာ တစ်သားတည်းဖြစ်လာမှာ ဖြစ်ပါတယ်။

**ကောင်းပါပြီ...**သင့်အား တစ်စုံတစ်ယောက်သောသူက နိုင်ငံတကာသို့ ပန်းတင်ပို့ရောင်းချဖို့ နိုင်ငံတစ်နိုင်ငံအား ရွေးပေးပါဆိုရင် ရေမြေ ရာသီဥတု ကောင်းမွန်တဲ့နိုင်ငံ၊ လုပ်အားခသက်သာတဲ့ နိုင်ငံ၊ ပူနွေးတဲ့နိုင်ငံကို ရွေးချယ်ကောင်း ရွေးချယ်ပါလိမ့်မယ်။ တကယ်တော့ အဲဒီလိုမဟုတ်တော့ပါဘူး။ ဥရောပတစ်ခွင်နဲ့ ကမ္ဘာကို ပန်းတင်ပို့တဲ့ နိုင်ငံဟာ ဟော်လန်ဖြစ်နေပါတယ်။ ဟော်လန်ဟာ ပန်းစိုက်ကျွမ်းကျင်ပါတယ်။



**စီမံခန့်ခွဲမှု စွမ်းရည်မြင့်မား**

ဟော်လန်ဟာ နိုင်ငံငယ်ငယ်လေး ဆီးနှင်းတွေရှိတဲ့ နိုင်ငံဖြစ်နေပါတယ်။ ဒါကို ပန်းမျိုးစုံတွေက မနှစ်သက်ကြတော့ ဖန်လုံအိမ်အာနိသင်ရှိအောင်ဖန်တီးပြီး ပန်းတွေစိုက်ပါတယ်။ ပါမောက္ခတွေကလည်း ပန်းတွေလှအောင်၊ ကြာရှည်ခံအောင် သုတေသနတွေလုပ်၊ သူ့နိုင်ငံရဲ့လိုအပ်ချက်ကို ပါမောက္ခတွေက ဖြည့်ဆည်း၊ ပြည်သူနဲ့ အစိုးရကလည်း အဲဒီပါမောက္ခတွေကို ဂုဏ်ပြုပါတယ်။ ဟော်လန်ရဲ့ ထူးခြားချက်တစ်ခုကတော့ စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားခြင်းပဲ။ ရှီဖိုလ်လေဆိပ် (Schiphol airport) ရဲ့ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှုဟာ ဥရောပမှာ အမြင့်မားဆုံးပဲ။ ဝန်ဆောင်မှုစီးပွားရေးဟာ ဘက်ပေါင်းစုံတော်မှ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုစွမ်းရည်မြင့်မားမှ အရာရာအောင်မြင်တာ ဖြစ်ပါတယ်။

☆ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာရှိလို့ အချက်အချာလည်းကျ၊ သယံဇာတလည်းကြွယ်ဝဆိုပြီး ငြိမ်နေရုံနဲ့ ဘာမှဖြစ်မလာပါဘူး။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့်ထုတ်ပေးခြင်း၊ လူသားအရင်းအမြစ်ရဲ့ အရည်အသွေး၊ အရည်အချင်း၊ ကြံ့ရည်ဖန်ရည်၊ စိတ်ကောင်းစေတနာကောင်းနဲ့ စွမ်းဆောင်ရည်၊ တရားမျှတမှုနဲ့ ကိုယ်ချင်းစာတရားတွေကိုလည်း တိုးတက်ပွားများအောင် ဆောင်ကြဉ်းပေးခြင်းအားဖြင့် အေးချမ်းသာယာတဲ့ လူမှုဘဝကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။



☆ သဘာဝအရင်းအမြစ်ကိုလည်း အားကိုး၊ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း၊ လုံ့လဝီရိယလည်းပါ၊ ပညာအမြော်အမြင်နဲ့ ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနဲ့ တွဲသုံးလိုက်ရင် ဧကန်မုချ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမယ်လို့ ဆိုချင်ပါကြောင်း မေတ္တာဖြင့်ရေးသားတင်ပြအပ်ပါတယ်။

အို မြန်မာတို့ ... ရှုလော့ ... စဉ်းစားကြလော့ ... သင်ယူကြလော့ ... အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့ ...။ ။

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများပြည်သူရုံးပိတ်ရက်များတွင် ပြတ်လပ်မှုမရှိစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် တရုတ်နိုင်ငံဘက်မှ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့် ထိုင်းနိုင်ငံဘက်မှ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မော်တောင်၊ ထီးခီးတို့မှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်ကို တွေ့ရစဉ်။

### ဦးစားပေးတင်သွင်းခွင့်ပြု

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ကာလအတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၃၈၇၉ ခု၊ Test Kit ၉၆၆၀ တို့အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်သုံးစီးဖြင့် ၅၈ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၃၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၂၉၅ ခု၊ Test Kit ၉၆၆၀၊ နှာခေါင်းစည်း (Mask) ၈၂ တန်၊ PPE ဝတ်စုံ ၇၀၀၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၃ ခုမှ ယာဉ်စီးရေ ၄၉ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၂၇ ရက်အထိ ယာဉ်စီးရေ ၅၁၃ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၆၁၁ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၆၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၁၃၈၂ ခု၊ Test Kit ၂၆၀၅၂၈ ခု၊ နှာခေါင်းစည်း ၇၇၆ တန်၊ Oxygen Plant လေး ခု၊ Oxygen Generator ကိုးခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည်များ သယ်ဆောင်လာသည့် ယာဉ်နှစ်စီး မြဝတီနယ်စပ်မှ ထွက်ခွာ

**မြဝတီ ဇူလိုင် ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အောက်ဆီဂျင်အပါအဝင် ကိုဗစ်အထောက်ကူပြုဆေးနှင့်ပစ္စည်းများ တင်သွင်းမှုကို မြဝတီနယ်စပ်မှတစ်ဆင့် တင်သွင်းခွင့်ပြုပေးလျက်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည်များ သယ်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီးတို့သည် ယနေ့ မြဝတီကုန်သွယ်ရေးဇုန်မှ ထွက်ခွာသွားကြောင်း သိရသည်။

သင်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည် တန် ၂၀ သယ်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးသည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ကလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်မည့် အောက်ဆီဂျင်အရည် ၁၉ ဒသမ ၅၂ တန် သယ်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးသည် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ကလည်းကောင်း စုစုပေါင်း ယာဉ်နှစ်စီးတို့သည် မြဝတီကုန်သွယ်ရေးဇုန်မှ ယနေ့ ထွက်ခွာသွားကြောင်း သိရသည်။

### လွယ်ကူလျင်မြန်စေရေး

ထိုသို့ ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အဓိကလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည် တင်သွင်းလာမှုများအား ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်မှ ပြည်သူများလက်ဝယ် အမြန်ရောက်ရှိစေရေးအတွက် အချိန်ကြန့်ကြာမှုမရှိ လွယ်ကူလျင်မြန်စေရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် နှာခေါင်းစည်းများ၊ အောက်ဆီဂျင်စလင်ဒါအိုးများ၊ အိမ်သုံးအောက်ဆီဂျင်စက်များကိုလည်း လျင်မြန်စွာ တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**


# အောက်ဆီဂျင်အရည်နှင့် ဓာတ်ငွေ့များ တင်ဆောင်လာသည့်ယာဉ်များ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဝင်ရောက်လာသည့် ပုံရိပ်များ

အောက်ဆီဂျင်အရည်နှင့် ဓာတ်ငွေ့များကို နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် တရုတ်နိုင်ငံဘက်မျက်နှာစာမှ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့် ထိုင်းနိုင်ငံဘက်မျက်နှာစာမှ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မောတောင်၊ ထီးခီးတို့မှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိသည်။




















# ဇူလိုင် ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၉၆၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၆-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၇-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၆၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၉၆၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၀၂,၆၈၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၇၉,၁၁၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၆၈၁)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၉၄,၄၁၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃၃၈)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၇,၈၄၅) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၃၇) ခု | (၂၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | (၄၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၀) ခု | (၁၈၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၃၄) ခု | (၆၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၂) ခု | (၉၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၇၅) ခု | (၁,၀၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၃၂၅) ခု | (၃,၂၄၂) ဦး |
| စုစုပေါင်း | (၁၃,၆၅၇) ခု | (၄,၉၆၄) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၂၈၇၂၆၉ | ၂၉၅၄၈၄၆၈ | ၆၂၇၀၃၉ |
| ၂။ | အိန္ဒိယ | ၃၁၄၄၀၉၅၁ | ၃၀၆၂၁၄၆၉ | ၄၂၁၃၈၄ |
| ၃။ | ဘရာဇီး | ၁၉၇၀၇၆၆၂ | ၁၈၃၉၈၅၆၇ | ၅၅၀၅၈၆ |
| ၄။ | ရုရှား | ၆၁၇၂၈၁၂ | ၅၅၂၆၉၅၀ | ၁၅၅၃၈၀ |
| ၅။ | ပြင်သစ် | ၅၉၉၉၂၄၄ | ၅၆၈၂၉၉၈ | ၁၁၁၆၆၇ |
| ၆။ | ဗြိတိန် | ၅၇၂၂၉၈ | ၄၄၅၉၂၃၁ | ၁၂၉၁၇၂ |
| ၇။ | တူရကီ | ၅၆၁၈၄၁၇ | ၅၄၂၆၇၃၃ | ၅၀၉၉၇ |
| ၈။ | အာဂျင်တီးနား | ၄၈၅၉၁၇၀ | ၄၅၀၈၁၃၇ | ၁၀၄၁၀၅ |
| ၉။ | ကိုလံဘီယာ | ၄၇၃၆၃၄၉ | ၄၅၀၅၁၁၂ | ၁၁၉၁၈၂ |
| ၁၀။ | စပိန် | ၄၃၄၂၀၅၄ | ၃၆၉၆၂၇၁ | ၈၁၂၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၂၃၉၉၃၆ | ၂၅၉၆၈၂၀ | ၈၆၈၃၅ |
| ၂။ | ဖိလစ်ပိုင် | ၁၅၆၂၄၂၀ | ၁၄၇၈၆၂၅ | ၂၇၃၁၈ |
| ၃။ | မလေးရှား | ၁၀၄၄၀၇၁ | ၈၆၅၄၃၉ | ၈၄၀၈ |
| ၄။ | ထိုင်း | ၅၂၆၈၂၈ | ၃၅၀၆၄၃ | ၄၂၆၄ |
| ၅။ | မြန်မာ | ၂၇၉၁၁၉ | ၁၉၄၄၁၀ | ၇၈၄၅ |
| ၆။ | ဗီယက်နမ် | ၁၀၉၁၁၁ | ၂၁၃၄၄ | ၅၂၄ |
| ၇။ | ကမ္ဘောဒီးယား | ၇၄၃၈၆ | ၆၆၇၂၅ | ၁၃၂၄ |
| ၈။ | စင်ကာပူ | ၆၄၄၅၃ | ၆၂၆၁၇ | ၃၇ |
| ၉။ | လာအို | ၅၁၅၄ | ၂၁၇၄ | ၅ |
| ၁၀။ | ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |



## ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တောင်ကြီးမြို့ရှိပရဟိတအဖွဲ့များ တွေ့ဆုံ

**တောင်ကြီး ဇူလိုင် ၂၇**

ကိုဗစ် -၁၉ ရောဂါပိုးများကူးစက်ပျံ့နှံ့မှု လျော့ကျနိုင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တောင်ကြီးမြို့ပေါ်ရှိ ပရဟိတအဖွဲ့များနှင့် ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြောင်း သိရသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးလှဦးက တောင်ကြီးမြို့၊ ညောင်ရွှေမြို့၊ ရပ်စောက်မြို့တို့ကို Stay at home အဖြစ် ကြေညာပြီးဖြစ်၍ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များပြောလာသဖြင့် တက်ရောက်လာသည့် ပရဟိတအဖွဲ့များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါက ရှမ်းပြည်နယ်အတွင်း ရောဂါပိုးကူးစက်မှုနှုန်းလျော့ကျသွားမည်ဖြစ်ကြောင်း၊ လူနာသယ်ယူပို့ဆောင်ရာတွင်လည်း ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ သွားရောက်သယ်ဆောင်ရာတွင် ပရဟိတအဖွဲ့များက ပါဝင်ဆောင်ရွက်ပေးကြောင်း၊ ယခုလက်ရှိတွင် ကျန်းမာရေးဝန်ထမ်း အင်အားနည်းပါးနေသဖြင့် ပရဟိတအဖွဲ့ကို အကူအညီရယူပြီး အတွေ့အကြုံများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ယနေ့ပရဟိတအဖွဲ့ကိုခေါ်ယူတွေ့ဆုံ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလိတ်နှင့် အတွင်းရေးမှူး ဦးနေလင်းတို့က ကိုဗစ် -၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှု လျော့ကျနိုင်ရေးအတွက် ထိန်းချုပ်၊ ကုသမှု ဆောင်ရွက်နိုင်ရန်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် တောင်ကြီးမြို့ပေါ်ရှိ ပရဟိတအဖွဲ့များက တစ်ဦးချင်းမိတ်ဆက်ကြကာ လုပ်ငန်းအတွေ့အကြုံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**




(၂၆-၇-၂၀၁၂ မှ အဆက်)

- ၆ -

သည့်အကြောင်းများ ပြောပြသော အခါ ခင်မြင့်ဆွေကလည်း အံ့သြဝမ်းသာ စကားဆိုသည်။

"အေးကွယ်၊ သက်သက်နဲ့ မမဦး အခု လို အဆင်ပြေသွားတာ အံ့သြစရာလည်း ကောင်းတယ်။ ဝမ်းသာစရာလည်း ကောင်းပါတယ်။ မမဆွေတို့ပါ ကြားထဲ က အနေရ မခက်တော့ဘူးပေါ့ "

"ဟုတ်တယ် မမဆွေ။ ပထမတော့ သက်သက်လည်း မမဦးကို မယုံမရဲ ဖြစ် နေသေးတယ်။ သူ စိတ်ဆင်းရဲအောင် လုပ်ခဲ့လို့ တစ်ချိန်ချိန်မှာ သက်သက်ကို အယုံသွင်းပေါင်းပြီး တစ်ခုခု ပြန်လက် စားချေမလားလို့ပေါ့...။ ဒါပေမဲ့ မမဦးက ဒီလို လုံးဝမဟုတ်ဘူး မမဆွေ။ သက်သက်အပေါ်မှာ တကယ့် စေတနာ အရင်းခံနဲ့ကို ကောင်းခဲ့တာပါ "

"ဟုတ်ပါတယ်။ မမဆွေတို့လည်း မြင်နေတာပဲ။ သားသားကို မွေးတုန်း ကလည်း သူအတော်အပင်ပန်းခံ ပြုစုခဲ့ တယ်ဆို"

"ဟာ.. အဲဒီတုန်းကဆို သက်သက် မမဦးကို ကျေးဇူးတင်လိုက်တာ မမဆွေရယ်။ မမဦး အရမ်းပင်ပန်းတာ"

သားသားကို မွေးစဉ်က သက်သက် ဗိုက်ခွဲ၍ မွေးရခြင်းဖြစ်သည်။ သားဦး လည်း သားဦး။ ယောကျ်ားလေးလည်း ယောကျ်ားလေး၊ ကလေးက ထွားလည်း ထွားသည်မို့ ဗိုက်စပြီး နာလာကတည်း က သုံးရက်လောက်အထိ သက်သက် မြေ့ခနေအောင် ခံရသည်။

စစ်ကိုင်းက အမေကလည်း နေမကောင်း သဖြင့် ဆင်းမလာနိုင်။ ကိုကိုကြီးတို့က လည်း သက်သက် နိုင်လင်းနှင့် ယူ ကတည်းက အဝင်အထွက် အဆက် အသွယ် သိပ်မလုပ်တော့သဖြင့် သက်သက်မှာ ကိုယ့်ဘက်က ဘယ်သူ့မှ အားကိုးစရာ မရှိခဲ့။

တစ်လျှောက်လုံး အားပေး၊ နေ့မအိပ် ညမအိပ် ပြုစု၍ မမဦးတစ်ယောက်တည်း အပင်ပန်းခံသည်။ သက်သက် နာကျင် လူးလှိမ့်နေသည့်အချိန်တွင် မမဦးနှင့် သူနာပြုဆရာမနှစ်ယောက်သာ ခုတင် တစ်ဖက်တစ်ချက်၌ အချိန်ပြည့်စောင့်၍ အားပေးယုယသည်။

နောက်ဆုံး ဘယ်လိုမှ မမွေးနိုင်သည့် အတွက် ခွဲစိတ်ပြီး မွေးရတော့လည်း တစ်လကိုးသီတင်းလုံးလုံး ကလေးကို မမဦးကပဲ ထိန်းပေးခဲ့သည်။ သက်သက်က ကလေးပင် ကောင်းကောင်းမချီနိုင်။

သားသားက မမဦး လက်ပေါ်မှာလိုလို ကြီးခဲ့ရသည်။ ကလေး၏ အမည်ကိုလည်း မမဦးကပင် ရွေးချယ်၍ မိဘသုံးယောက် စလုံး နာမည်ပါအောင်ဟုဆိုကာ "မောင်သက်လင်းဦး"ဟု ပေးခဲ့သည်။ ကလေးကိုလည်း သူကျောင်းပိတ်သည့် စနေနေ့လိုနေ့မျိုး၌ မနက်လာခေါ်၊ တစ်ခါတစ်ရံ ညဘက်ပြန်ပို့၊ တစ်ခါတလေ ကျတော့ ဟိုမှာပင် ညသိပ်ကာ တနင်္ဂနွေ နေ့ကျမှ ပြန်ပို့တတ်သည်။

သားသားကလည်း သူ့ကြီးမေကို ချစ် ၏။ သည်ကဲ့သို့ ကောင်းမွန်သော အခြေ အနေများကြောင့် အထူးကြည်နူး ပျော်ရွှင် နေသူမှာကား နိုင်လင်းဖြစ်ကြောင်း အထူးပြောစရာလိုမည် မထင်။

နိုင်လင်း၏ "သစ္စာပိုင် တေးသံသွင်း လုပ်ငန်း" ကလည်း သိသိသာသာ တိုးတက် လာသည်။

ကံက လိုက်ချင်လို့လား မပြောတတ်။ အခွေကူး၊ သီချင်းသွင်းလုပ်ငန်းလေးက သူ့ဟာနှင့်သူ အလိုက်သင့် ဝင်ငွေကောင်း နေဆဲမှာပင် တစ်ဖက်က စီးရီးသစ်များ ထုတ်ဝေဖြန့်ချိသည့် လုပ်ငန်းကလည်း တစ်ခွေဆို ဆိုသလောက် ထိထိ ရောက်ရောက် ဖြစ်လာသည်။

နာမည်ကြီး အဆိုတော်များ၏ စီးရီး များ အောင်မြင်သည်ကတော့ ဘာမှ မထူး ဆန်း။ နိုင်လင်းက သည်လောက်သာ မဟုတ်။ နာမည်လုံးဝမရှိသည့် လူသစ် အခွေပင်လျှင် နိုင်လင်းဆီက ဖြန့်လျှင် ထထပေါက်သည်။

နိုင်လင်း၏ "သစ္စာပိုင်တေးသံသွင်းလုပ်ငန်း" ကလည်း သိသိသာသာ တိုးတက်လာသည်။
နာမည်လုံးဝမရှိသည့် လူသစ်အခွေပင်လျှင် နိုင်လင်းဆီကဖြန့်လျှင် ထထပေါက်သည်။
နိုင်လင်းက တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ ခဏခဏဖြစ်လာသောအခါ
တေးသံသွင်းလောကတစ်ခုလုံး နိုင်လင်းဆို အလိုလိုဖြုံနေတတ်သည်။
တေးသံရှင်အသစ်များကလည်း နိုင်လင်းအား ရွှံ့တုံးကို ရွှေဖြစ်အောင်
လုပ်နိုင်သူလောက် လေးစားခံ့ညား ချဉ်းကပ်နေကြရသည်။
ဤသည်မှာပင် သက်သက်အတွက် ဝင့်လည်ဖို့ အစပျိုး...

သည်လိုထပေါက်သည့် အခွေမျိုးမှ လည်း ထုတ်လုပ်သူအတွက်လည်း မြိုးမြိုး မြက်မြက် ရတတ်၏။ အဆိုတော် အသစ်မို့ ဆိုခတွေ ဘာတွေလည်း များများစားစား ပေးစရာမလို။ မပြောပလောက်သော အရင်းအနှီးကနေ ဝုန်းခနဲ ထိုအဆိုတော် နှင့် ထိုစီးရီးပါ အရမ်းအောင်မြင်ပြီး လုံးဝ မထင်ထားသည့် ခွေအရေအတွက်တွေ ရောင်းရ၊ ငွေအစုလိုက်အပုံလိုက် ဝင်ချ လာခြင်းကို ထိုလောကဝေါဟာရဖြင့် ထပေါက်သည့် ဆိုခြင်းဖြစ်သည်။

ဒါမျိုးက တေးသံသွင်းတိုင်း မဖြစ် တတ်။

နိုင်လင်းက တစ်ခါလည်းမဟုတ်၊ နှစ်ခါ လည်း မဟုတ်။ ခဏခဏ ဖြစ်လာသော အခါ တေးသံသွင်းလောကတစ်ခုလုံး နိုင်လင်းဆို အလိုလိုဖြုံနေတတ်သည်။ တေးသံရှင်အသစ်များကလည်း သစ္စာပိုင် နိုင်လင်းဆိုသော အမည်ရနေသည့် နိုင်လင်း အား ရွှံ့တုံးကို ရွှေဖြစ်အောင် လုပ်နိုင်သူ လောက် လေးစားခံ့ညား ချဉ်းကပ်နေကြ ရသည်။

ဤသည်မှာပင် သက်သက်အတွက် ဝင့်လည်ဖို့ အစပျိုးလာခြင်းဖြစ်၏။

x x x x x

- ၇ -

ဤသတင်းကို ဦးဆုံး သယ်ဆောင်လာ သူက ခင်မြင့်ဆွေ။ ခင်မြင့်ဆွေက မြို့ထဲ ရုံးတစ်ရုံးမှာ အလုပ်လုပ်နေသူဖြစ်ရာ၊ ဘာ ပြောပြော သက်သက်ထက် စာလျှင် အပေါင်းအသင်း ပိုများ၍ သတင်းစုံပုလင်း စုံ ရတတ်သည်။ ခုလည်း ထိုသတင်းက လက်သိပ်ထိုး သတင်းလောက်သာ ရှိသေး၍ ပြင်ပပြင်လွင်၌ သိပ်ကျယ် ကျယ်ပြန့်ပြန့် မရှိသေးမီပင် ခင်မြင့်ဆွေ အမှတ်တမဲ့ ရလိုက်ခြင်းဖြစ်၏။

"သက်သက် မမဆွေ တစ်ခုပြောမယ် နော်၊ ဒီကိစ္စက သိပ်တိတိကျကျကြီးတော့ မဟုတ်သေးဘူး။ ဒါပေမဲ့ သူတို့ အချင်း ချင်း ကြားထဲမှာတော့ သတင်းသန့်သန့် ထွက်နေပြီ။ သက်သက် ဘာကြားသေး လဲ"

ရုတ်တရက် အစမရှိ အဆုံး မရှိ ရုပ်လုံး လည်း မပေါ်သောစကားမို့ ခင်မြင့်ဆွေ ပြောပြသည့် စကား၏အဓိပ္ပာယ်ကို သက်သက် ဘယ်လိုမှနားမလည်လိုက်။ ထို့ကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး

"ဘာကိုပြောတာလဲ မမဆွေ။ သက်သက်လည်း ဘာမှ မကြားပါလား"

"မကြားသေးရင်တော့ နားထောင် ထားနော် သက်သက်၊ ကိုနိုင်တစ်ယောက် အခုတလော မြမိုးသူနဲ့ ဘာလိုလို ဖြစ်နေ တယ်လို့ ပြောသံကြားတယ်။ ကိုနိုင့်ကို သိပ်လွှတ်မထားနဲ့ဦး"

သက်သက် ရင်ထဲ ဒိန်းခနဲ ဖြစ်သွား သည်။ စောစောလေးကတင် ကိုယ်ပေါ်မှ ပြေးဆင်းသွားလျက် မှန်ဗီရိုထဲမှ ကက်ဆက်ခွေဘူးများ ထုတ်ယူဆော့ ကစားနေသော သားသားကို တစ်ချက် လှမ်းကြည့်လိုက်ပြီး

"ဟာ..မဖြစ်နိုင်ဘူး ထင်ပါတယ် မမဆွေ။ မမဆွေ ဘယ်က ကြားလာလဲ"

" ဒီလိုပဲ တစ်ဆင့်စကား တစ်ဆင့် နားကြားတာပဲ သက်သက်။ မမဆွေတို့ ရုံးက ကောင်မလေးတစ်ယောက်က စတီရီယို ချာတိတ်တစ်ယောက်နဲ့ အဆက်ဖြစ်နေတယ်။ တစ်နေ့က သူတို့ နှစ်ယောက် စကားစပ်မိရင်း ကောင်လေး ကပြောပြလို့ ကြားလာတာတဲ့။ မမဆွေ နဲ့ ကိုနိုင် သိမှန်း အဲဒီကောင်မလေးက မသိလို့ မမဆွေကို လာပြောပြတာ"

ဒါဆို ဒီသတင်းက မှန်များနေမလား။ သက်သက် ချောက်ချောက်ချားချား တွေးလိုက်မိ၏။ ဟုတ်ချင်မှ ဟုတ်မည် ဖြစ်သော်လည်း မဟုတ်ဘူးဟုကား ရုတ်တရက် ဘယ်လိုမှ လျှော့လျှော့ ပေါ့ပေါ့ မတွေးလိုက်ရဲ။

နိုင်လင်းမှာက "ဇ" ရှိသည်။ သူနှင့် တုန်းကလည်း သည်လိုကနေစခဲ့သည် မဟုတ်ပါလား...... ။

ရင်ထဲ၌ ကတုန်ကယင်ကြီး ဖြစ်လာ ၏။

x x x x x

ဆက်လက်ဖော်ပြပါမည်

(ဆရာနွမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်" စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြု ချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ရေလမ်းခရီးသွား ပြည်သူများ အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရေး အသိပညာပေး

မြောက်ဦး ဇူလိုင် ၂၇

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက ရေလမ်းခရီးသွား ပြည်သူများအနေဖြင့် ရေဘေး အန္တရာယ် ကင်းရှင်းရေးအတွက် အသက်ကယ်အင်္ကျီ များ စနစ်တကျဝတ်ဆင်ပြီး ခရီးသွားလာနိုင်ရန် ရည်ရွယ်၍ ယမန်နေ့နံနက် ၈ နာရီက မြို့နယ်အတွင်းရှိ ဘုတ်ဆိပ်၊ စက်လှေဆိပ်များသို့ သွားရောက်၍ ဈေးဝယ်ရန်လာရောက်ကြသော ပြည်သူများကို အသက်ကယ်အင်္ကျီများ စနစ်တကျ ဝတ်ဆင်အသုံးပြု တတ်စေရေး လက်တွေ့သရုပ်ပြခဲ့ကြသည်။

ဆက်လက်၍ ဘုတ်၊ စက်လှေများဖြင့် မြို့မဈေး ကြီးသို့ ပတ်ဝန်းကျင်ကျေးရွာများမှ ကုန်ရောင်း ကုန်ဝယ် လာရောက်ဝယ်ယူရောင်းချကြသော ပြည်သူ များ၊ ကုန်တင်ကုန်ချအလုပ်သမားများအား အသက်ကယ် အင်္ကျီများ စနစ်တကျဝတ်ဆင်အသုံးပြုတတ်စေရန် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခြင်း၊ ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီများ လက်တွေ့ဝတ်ဆင်ခြင်းနှင့် အသိပညာပေးခြင်းများ လက်တွေ့ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြို့နယ် အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများသို့ ရေလမ်းဖြင့် ပြေးဆွဲပေးနေသော ဘုတ်ပိုင်ရှင်များနှင့် စက်လှေ ပိုင်ရှင်များအနေဖြင့် အသက်ကယ်အင်္ကျီများ မပါရှိ ပါက ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ထားရှိရေး စသည့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အသက် ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ရေး အသိပညာပေး ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## နေပြည်တော်
## ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်နှင့် နယ်ရုံးများတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေးလစာနှုန်း ကျပ် (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ရာထူး (၁၀၉) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်သည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၁–၈–၂၀၂၂) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ [နိုင်ငံ့ဝန်ထမ်း၊ မဟာဘွဲ့/ပါရဂူဘွဲ့ရသူဖြစ်ပါကအသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။]

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ Website လိပ်စာ **http://tourism. gov.mm/mm/**၊နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြထားမည် ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၃)နှင့် မိမိတို့နီးစပ်ရာဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ (၃၁–၈–၂၀၂၂) ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–

(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ

(ခ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်(မူရင်း)

(င) သက်ဆိုင်ရာရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း) (လွန်ခဲ့သောတစ်လအတွင်း)

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်(မူရင်း)

(ဇ) ရက်သတ္တ(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၅။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့ထားသော လျှောက်လွှာများ၊ သတ်မှတ်ချက်များနှင့် မကိုက်ညီသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာများကို (၇–၉–၂၀၂၂) ရက်နေ့တွင် ဝန်ကြီးဌာန၏ Website လိပ်စာ **http://tourism.gov.mm/mm/**၊ နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့ တွင် **ဖော်ပြသွားပါမည်။**

၇။ ရေးဖြေစာမေးပွဲတွင် အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာအထွေထွေဗဟုသုတနှင့် IT ဆိုင်ရာ အသုံးပြုနိုင်မှုတို့ကိုဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာတင်ခဲ့သည့် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။

၈။ အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဖုန်းအမှတ်–၀၆၇– ၃၄၀၆၄၆၆၊ ၀၆၇–၃၄၀၆၄၅၇ နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဖုန်းအမှတ်–၀၆၇–၃၄၀၆၁၀၁၊ ၀၆၇–၃၄၀၆၂၅၀၊ ၀၆၇–၃၄၀၆၀၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဝင့်ထက်ထက်စံ ပိုင်ဆိုင်သော CC–5073 Toyota Corolla အဖြူရောင် Taxi ယာဉ်အား ၂၉–၆–၂၀၂၂ ရက် မွန်းလွဲ ၁:၃၀နာရီခန့်က ကမ်းနားလမ်း နှင့်၁၂လမ်းထောင့်ရှိ ကျွန်မခင်ပွန်းရုံးရှေ့တွင် ရပ်ထားစဉ် ပျောက်ဆုံးသွားပါသဖြင့် ကျွန်မခင်ပွန်းမှ တရားလိုပြုလုပ်၍ လမ်းမတော်ရဲစခန်းတွင် (ပ) ၇၃/၂၀၂၂ ပုဒ်မ ၃၇၉(ကား)ဖြင့် အမှုဖွင့်တိုင်တန်းထားပြီးဖြစ်၍ တွေ့ရှိပါက Ph: 09–43067035, 09–5502104 တို့အား ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် ကားအား အရောင်းအဝယ်ပြုလုပ်ခြင်း၊ အုံနာဘုတ်အတုပြုလုပ်ထားခြင်းများရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ထက်ထက်စံ**
**[၁၄/မမန(နိုင်)၂၂၆၃၀၇]**
**ဖုန်း–၀၉–၄၃၀၆၇၀၃၅**

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်နိုင်မြင့်[၁၂/တမန(နိုင်)၀၀၁၁၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ကံဘဲ့)၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ်(၁၃၅ဃ[B၁])၊ မြေအကျယ်အဝန်း (၃၀'/၃၀' ၂''x ၁၀၀')၊ (၀.၀၆၉)ဧက၊ အမှတ်(၃၆စီ)၊ ဖိုးရာဇာလမ်း၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ရောင်းသူ ဒေါ်သင်းသင်းလွင်[၁၂/ဥကတ(နိုင်) ၀၈၃၇၃၇] အမည်ပေါက်ကြောင်း မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤမြေနှင့် အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သူရဗိုလ်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၈၉၃/၁၃–၇–၂၀၁၇)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒု–ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၈၇၀၃၇၊ ၀၉–၇၆၇၉၇၀၃၁၀**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ်–၃/၂၀၂၂ ဖြင့် တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက်ပြင်ဆင်သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကတ်သုတ်ကြေးနီ (၅၀၀၈.၅၇၄)မက်ထရစ်တန်၊ (21) Lot အား အမေရိကန်ဒေါ်လာဖြင့် ရောင်းချလိုကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း၍ ၂၁–၇–၂၀၂၂ ရက်နေ့၌ အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြော်ငြာထည့်သွင်းခဲ့ပါသည်။ သို့ရာတွင် ၂၁–၇–၂၀၂၂ ရက်နေ့သည် အများပြည်သူအလုပ်ပိတ်ရက်များတွင် ပါဝင်ခဲ့သဖြင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ၃၀–၇–၂၀၂၂ ရက်နေ့သို့ ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို ၁၆–၇–၂၀၂၂ ရက်နေ့မှ ၁၈–၇–၂၀၂၂ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါဖွင့်လှစ်မည့် ၃၀–၇–၂၀၂၂ ရက်နေ့သည် တိုးမြှင့်သတ်မှတ်သော အများပြည်သူအလုပ်ပိတ်ရက်များတွင် ပါဝင်နေပါသဖြင့် တင်ဒါဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရွှေ့ဆိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) တင်ဒါပိတ်မည့်ရက်နှင့် အချိန် – ၂၀–၈–၂၀၂၂ ရက် (၁၄:၀၀) နာရီ

(ခ) တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန် – ၂၀–၈–၂၀၂၂ ရက် (၁၅:၀၀) နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ၀၆၇–၃၄၀၉၃၇၈ နှင့် ၀၆၇–၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

(၁၃–၇–၂၀၂၂) ရက်နေ့တွင် ထည့်သွင်းကြေညာထားသော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၏ လုပ်ငန်းများတွင် အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် ပြုလုပ်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၄/၂၀၂၀–၂၀၂၁) တင်ဒါဖွင့်ပွဲအား (၂၇–၇–၂၀၂၂)ရက်နေ့အစား တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း–၀၁–၃၆၄၀၅၁၆**

## ဦးအောင်ထွေး[၁၂/မဂတ(နိုင်)၀၇၇၂၂၀]
## (Great Cairo Construction)အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ အမှတ်(၃၂)နေ ဦးဇော်မင်းထိုက် [၁၂/မဂတ(နိုင်)၀၉၀၂၁၆]Royal Hlaing Construction ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ–

၁။ Great Cairo Construction ဦးအောင်ထွေးနှင့် Royal Hlaing Construction ဦးဇော်မင်းထိုက်တို့သည် တိုက်ဆောက်ရန်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ မတည်ရင်းနှီးငွေအဖြစ် ဦးဇော်မင်းထိုက်ပိုင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်ရှိ ကရင်ဆိပ်ကျေးရွာ၊ ကွင်းအမှတ်(၇၀၄–A)၊ သင်ပေါင်းတောင်ကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်–၆၄/ဃ၊ ဧရိယာအကျယ်အဝန်း (၁၂.၃၆)ဧကရှိ လယ်မြေကွက်များ၏ စာရွက်စာတမ်းများ၊ မတည်ရင်းနှီး ငွေသိန်း(၁၀၀၀) (ကျပ်သိန်းတစ်ထောင်)နှင့်ညီမျှသည့် အာမခံကြေးငွေအဖြစ် (၂၁–၄–၂၀၁၅)ရက်နေ့၌ ဦးအောင်ထွေးသို့ ပေးအပ်ခဲ့သည်။ ငွေသားအနေဖြင့် ကျပ်သိန်း(၅၂၀) (ကျပ်သိန်းငါးရာနှစ်ဆယ်)ကိုလည်း(၂၃–၅–၂၀၁၅)ရက်နေ့၌ Great Cairo Construction သို့ ပေးသွင်းခဲ့ပါသည်။

၂။ အကျိုးတူပူးပေါင်းဆောက်လုပ်ရန် သတ်မှတ်ထားသော တိုက်များဆောက်လုပ်ပြီးနောက်(၁၆–၁–၂၀၁၇)ရက်နေ့ စာရင်းရှင်းလင်းရာ အမြတ်ငွေအဖြစ် ငွေသား ၇၇၅၀၉၀၀၀/–(ငွေကျပ်ခုနစ်ရာခုနစ်ဆယ့်ငါးသိန်းကိုးထောင်တိတိ) နှင့် ဆောက်လုပ်ပြီးသည့် တိုက်များမှ အခန်း(၅)ကို Great Cairo Constructionမှ ဦးဇော်မင်းထိုက်သို့ ပေးအပ်ခဲ့သည်။ သို့သော် မတည်ရင်းနှီးငွေများကိုမူ ရှင်းလင်းပေးခြင်းမရှိဘဲ တိုက်အား ဆက်လက်ဆောက်လုပ်ရန်ရှိနေကြောင်း နောက်မှ ရှင်းလင်းရန် ညှိနှိုင်းပြောကြားခဲ့သည်။

၃။ ထိုကဲ့သို့ သဘောတူညီပြီးနောက် ဦးဇော်မင်းထိုက် ထည့်ဝင်ထားသော မတည်ငွေများဖြင့် တိုက်ဆောက်လုပ်ရာတွင် ဦးဇော်မင်းထိုက်အား လုံးဝအသိမပေးသလို လုပ်ငန်းပိုင်းဆိုင်ရာ၌လည်း ပါဝင်စေရန် မခေါ်ဆောင်ဘဲနေသည့်အတွက် ဦးဇော်မင်းထိုက်မှ ဦးအောင်ထွေးသို့ အကြိမ်ကြိမ်သွားရောက်မေးမြန်းခဲ့သော်လည်း ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့ဖြင့် ရွှေ့ဆိုင်းလာခဲ့ပါသည်။ ယင်းကဲ့သို့ သည်းခံပြီး စောင့်ဆိုင်းခဲ့ရခြင်းသည် ဦးအောင်ထွေးနှင့် ဦးဇော်မင်းထိုက်၏ ဇနီးတို့သည် ဆွေမျိုးသားချင်းများဖြစ်၍ ဖြစ်ပါသည်။

၄။ သို့သော် နောက်ဆုံးအနေဖြင့်(၃–၅–၂၀၂၀)ရက် နေ့စွဲဖြင့် မတည်ရင်းနှီးငွေအပေါ် စာရင်းရှင်းလင်းပေးရန် နို့တစ်စာပေးပို့ခဲ့သော်လည်း ၎င်းအနေဖြင့် အမြတ်အဖြစ် သတ်မှတ်ထားသော ငွေသားနှင့်အခန်း(၅)ခန်းကို စာရင်းရှင်းလင်းပေးပြီးဖြစ်ကြောင်းသာ ပြန်ကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဦးဇော်မင်းထိုက်မှ မတည်ရင်းနှီးငွေဖြစ်သော အာမခံအဖြစ်ပေးထားသော လယ်မြေကွက်များနှင့်ငွေသားများကို ဤကြေညာပါသည့်နေ့မှ ရက်(၃၀)အတွင်း ဦးအောင်ထွေးမှ ဦးဇော်မင်းထိုက်သို့ လာရောက်ပေးအပ်ရန်နှင့် အာမခံအဖြစ် ပေးအပ်ထားသော လယ်မြေကွက်များကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်း၊ လက်ပြောင်း လက်လွှဲခြင်းမပြုလုပ်ရန် အကယ်၍ ဖျက်ကွက်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးစိုင်းထွန်းအေး**
**B.A,M.A(Philo),H.G.P,R.L,B.D.S(MOFA),DL.101–WIPO,D.I.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၉၁၇)**
**အမှတ်(၄၆)၊ ပထမထပ်၊ ၈၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၃၈၇၂၂၄၄**

## ဥတုရာသီ တောကိုမှီ၏

## လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ချယ်ရီလမ်း၊ အမှတ် (၄၈၂)နေ
ဦးဗိုလ်ဗိုလ်သန်း–ဒေါ်ဗယ်လင်တီနာတင်လေးတို့၏ သားကြီး
**မောင်တာရာဗိုလ်**
**B.A (English,YUFL)**
**နှင့်**
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၃၂) နေ
ဦးအောင်ကျော်ထူး–ဒေါ်ချိုချိုမာတို့၏ သမီး
**မထူးနန္ဒာဦး**
**MBA (Assumption University of Thailand, ABAC)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီခွင့်ပြုချက်အရ လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

မင်္ဂလာဦးဆွမ်းကျွေးနှင့် အခမ်းအနားကို Covid–19 အခြေအနေများ တည်ငြိမ်သွားသည့်အခါတွင် ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**တာရာဗိုလ် – ထူးနန္ဒာဦး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ရာဇသင်္ကြန်(၅)လမ်း၊ အမှတ်(၂၂၁)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၊ (၁၀)ခန်း(မြေညီထပ်–ကားပါကင်) အဆောက်အဦမှ စတုတ္ထထပ်(၅–လွှာ)၊ (တိုက်မျက်နှာမူလျှင်ညာ)၊ အကျယ်အဝန်း(၁၉ပေx၅၄ပေ)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နှင်းဖြူဖြူအေး [၈/ပခက(နိုင်) ၁၆၆၃၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချမ်းမြမြမျိုး [၇/ကပက(နိုင်) ၀၆၂၀၅၆]သည် (၂၅–၇–၂၀၂၂)ရက်တွင် **"နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"** ဖြင့် လက်ရှိလက်ဝယ် ပိုင်ဆိုင်ပြီး ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်မေဇင်ဦး(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၃၉၅၈၁)** | **(စဉ်–၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁၊**
**၀၉–၇၇၆၈၇၁၂၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ပန်းလှိုင်အိမ်ရာ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက်အမှတ် (**Bamboo Grove Villas**)၊ မြေကွက်အမှတ် (၁၁၃/A)၊ ဧရိယာ (၇၉၀၃. ၈၀) စတုရန်းပေ၊(၀. ၁၈၁)ဧကရှိ ဦးမောင်မောင်(ခ)ဦးသိန်းဝင်း နှင့် ဒေါ်ကျင်ကျင် (ခ) ဒေါ်ယဉ်ယဉ်ဝင်း တို့အမည်ပေါက် သည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်(ခ)ဦးသိန်းဝင်းနှင့်ဒေါ်ကျင်ကျင်(ခ)ဒေါ်ယဉ်ယဉ်ဝင်း တို့ထံမှဝယ်ယူရာစရံငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်ထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤသတ်မှတ်ရက်ပြည့် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီလုပ်ဆောင်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"လွှဲအပ်ချက်အရ"
"တရားလွှတ်တော်ရှေ့နေများ"

| | |
|---|---|
| ဦးအောင်နိုင်ထူး စဉ်(၁၃၅၇၅) | ဦးကျော်စွာမြင့် စဉ် (၁၃၂၈၂) |
| LL.B.,WIPO (Switzerland) | LL.B., D.B.L, D.I.L |

**Good Friend Consultant Law Firm**
အမှတ်(၈၃)၊ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့ နယ်။Ph: 01-385205,09-420088970

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင်နေထိုင်သူ ဒေါ်ဇင်မာဝင်း(ဘ)ဦးကျော်ဝင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၃/တကန(နိုင်)၂၅၁၀၉၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာဝင်းသည် Social Network တစ်ခုဖြစ်သော Facebook တွင် Zin Mar Win အမည်ဖြင့် အကောင့်(Account)ဖွင့်လှစ် သုံးစွဲနေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ FaceBook တွင် ကျွန်ုပ်မိတ်ဆွေ ထိခိုက်နစ်နာစေရန်၊ အသရေပျက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ သတင်းအချက်အလက်များ ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြန့်ချိခြင်းများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာဝင်း ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ အသရေပျက်စေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် လည်းကောင်း သတင်းအချက်အလက်တစ်ခုခုအားပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြန့်ချိခြင်း စသဖြင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးစိုးညီညီဝင်း** | **ဒေါ်သီတာအောင်** |
| **(LL.B,D.B.L,D.P.S,D.Phil)** | **(LL.M,LL.B,D.B.L,D.I.L,D.P.S,D.O.S,D.Phil)** |

**တရားလွှတ်တော်ရှေ့နေများ**
**လမ်း (၇၀)နှင့်(၇၁)လမ်းကြား၊ လမ်း(၄၀)နှင့်(၄၁)လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၉–၄၀၂၆၀၁၅၅၈၊ ၀၉–၄၃၁၈၄၁၉၀**

စာအုပ်
စာပေ
လူ့
မိတ်ဆွေ

မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

## ဦးလှထွန်းကြည်(B.Sc.Geology.1972)
## အသက်(၇၄)နှစ် (ဘိုကလေး)

ဘိုကလေးမြို့၊ တတိယလမ်းနေ (ဦးပန်းမြ-ဒေါ်တင်မေ)တို့၏ တစ်ဦးတည်းသော သားထွေး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ခိုင်ရွှေဝါလမ်း၊ ခြံအမှတ်(၅)နေ ဒေါ်သန်းရွှေ၊ ဒေါ်အေးသိန်း၊ ဒေါ်အေးသောင်း၊ ဒေါ်ဝင်းကြည်တို့၏ ချစ်လှစွာသောမောင်ငယ်၊ မောင်ဝင်းသော်ထွန်း-မမေသူလွင်တို့၏ ဦးလေး ဦးလှထွန်းကြည်သည် ၂၆-၇-၂၀၂၂(တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စုစုဝင်း(မန္တလေး/ချောင်းဦး)
## ဒုကြီးမှူး(ငြိမ်း) မစဘ၊ မန္တလေးမြို့
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၆-ရပ်ကွက်၊ သုခလမ်းနေ ဦးစိန်ပေါ[ဒု-ထွေဂျာ(ငြိမ်း)၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)]၏ ချစ်လှစွာသောဇနီး ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

B.Ag(၁၉၇၁)
သူငယ်ချင်းများ

မူးယစ်
ကိုပစ်
ပန်းတိုင်
သစ်
စိတ်
သစ်
လူ
သစ်
ဘဝ
သစ်

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်ညွန့်
## အသက်(၈၆)နှစ်

ကိုကျော်သိန်း(၁၉၄၆/စတသ-၂၂)၏ဖခင် ဦးခင်ညွန့်သည် ၂၅-၇-၂၀၂၂ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ
သူငယ်ချင်းများနှင့် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမင်း
## အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြကန်သာလမ်း၊ အမှတ်(၆၈)နေ ဒေါ်ခိုင်မာလွင်(SHWE YEE MIN GROUP OF COMPANIES)၏ချစ်လှစွာသော ခင်ပွန်း၊ မေသက်ထားခိုင်၊ မင်းဟိန်းကိုတို့၏ ဖခင် ဦးစိုးမင်း (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း) သည် ၂၂-၇-၂၀၂၂ ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း
ရန်ကုန်မြို့

## မမီမီလှိုင်းဇံ
### လက်ထောက်ညွှန်ကြားရေးမှူး
### နိုင်ငံခြားရေးဝန်ကြီးဌာန
### ရန်ကုန်ရုံး
## အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ သမိုင်းမြို့သစ်ရပ်ကွက်၊ (၇) လမ်း၊ အမှတ်(၄၆၃)နေ ဦးဇံညွန့်-ဒေါ်ခင်သီတာသိမ့်တို့၏ သမီး၊ ကိုရဲသူစိုး၏ ချစ်လှစွာသောဇနီး၊ ကိုဇေယျာလင်း၊ ကိုတိုးဆက်ပိုင်-မခင်ဥမ္မာညွန့်တို့၏ ညီမ၊ မောင်သူရိန်လင်း-မကျော့ကျော့သင်းတို့၏ အစ်မသည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၈:၄၀ နာရီတွင် တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ဆွေ (ယဉ်ကျေးမှု)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ
### အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အသက်(၆၃)နှစ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျွမ်းကျင်သူ ဦးကျော်ဆွေသည် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဇနီး ဒေါ်တင်တင်ညွန့်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကြည်း ၁၀၄၀၇ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)
## OTS(31)
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တိုက်(E)၊ အခန်း(၀၀၁)၊ ကွမ်းခြံလမ်းနေ (ဒေါ်လှကြင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)သည် ၂၄-၇-၂၀၂၂(စနေနေ့) ည ၉နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

OTS(31)မှ သူငယ်ချင်းများနှင့်မိသားစုများ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ပဲခူးတိုင်းဒေသကြီး၊ မင်းလှ)
### အထက(၂) သံတွဲ(ကျောင်းအုပ်ကြီး)
### အထက(၃)ဗိုလ်တထောင်(ကျောင်းအုပ်ကြီး)
### အထက(ဖောင်ကြီး)(ကျောင်းအုပ်ကြီး)
### ဒလမြို့နယ်ပညာရေးမှူး(ငြိမ်း)
### ဒဂုံမြို့နယ်ပညာရေးမှူး(ငြိမ်း)
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၀)၊ (ရှစ်လွှာ)၊ ဓမ္မဝတီ(ဗဟို)လမ်းနေ ကျောင်းအုပ်ဆရာကြီး(ဦးချစ်ကြွယ်-ဒေါ်ငွေခ)တို့၏ တစ်ဦးတည်းသောသား၊ [ဦးအေး(မော်ကွန်းဝင်ပထမဆင့်)-ဒေါ်သန်းနွဲ့]တို့၏ညီ/မောင်၊ ဦးဝင်းမြင့်ဆွေ(လက်/ညွှန်)(ငြိမ်း)မြေစာရင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးမြင့်-ဒေါ်ခင်ဆွေမြင့်(ဒု/ပါချုပ်-ငြိမ်း)(ရေကြောင်းပညာတက္ကသိုလ်)၊ ဦးစိုးမြင့်ဆွေ-ဒေါ်မေဝင်းနွယ်ဦး(ထ-၂၊ စမ်းချောင်း)၊ ဦးသန်းထွဋ်(MPPE-ငြိမ်း)-ဒေါ်ခင်ဆွေအေး၊ ဒေါ်ချိုမာလာဆွေတို့၏ ဦးလေး၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၃-၇-၂၀၂၂(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတူ/တူမမိသားစုများ

### ရဟန်း ဒါယိကာမကြီး
## ဒေါ်မာမာစိုး
## အသက်(၅၃)နှစ်
### (လ.ဝ.ကမှူး၊ ဗဟန်းမြို့နယ်)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၇၄)နေ ဦးသက်နိုင်(လ.ဝ.က မှူး၊ ရန်ကုန်လေဆိပ်)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုးညွန့်-ဒေါ်အေးသိန်း)တို့၏ သမီးငယ်၊ [ဒေါ်မာလာစိုး(ဗိုလ်တထောင်ထွေ/အုပ်-ငြိမ်း)]၊ ဦးမြတ်စိုး-ဒေါ်သီတာစိုး(ရန်ကုန်စည်ပင်)၊ ဦးစိုးနိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးကျော်ငွေး-ဒေါ်နီလာစိုး(တာမွေ ပြန်/ဆက်)တို့၏ ညီမငယ်၊ မခြူးသက်နွယ်၊ မောင်မိုးသက်ကျော်တို့၏ ချစ်လှစွာသော မိခင်သည် ၂၅-၇-၂၀၂၂(တနင်္ဂနွေနေ့) ည ၁၁:၁၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၆-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်သဇင်သောင်း
## အသက်(၅၁) နှစ်

ဒေါက်တာဦးသောင်း-ဒေါ်မြသိန်းတို့၏သမီး၊ ဦးနေမျိုးတင် (လေယာဉ်မှူးချုပ်၊ ပျံသန်းရေးဌာန၊ မြန်မာအမျိုးသားလေကြောင်း)၏ ချစ်လှစွာသောဇနီး၊ သားကြီး ဒေါက်တာဇေယျာမျိုးတင်နှင့် သားငယ် ဗညားမျိုးတင်တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီး ဒေါ်ခိုင်သဇင်သောင်းသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) ညနေ ၅:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်သဇင်သောင်း(၅၁) နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ချစ်လှစွာသောဇနီး ဒေါ်ခိုင်သဇင်သောင်း(၅၁)နှစ်သည် ၂၆-၇-၂၀၂၂(တနင်္လာနေ့) ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

ATR/CARAVAN Fleet မှ
လေယာဉ်မှူး/ ဒုလေယာဉ်မှူးများ
(မြန်မာအမျိုးသားလေကြောင်း)

## ဦးစိန်သောင်း(ခ)ကွာချန်တျုတ်
## အသက် (၉၅) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၁၈)၊ (၂၂)လမ်း၊ (၅)ရပ်ကွက်နေ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း-ဦးမောင်မောင်အေး၊ ဦးတင့်လွင်ဦး-ဒေါ်ချယ်ရီ (U.S.A)၊ ဒေါ်သင်းသင်းမာ-ဦးရီလျှံလင်း(U.S.A)၊ ဒေါ်နှင်းနှင်းမာ-ဦးသိန်းနိုင်၊ ဦးမြင့်နိုင်-ဒေါ်သူဇာဝေတို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးစိန်သောင်း(ခ)ကွာချန်တျုတ်သည် ၂၄-၇-၂၀၂၂ (စနေနေ့) ည ၈:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## တယ်လ်မာမြင့်(ခ)ဒေါ်သန်းနွဲ့
### ရုံးအုပ်(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊
### ငွေစာရင်းရုံး(ထွန်းတောက်ပုံနှိပ်စက်)
## အသက် (၈၀)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲသူရိန်လမ်း၊ အမှတ်(၂၇၅)နေ (ဗိုလ်ကြီးမောင်မြင့်-ဒေါ်ချို)တို့၏သမီးကြီး၊ ရေနံချောင်းမြို့နေ (ဦးသန်းညွန့်-ဒေါ်မုန်း)တို့၏ သမီးချွေးမ၊ [ဦးစိန်ငွေး (ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရုံးအကျဉ်းဦးစီးဌာန)]၏ဇနီး၊ ဒေါ်ငွေးသီတာဦး (NIEC)၊ (ဦးဇော်လွင်ငွေး)-ဒေါ်စီစီကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဒေါက်တာစည်သူအောင်-မနော်ဂျွန်ရိုစ်၏ ချစ်လှစွာသောအဘွားသည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၈:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းတန်(ခ) မောင်ပုဆိုးကြမ်း
### ဦးစီးအရာရှိ၊ နယ်စပ်ကုန်သွယ်ရေး(ငြိမ်း)
## အသက်(၇၈)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ (ဦးစောလှိုင်-ဒေါ်အေးမေ)တို့၏ သားဦး၊ ရန်ကုန်မြို့နေ (ဦးကျော်-ဒေါ်ရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၂၀)နေ ဒေါ်မြရီ (ပြည်သူ့ကုန်တိုက်-ငြိမ်း)၏ခင်ပွန်း၊ ဦးပြည်မိုး (TOTAL E & P, Myanmar)- ဒေါ်နီနီဦး(အင်ဂျင်နီယာဌာန၊ YCDC)၊ ဒေါ်ဖြူဖြူခိုင်(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ YCDC)၊ (ဗိုလ်ကြီးချစ်ကောင်း)၊ ဒေါ်နွယ်နွယ်ထွန်း(အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မမြမှူးခင်၏ ဘိုးဘိုးကြီး ဦးသိန်းတန်(ခ)စာရေးဆရာ မောင်ပုဆိုးကြမ်းသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) ည ၉:၄၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စိန်
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဧ)ရပ်ကွက်၊ အမှတ်(၁၁၃)၊ ဥဇနာ(၃)လမ်းနေ (ဦးမြင့်သိန်း)၏ ဇနီး၊ ဦးအောင်နန္ဒကျော်သူ-ဒေါ်ခင်သီတာခိုင် (ဒုတိယညွှန်ကြားရေးမှူး-နတလဦးစီးဌာန)၊ တပ်ကြပ်ကြီးနေဇော်လတ် (ရောဝတီရေတပ်စခန်းဌာနချုပ်သန်လျက်စွန်း)-ဒေါ်သန္တာမြင့်၊ ဒေါ်ဇာလီမော် (MPK Co.,Ltd) တို့၏ ချစ်လှစွာသော မိခင်၊ မအိဝေထက်၊ မောင်ဘုန်းမြတ်မင်း၊ မဟေမာန်ဆည်းဆာ၊ မကေရီဆည်းဆာတို့၏ ချစ်လှစွာသော အဘွားသည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၂၂ (တနင်္လာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကုသိုလ်ပြုလုပ်ပေးမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်သဇင်သောင်း (၅၁) နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ချစ်လှစွာသောဇနီး ဒေါ်ခိုင်သဇင်သောင်း(၅၁)နှစ်သည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့)ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

Boeing Fleet မှ
လေယာဉ်မှူး/ ဒုလေယာဉ်မှူးများ
(မြန်မာအမျိုးသားလေကြောင်း)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်သဇင်သောင်း
## အသက်(၅၁) နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသောဇနီး၊ သားကြီး ဒေါက်တာဇေယျာမျိုးတင်နှင့် သားငယ် ဗညားမျိုးတင်တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီးဖြစ်သူ ဒေါ်ခိုင်သဇင်သောင်း(၅၁)နှစ်သည် ၂၆-၇-၂၀၂၂(တနင်္လာနေ့) ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာအမျိုးသားလေကြောင်း
ပျံသန်းရေးဌာနမှ လေယာဉ်မှူး၊ လေယာဉ်မောင်/မယ်၊ FLT Dispatchen ဝန်ထမ်းများ

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်ဝင်း

### မြန်မာနိုင်ငံစာရင်းကောင်စီဝင်

### အသက်(၇၃)နှစ်

မြန်မာနိုင်ငံစာရင်းကောင်စီဝင် ဦးစိန်ဝင်းသည် ၂၇-၇-၂၀၂၂ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံစာရင်းကောင်စီ**
**ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ကြည်း ၇၀၄၁ ဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)**

**OTS (13)**

**ဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဝန်ကြီး(ငြိမ်း)၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)၊**
**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး**

**အသက်(၉၀)**

ရန်ကုန်မြို့နေ (ဒေါ်ခင်အေးမူ)၏ ချစ်လှစွာသောခင်ပွန်း၊ Ex. DME Officers Organization ၏ ဂုဏ်ထူးဆောင်နာယကကြီး ဝန်ကြီးဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)သည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) ည ၉:၂၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Ex. DME Officers Organization**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပဏ္ဍိတ (ဒွိပိဋကဓရ)

**ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက**
**သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ**
**သိက္ခာတော်(၅၀)ဝါ၊ သက်တော်(၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ မဏိရတနာကျောင်း ဆရာတော်၊ မန္တလေး မြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘုံပျံတောရတိုက်၊ ဆန္ဒတော်ပြည့်ကျောင်း၏ ပဓာနနာယက၊ ပဲခူးမြို့၊ အေးဓမ္မ ဓမ္မရိပ်သာ ကြီး၏ ပဓာနနာယက၊ မုံရွာမြို့၊ စက်မှု(၂) မင်္ဂလာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၃၆၂)၏ပဓာနနာယက၊ ရွှေဘိုမြို့၊ ရွှေမြိုင်ဘိုကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်ကြီး၏ ဂဏဝါစက၊ နိုင်ငံတော်သမုတိရ ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်) ၂၄-၇-၂၀၂၂(စနေနေ့) နံနက် ၆ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ညနေ ၅ နာရီတွင် အန္တိမစျာပန မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆရာတော်၏တပည့် အရင်း ရဟန်း၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား ဝမ်းနည်းစွာ အသိပေးအပ်ပါသည်။

ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ နာယကအဖွဲ့

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

**ဦးမင်းစံ**

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar,Summit Plastic**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman–POPULAR Group)–ဒေါ်ချောစုလွင်(Vice Chairman–POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးကူးပြောင်းသွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Factory A/C Control Department**
**POPULAR GROUP**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်သောင်းတင်**

**ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ-ငြိမ်း)**

ဗိုလ်မှူးချုပ်သောင်းတင်(ငြိမ်း)သည် ၂၂-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုက်သာယာရေးကော်မတီ**
**ယုဇနကွန်ဒို**
**ဗဟန်း**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြစမ်း(၆၈)နှစ်(မြန်အောင်)

## B.Sc(Bot)(ပုသိမ်ကောလိပ်)

## အလပြ(ငြိမ်း)

မြန်အောင်မြို့၊ အမှတ်(၇)၊ ကျောင်းတိုက်ရပ်နေ (ဦးစိန်မောင်- ဒေါ်စမ်း)တို့၏ သမီး၊ အမှတ်(၆၆)(ခ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးချုပ်သန်းဝင်း(ငြိမ်း)၏ ဇနီး၊ ဗိုလ်ကြီးရဲမြတ်သူ (ဆရာ ၁/၁၀၀၀)-မနေခြည်မြတ်ထွန်းတို့၏ မိခင်၊ ဗိုလ်မှူးရန်နောင်ဝင်း (တဆရ ၁/၇၀၀)-မြတ်သက်ထားဦး(ခ) တုတုတို့၏ ချစ်လှစွာသော အဒေါ်သည် ၁၈-၇-၂၀၂၂ ရက် မွန်းလွဲ ၂:၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီအောင်**

**အသက်(၅၃)နှစ်**

**ဒုစက်ရုံမှူး၊ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံ(ငမိုးရိပ်)**
**ဦးစီးအရာရှိ (အင်ဂျင်နီယာ)၊ ရေရရှိရေးနှင့်**
**ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

၂၅-၇-၂၀၂၂ ရက်တွင် မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားတဲ့ ကိုညီ(ဦးညီ)ကို ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းတသနမြောရပြီး ဌာနနှင့် စက်ရုံကောင်းကျိုးအတွက် လက်တွဲဆောင်ရွက်ခဲ့သမျှတွေကို အစဉ်အမြဲ အမှတ်ရနေမှာပါ။ ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ပါဘူး။ ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေသား။

**စက်ရုံမှူး၊ လုပ်ဖော်ကိုင်ဖက်များနှင့်တပည့်များ**
**ညောင်နှစ်ပင်ရေသန့်စင်စက်ရုံ(ငမိုးရိပ်)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်စော**

**အသက်(၈၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဇရပ်လှကျေးရွာနေ (ဦးရင်ဟီ-ဒေါ်ကြွေ)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆) လမ်း၊ အမှတ်(၄၇) (သုံးလွှာ)နေ (ဒေါ်သန်းကျင်)၊ (ဒေါ်မြကျင်)၊ (ဦးမြင့်သန်း)-ဒေါ်စန်းကျင်၊ (ဦးဝင်းအောင်-ဒေါ်စန်းရီ)တို့၏ ညီမ၊ တူ/တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေး ၂၂ ယောက်တို့၏အဘွား၊ မြစ်သုံးယောက် တို့၏ ဘွားဘွားသည် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅:၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၂ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရွှေသင်္ကန်း၊ ရေတွင်း၊ ရေကန်၊ မီးစက်၊ လေအေးပေးစက်၊ ပရဟိတ ဒါယိကာမကြီး**

**ဒေါ်မာလာမြင့်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ၊ ရတနာသိပ္ပံ လမ်းသွယ်(၂)၊ အမှတ်(၁၈)နေ (ဦးလှရွှေ-ဒေါ်ခင်သန်း)တို့၏ သမီးကြီး၊ (ဦးကျင်စိန်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ (ဦးခင်သိန်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ငွေး-ဒေါ်ဥမ္မာမော်၊ ဦးနေလင်း-ဒေါ်တင်တင်ထိုက်တို့၏မိခင်၊ ဦးရဲဝံ့ကျော်-ဒေါ်ယမုံသိမ့်၊ မောင်အောင်သူလင်းတို့၏ အဘွား ဒေါ်မာလာမြင့်သည် ၂၅-၇-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၄:၀၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးညဏ်မြင့်**

**အသက် (၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာနေ (ဦးကျော်သန်း-ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ကမ်းသာယာလမ်းနေ(ဦးမွန်-ဒေါ်ခင်သိန်း) တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၂၀)နေ ဒေါ်ခင်မာရီ၏ ခင်ပွန်း၊ ကိုစည်သူမြင့်-မချစ်ယုမေတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဆုပြည့်ရတီမြင့်၏ အဘိုးသည် ၂၄-၇-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၂ (သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးကျော်ကိုကို(ဖိုးကျော်)**

**MD–Ssuni Myanmar Co.,Ltd.**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ တကောင်း (၄)လမ်းနေ ဦးဘိုအေး (Diamond Dragon Co.,Ltd)၊ ဒေါ်စုစုညွန့်(စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်၊ ဝန်ကြီးများရုံး-ငြိမ်း)တို့၏ သားကြီး၊ ဒေါ်စမ်းယုဝါ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းနေလ(ခ)တုန်တုန်၏ ချစ်လှစွာသောဖခင်၊ ဦးထူးညီညီ (Norstar Crew Management Co.,Ltd)–ဒေါ်ဝင်းရွှေရည်ဖြိုး၊ ဒေါက်တာတောက်ထွန်းလင်း (SEA LION) တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မနံ့သာထူးဝင့်၏ ချစ်လှစွာသော ဘဘကြီး ဦးကျော်ကိုကိုသည် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၂၅နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## A.ရာဇတ်(ခ) ဦးမျိုးအောင်

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၂၁)၊ ပထမထပ်(ညာ)နေ (ဦးစတာ-ဒေါ်ဆလီ)တို့၏သား၊ ဒေါ်ဖြူဖြူသွယ်(ခ)ဒေါ်တင်ရွှေ၏ ခင်ပွန်း၊ ဦးကျော်စွာဦး၊ ဒေါ်နှင်းသူဇာအောင်-ဦးဇေယျာ မင်းဟန်တို့၏ ဖခင်၊ မောင်ခန့်ဇေယျာအောင်၊ မောင်ကျော်မြတ်ထူး၊ မအိန္ဒြာမင်းဟန်၊ မောင်သန့်ဇေယျာအောင်၊ မဖြူဖြူသွယ်(ခ)မရွှေသုန္ဒရီတို့၏ ချစ်လှစွာသောအဘိုး A.ရာဇတ်(ခ) ဦးမျိုးအောင် (ရွှေဂုဏ်သူဖက်ရှင်) အထည် ဆိုင်ပိုင်ရှင်၊ မျက်နှာစာတန်းအပေါ်ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသည် ၁၈-၇-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၂:၁၅ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့် တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် စွန်နီ မွတ်စလင်ရေဝေးကဗရ်စတန်၌ မြှုပ်နှံဒါဖနာပြုလုပ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သင်းသင်းဝင်း

### အုပ်ချုပ်မှုဒါရိုက်တာ၊ Shwe Phyo Thar Co.,Ltd

### အသက် (၄၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေပါရမီကွန်ဒို၊ အမှတ်(7–B)၊ Tower B နေ ဗိုလ်ကြီးညီမြတ် ၏ဇနီး၊ သမီးလေး ရွှန်းမြတ်ဟေသာ၏ မိခင်ဖြစ်သူ ဒေါ်သင်းသင်းဝင်း(အုပ်ချုပ်မှုဒါရိုက်တာ၊ Shwe Phyo Thar Co.,Ltd)သည် ၂၅-၇-၂၀၂၂(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**
**Myanmar Overseas Employment Agencies Federation**

---

**ဒေါ်တင်တင်ဝင်း(ဖျာပုံ)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ တိုက်(၇)၊ အခန်း(၅)နေ (ဦးသောင်းတင်-ဒေါ်တင်) တို့၏ သမီး၊ (ဦးစံထွန်း-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ ဦးမြင့်ထွန်း၏ ချစ်လှစွာသော ဇနီး၊ မောင်ရဲသူအောင်၊ မောင်ဇော်ဝင်းသိန်း၊ မအေးအေးဟန်တို့၏ ချစ်လှစွာသော မွေးသမိခင် ကျေးဇူးရှင် ဒေါ်တင်တင်ဝင်းသည် ၂၇-၇-၂၀၂၂(အင်္ဂါနေ့) နံနက် ၅:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၅၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါ်ဝေဝေသန်း**
**အသက်(၈၂)နှစ်**

သူငယ်ချင်း ဦးမင်းဂေါင်(လက်ထောက်ညွှန်မှူး-ငြိမ်း၊ ဝန်ကြီးချုပ်ရုံး)-ဒေါ်စဝ်မဉ္ဇူဝင်းတို့၏မိခင်၊ (ဗိုလ်မှူးခင်မောင်ဌေး)(လေ-ငြိမ်း)၏ဇနီး ဒေါ်ဝေဝေသန်းသည် ၂၆-၇-၂၀၂၂ ရက် ည ၁၀:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်ခဲ့ပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၂)မှသူငယ်ချင်းမိသားစု**

---

**ဒေါ်ရှုဝါ (၉၃)နှစ်**
**ဒေါ်သန်းသန်းဌေး (၇၉)နှစ်**

ဒေးဒရဲမြို့၊ ပြည်တော်သာလမ်း၊ အမှတ်(၃၆)နေ (ဦးခွန်နား-ဒေါ်ပိုး)တို့၏ သမီးကြီးနှင့် သမီးငယ်၊ (ဦးမြ)၏ ဇနီးနှင့် ခယ်မ၊ ဦးကျော်စိန်၊ (ဦးကျော်မြင့်)-ဒေါ်အဲစော၊ ဦးမင်းလွင်-(ဒေါ်တင်ကြည်)တို့၏ အစ်မကြီးနှင့် ညီမငယ်၊ (ဒေါ်ဌေးဌေးဝင်း)၊ ဦးတင်နွယ်-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်းဇံ-ဒေါ်ခင်လှ၊ ဦးသိန်းဇော်၊ (ဒေါ်မြင့်မြင့်သန်း-ပန်မဉ္ဇူအလှပြုပြင်ရေး)တို့၏ ချစ်လှစွာသော မိခင်နှင့် အဒေါ်ငယ်၊ ဒေါက်တာဇေယျာဦး၊ ကိုမျိုးမင်းအောင်၊ မမြမျက်ခြယ်တို့၏ ဘွားဘွားကြီးနှင့် ဘွားဘွားလေး၊ တက္ကသိုလ်ဟန်မင်းဦး၊ ဦးမျိုးမင်းလတ်၊ ဦးသက်မောင်-ဒေါ်သန်းသန်းဝင်း၊ ဦးသိန်းဆွေ-ဒေါ်အေးအေးသန်း၊ ဦးသန်းထွန်းဦး-ဒေါ်ချိုချိုဝင်းတို့၏ကြီးကြီးနှင့် ဒေါ်လေးတို့သည် ၁၉-၇-၂၀၂၂ ရက် နံနက် ၇ နာရီနှင့် ညနေ ၄:၃၀ နာရီတို့တွင် ကွယ်လွန်သွားပါသဖြင့် နေအိမ်မှ ဒေးဒရဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးစိန်လွင်**
**အသက်(၈၄)နှစ်**
**အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန**

တောင်တွင်းကြီးမြို့နေ (ဦးသာစိန်-ဒေါ်မြစိန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးခုံမိ-ဒေါ်သန်းကျင်)တို့၏ သားသမက်၊ အမှတ်(၁၇၀)၊ (၄၅)လမ်း၊ (ပ)ထပ် (2-A)၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကျင်စွမ်၏ ခင်ပွန်း၊ ဒေါ်မူမူမြင့်၊ ဒေါ်ချိုမာလွင်၊ ဒေါ်သင်းသင်းလွင်၊ Dr.သန့်ဇင်ဦး-ဒေါ်ခင်မြတ်ဌေးတို့၏ဖခင်၊ မောင်သန့်စည်သူဟိန်း၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက် နံနက် ၄:၅၉ နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဒေါက်တာဦးတင်ယု**
**အမ်၊ ဘီ၊ ဘီ၊ အက်(စ်)၊ (ရန်ကုန်)**
**(ဆမ၊ ၄၁၁၆)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးထွန်းလှိုင်-ဒေါ်ကျင်ခွေး)တို့၏သား၊ (ဦးငြိမ်းမောင်-ဒေါ်ဌေးဌေးလွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၃၈)နေ ဒေါ်နီလာ၏ ခင်ပွန်းသည် ၂၀-၇-၂၀၂၂(အင်္ဂါနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
**ဦးခင်မောင်ထွန်း**
**M.P.E (ရေယာဉ်မှူး-ငြိမ်း)**
**အသက်(၇၁) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ အမှတ် (၃၇)၊ (၁၁၈)လမ်းနေ [ဦးထွန်းဖေ(ခ)ဦးဟာရှင်-ဒေါ်ခင်စန်းမြင့်]တို့၏ သားကြီး၊ (ဦးထွန်းမောင်)-ဒေါ်တင်ရီတို့၏ သားသမက်၊ ဒေါ်သက်သက်ထွန်း၏ခင်ပွန်း၊ ဦးမင်းမင်းထွန်း-ဒေါ်အေးအေးခိုင်၊ ဦးသိန်းမင်းထွန်း-ဒေါ်ဖြူဖွေး၊ ဦးရဲမင်းထွန်း-ဒေါ်ချိုဇင်လတ်၊ ဦးအောင်မျိုးသိန်း-ဒေါ်ခင်မီမီထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၄:၄၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ဇိုဟိုရ်အပြီးတွင် ရေဝေးမွတ်စလင်မ်ဥယျာဉ်တော်၌ ဒါဖနာပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးသစ်လွင်(LL.B)**
**အသက်(၆၆)နှစ်**
**တရားလွှတ်တော်ရှေ့နေ**
**(T.T.C ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၆/က)၊ ဗဟိုလမ်းနေ (ဦးခင်မောင်သောင်း-ဒေါ်ခင်သန်းနွဲ့)တို့၏ သားလတ်၊ (ဦးသန်းထိုက်)-ဒေါ်ရွှေတို့၏ သားသမက်၊ ဒေါ်မာလာသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလျှမ်းထက်အောင်-ဒေါ်မေသစ်လွင်၊ ဒေါ်အေပရယ်သစ်လွင်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၄-၇-၂၀၂၂ (စနေနေ့) နံနက် ၁:၂၇ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးကျော်ဝင်း**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၁၄၃)နေ (ဦးကြူးခင်-ဒေါ်တင်ကြည်)တို့၏သား၊ ဒေါ်ကြည်ကြည်သိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနီတွတ်-(ဒေါ်ကြူကြူခင်)၊ ဦးမြင့်ဦး-ဒေါ်မြင့်ကြည်၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်အေး၊ ဦးလှချစ်-(ဒေါ်သန်းသန်းအေး)၊ ဒေါ်သန်းသန်းထွေး၊ ကိုမျိုးဝင်းတို့၏ အစ်ကိုကြီး၊ ကိုထွန်းဝင်းနိုင်-မနှစ်ဆန်းသူသူ၊ မဖြူဖြူဝင်း၊ မနွယ်နီဝင်း၊ ကိုအေးဝင်းနိုင်-မခိုင်လေးမွန်၊ မတင်နွယ်ဝင်းတို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးကျော်ဝင်းသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးကျော်ဝင်း**
**အသက်(၇၆)နှစ်**

သူငယ်ချင်း ထွန်းဝင်းနိုင်-မနှစ်ဆန်းသူသူတို့၏ ဖခင်၊ သူငယ်ချင်းကိုမျိုးဝင်း၏ အစ်ကိုကြီး ဦးကျော်ဝင်းသည် ၂၆-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ**
**စည်သူသိန်းဇံ၊ အောင်မြတ်ထွေး၊ အောင်စွာ၊ မိုးသော်တာ၊ မိုးသီတာသန်း၊ ကြော့ဝတ်မှုန်**

---

**ဦးတင်ရီ(စာရေးဆရာ စိန်သွေး)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၂၀၆)နေ (ဦးကျော်စိန်-ဒေါ်မြတင်)တို့၏ သား ၊ ဒေါ်လှိုင်မေ၏ခင်ပွန်း၊ ဦးဝင်းကျင်-ဒေါ်တင်မြလှိုင်၊ ဦးတင်စိုးကျော်-ဒေါ်စိုးစိုးမိုး၊ ဦးတင်မိုးကျော်-ဒေါ်ရီကျော့မွန်၊ ဦးတင်ထွန်းကျော်- ဒေါ်ထိုက်ထိုက်စိုးတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး ဦးတင်ရီသည် ၂၃-၇-၂၀၂၂ ရက် ည ၉:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၇-၂၀၂၂ ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးကျော်ခင်**
**မြို့နယ်ပညာရေးမှူး(ငြိမ်း)**
**အသက်(၇၅)နှစ်**

မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်းနေ ဒေါ်ထွေးကြည်(မူ/ပြ)(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မသဲစုမွန်(အငယ်တန်းအင်ဂျင်နီယာ-၂)၊ (မြို့ပြဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မောင်ပြည့်စုံအောင်-မသီရိနိုင်(ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မောင်ပြည့်လျှံအောင်(BE.EP) တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးကျော်ခင်သည် ၂၇-၇-၂၀၂၂(အင်္ဂါနေ့) နံနက် ၂:၃၀နာရီတွင် မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်း၊ အမှတ်(၁၁၀)၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်သင်းသင်းရွှေ**
**အသက်(၆၀)**
**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**မြန်မာ့စီးပွားရေးဘဏ်**

ရန်ကုန်မြို့၊ အမှတ် (၁၄)၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရွှေ-ဒေါ်ညွှန့်ယဉ်)တို့၏သမီး၊ ဦးဝေလင်း-ဒေါ်စန်းစန်းရင်တို့၏ညီမ၊ ဦးချစ်ကိုကို-မမေရီ၊ ဗိုလ်မှူးအောင်မြတ်ထွဋ်-ဒေါ်တင်နီနီထွန်း၊ ကိုဟိန်းသူစိုး-မပန်းအိစံတို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်သင်းသင်းရွှေသည် ၂၆-၇-၂၀၂၂ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဆရာကောင်းဇော်ဟိန်း (ကိုးထပ်ကြီးဘုရား)**
**ဇော်သဗ္ဗာ ကံရဏဗေဒ လက္ခဏာပညာရှင် (ခ)**
**ဦးမျိုးခိုင်ဦး**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၉၃၆)နေ ဦးမြတ်ကောင်း-ဒေါ်ဌေးဌေးတို့၏ချစ်လှစွာသော သားကြီး၊ ဆရာဇေလျှံထက်(မြို့ဦးစေတီ)၊ ဆရာလွှမ်းမိုးအောင် (မြို့ဦးစေတီ)တို့၏ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်ယုယုဌေး(ခ) ဆရာမဇေကရီမွန်(မြို့ဦးစေတီ)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇေယျာထွန်းမင်း၊ မဟိန်းထက်ထက်စံတို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၂၄-၇-၂၀၂၂ (စနေနေ့) ညနေ ၆:၃၀နာရီတွင် ၉၆ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ကြည်း-၇၀၄၁ ဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)**
**OTS(13)**
**ဝန်ကြီး(ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန**
**ဝန်ကြီး(ငြိမ်း)၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး**
**အသက်(၉၀)**

ချောက်မြို့နေ (ဦးသာအေး-ဒေါ်စော)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးညို-ဒေါ်သန်းနွဲ့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ အမှတ်(၄၀)နေ (ဒေါ်ခင်အေးမူ) ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြတ်ကျော်သောင်း)-ဒေါ်ဝါဝါစိန်၊ ဦးမြတ်အောင်သောင်း-ဒေါ်ကလျာမင်းမင်းကိုတို့၏ ချစ်လှစွာသော ဖခင်၊ မောင်မြတ်ဟိန်းခန့်၊ မောင်အောင်မြတ်ခန့်၊ မအေးမြတ်မဒီမင်းတို့၏အဘိုးသည် ၂၆-၇-၂၀၂၂(တနင်္လာနေ့) ည ၉:၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၉နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒုအရာခံဗိုလ်ဦးမြဦး(ငြိမ်း)(မင်းဘူး)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၁၀၀)နေ (ဒေါ်မြင့်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ (တပ်ကြပ်ကြီးအေးနိုင်)-ဒေါ်မြင့်မြင့်ဦး၊ (ဦးမင်းအောင်)- ဒေါ်အေးအေးမာ၊ ဦးတင်ထွန်းအောင်-ဒေါ်ကြည်ကြည်ဦး (ထ-ခွဲ၊ အလက-၁၊ ငမိုးရိပ်၊ သဃ်န်းကျွန်း)၊ ဦးလှဦး(ဒုအရာခံဗိုလ်-ငြိမ်း)-ဒေါ်သင်းသင်းရီ(ဦးစီးအရာရှိ၊ ရေပေးဝေရေးဌာန၊ ရန်ကုန်စည်ပင်)၊ အရာခံဗိုလ်စိုးနိုင်(လထခ)-ဒေါ်လှိုင်လှိုင်အောင်၊ ဦးစိုးလွင်(ဒုမန်နေဂျာ-YUPT)-ဒေါ်စန္ဒာ၊ ဦးတင်လှထွန်း (လက်ထောက်ညွှန်မှူး၊ ရေပေးဝေရေးဌာန၊ ရန်ကုန်စည်ပင်)-ဒေါ်ဥမ္မာ၊ ဦးနေဝင်း(S.H Shipping)-ဒေါ်ဥမ္မာတင်(ထွေအုပ်၊ သာကေတမြို့နယ်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးထွန်းသာ(သတင်းစာဆရာ၊ အယ်ဒီတာ)**
**အားကစားကလောင်ရှင် မောင်ရဲဝင်း၊ စာရေးဆရာ တက္ကသိုလ်နေထွက်**
**အသက်(၈၂)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁)၊ ငွေကြာရံအိမ်ရာနေ ဒေါ်ယဉ်နွဲ့(ခ)ဒေါ်ယဉ်သန်း၏ခင်ပွန်း၊ ဦးအောင်မြင့်ထွန်း-ဒေါ်မြတ်သန္တာထွန်း(မီနီဆိုးတား USA)၊ ဦးဇာနည်ထွန်း- ဒေါက်တာ သီဂီရဲမြင့်၊ ဒေါက်တာစည်သူထွန်း-ဒေါက်တာလှမြတ်သီဂီ(Australia)၊ မအေးအေးခိုင်တို့၏ ဖခင်၊ မောင်ဘုန်းခန့်ဇာနည်၊ မလင်းကလျာထွန်းတို့၏ အဘိုး သတင်းစာဆရာ၊ အယ်ဒီတာ ဦးထွန်းသာ (အားကစားကလောင်ရှင် မောင်ရဲဝင်း)သည် ၂၅-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပါမောက္ခ ဒေါက်တာ ဒေါ်မာမာကြည်**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်နေ (ဦးထွန်းရွှေ-ဒေါ်ရီ)တို့၏ သမီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နေ ဦးအေးဖေ-(ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ ဒေါက်တာ ဖြိုးကြည်သန့်၊ ဒေါက်တာလွင်မိုးအောင်-ဒေါက်တာစိုးသူဇာထွန်း၊ ဒေါက်တာသီဟသန့်ဇင်၊ ကိုရဲမာန်အောင်တို့၏ မွေးသမိခင်၊ မရမ်းကုန်းမြို့နယ်၊ ကံကော်မြိုင်လမ်း၊ အမှတ်(၄၇/ဂျီ)နေ ဦးသန့်ဇင် (အမှုဆောင်အရာရှိချုပ်-ငြိမ်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)၏ ချစ်လှစွာသောဇနီးသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) ည ၁၁:၅၂ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၇-၂၀၂၂(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဗိုလ်မှူးချုပ်မောင်မောင်(လေ-ငြိမ်း)
## (လေ/၁၂၆၄) စစ်တက္ကသိုလ်အမှတ်စဉ်(၁)
## အသက် (၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့(အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်အေးအေးဖြူ-(ဗိုလ်မှူးသန့်ဇင်ဦး-ငြိမ်း)၊ ဒေါ်ခင်ကြူကြူသင်း-ဗိုလ်မှူးမြတ်ထွန်းလွင်(ငြိမ်း)၊ ဒေါ်ခင်မိုးမိုးအေး-ဦးစိန် မြင့်၊ ဒေါ်ခင်သက်သက်ဝေ-ဦးဇာနည်ထွေးတို့၏ ကျေးဇူးရှင်ဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုး ဗိုလ်မှူးချုပ်မောင်မောင်(လေ-ငြိမ်း)သည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ သူငယ်ချင်း ဆွေမျိုး၊ မိတ်ဆွေများအားလုံးတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိကြောင်း

၂၆-၇-၂၀၂၂(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသော ဗိုလ်မှူးချုပ်မောင်မောင်(လေ-ငြိမ်း) နာမကျန်းဖြစ်နေစဉ်တွင် မေတ္တာ၊ စေတနာတို့ဖြင့် အဘက်ဘက်မှ အစစအရာရာ ကူညီစောင့်ရှောက်ပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်ကြီးများ၊ အဖွဲ့အစည်းများအားလုံးနှင့် ဖုန်းဖြင့် သတင်းမေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေများ အားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား ၊ ရဟန်း ၊ သိမ်ကျောင်း ၊ ဒါယိကာမကြီး

## ဒေါ်ခင်မေသန်း
## အသက် (၈၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ (၃၀)ရပ်ကွက်၊ အိမ်အမှတ်(၁၆၅)၊ နှင်းဆီဝါလမ်းနေ (ဗိုလ်မှူးချုပ်ဝင်းရှိန်-ငြိမ်း)၊ (ညွှန်ကြားရေးမှူး၊ ကကလျှပ်)၏ ဇနီး ဦးကျော်ကျော်-ဒေါ်မူယာ၊ (ဦးမျိုးအောင်)(GM၊ MAG Holding Co.,Ltd)-ဒေါ်အေးအေးမွန်၊ ဦးဝင်းဖေ -ဒေါ်နွယ်နွယ်ညွှန့်၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး(ငြိမ်း)-(ဒေါ်သန္တာရွှေ)၊ ဗိုလ်မှူးအောင်သူ(ငြိမ်း)( ညွှန်ကြားရေးမှူး ၊ ရေကြောင်းတက္ကသိုလ်)-ဒေါ်မာမာထွန်းတို့၏ ကျေးဇူးရှင် မိခင်ကြီး မြေး (၁၀) ယောက်တို့၏ ချစ်လှစွာသော အဘွားဖြစ်သူ ဒေါ်ခင်မေသန်းသည် ၂၇-၇-၂၀၂၂ ရက်၊ နံနက် ၄:၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ ရက်နေ့၊ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးခင်မောင်ရင်
## အသက် (၈၀)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁၁/၄)၊ (၂၄)လမ်း၊ လသာမြို့နယ်နှင့် ခြံအမှတ် (၃)၊ စမ်းချောင်းကျောင်းတိုက်လမ်း၊ (၈)မိုင်၊ ပြည်လမ်းနေ (ဦးဘိုးအောင်-ဒေါ်ကြင်)တို့၏ သား၊ (ဒေါ်ခင်သီ)၊ (ဒေါ်ကြည်ကြည်)တို့၏ မောင်၊ ဒေါ်ခင်ထွေး၏အစ်ကိုကြီး၊ ဒေါ်မြမြဝင်း(ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြစန္ဒာရင်-ဦးမြင့်ခိုင်ဦး၊ ဦးသူရိန်ခင်မောင်ရင်-ဒေါ်ဆုသွယ်ဦးတို့၏ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မဆုပန်ခိုင်၊ မနှင်းခိုင်ထက်၊ မအိကြယ်စင်သူရိန်၊ မောင်အာကာသူရိန်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၄-၇-၂၀၂၂ ရက် ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်လတ်
## အသက် (၇၄) နှစ်

**သတင်းထောက်ချုပ်(ငြိမ်း)၊ ကျွမ်းကျင်သူ(ငြိမ်း)**
**မြန်မာ့သတင်းစဉ်(ပြည်တွင်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာနေ (ဦးမြင့်ဆွေ-ဒေါ်အုန်းခင်)တို့၏ သား၊ (ဒေါ်စုစုလတ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးမျိုးမြတ်(ငြိမ်း)-ဒေါ်လှိုင်စုလတ်(မြန်မာနိုင်ငံ ရဲသတင်းတပ်ဖွဲ့-ငြိမ်း၊ ဒါရိုက်တာမြန်မာအမျိုးသားရတနာကုမ္ပဏီ)၊ ဦးလင်းဇော်လတ် (အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအမျိုးသားရတနာကုမ္ပဏီ)-ဒေါ်ဝါဝါကျော်၊ ဦးသန့်ဇော်ဇော်လှ (အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခိုင်စုလတ် (အကောက်ခွန်ဦးစီးဌာန)၊ ဦးကျော်စွာလတ်(ဒါရိုက်တာ-မြန်မာအမျိုးသား ရတနာကုမ္ပဏီ)-ဒေါ်အေးဇင်သူ၊ ဒေါ်ချစ်စုစုသွယ် (အကောက်ခွန်ဦးစီးဌာန)တို့၏ ချစ်လှစွာသောမွေးသဖခင်၊မောင်ဘုန်းပြည့်မြတ်(ခ) မောင်ကျော်စည်သူ၊ မဖြူစင်သဒ္ဒါလှ၊ မောင်မင်းဒီပါကျော်၊ မမြတ်နိုးဟေသာကျော်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၇-၇-၂၀၂၂ ရက်တွင် တပ်မတော်ခုတင်(၃၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်လတ်
### (တင်မောင်လတ် အင်းစိန်)

**သတင်းထောက်ချုပ်(ငြိမ်း) ကျွမ်းကျင်သူ(ငြိမ်း)**
**မြန်မာ့သတင်းစဉ် (ပြည်တွင်း)**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**(တွဲဖက်အတွင်းရေးမှူး(၂)**
**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း)**
**အသက်(၇၄)နှစ်**

အသင်းကြီး၏ တွဲဖက်အတွင်းရေးမှူး(၂)ဖြစ်သူ ဦးတင်မောင်လတ် (တင်မောင်လတ်အင်းစိန်) သည် ၂၇-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲဖြစ်ရပါကြောင်း။

ဦးလတ်ကြီး ကောင်းရာသုဂတိလားပါစေ။

**အမှုဆောင်အဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်သဇင်သောင်း (၅၁) နှစ်

မြန်မာအမျိုးသားလေကြောင်း၊ ပျံသန်းရေးဌာနမှ လေယာဉ်မှူးချုပ် ဦးနေမျိုးတင်၏ ချစ်လှစွာသောဇနီး ဒေါ်ခိုင်သဇင်သောင်း (၅၁)နှစ်သည် ၂၆-၇-၂၀၂၂(တနင်္လာနေ့) ညနေ ၅:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**E-JET Fleet မှ**
**လေယာဉ်မှူး/ ဒုလေယာဉ်မှူးများ**
**(မြန်မာအမျိုးသားလေကြောင်း)**

## သွေးသည် အသက်

## ဗိုလ်ကြီးမင်းသိမ်းအောင်(ငြိမ်း)
### (ကြည်း-၂၁၂၆၂)
### ဝေါမြို့နယ်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၂)လမ်း၊ အမှတ်(၃၈၉)နေ (ဦးကျော်လှိုင်-ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်ခိုင်ခိုင်၏ခင်ပွန်း၊ ဦးအောင်ထွေး-ဒေါ်လုလုအောင်၊ (မောင်မင်းဘရန်အောင်)၊ ဒေါ်ချိုချိုအောင်၊ ဒေါ်စုစုထွေးအောင်၊ မောင်ငြိမ်းကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်ကြီးနေအောင်အောင်-မသဇင်၊ မောင်ဝင်းမင်းအောင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အေးမြင့်
### မန်နေဂျာ(ငြိမ်း)၊ (က-က-ဝယ်)
## အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ (ဦးကျင်မောင်-ဒေါ်စိန်အေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၈)နေ ကိုသတိုးကျော် (လက်ထောက်မန်နေဂျာ၊ က-က-ဝယ်)-မစန္ဒာမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မခင်မွန်သက်ထား၏ အဘွား၊ [ဦးလုကံ (စခန်းမှူး-ငြိမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)]၏ဇနီးသည် ၂၆-၇-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း၊ ရွှေသင်္ကန်း ဒါယိကာမကြီး
မယ်တော်ကြီး

## ဒေါ်သန်းညွန့်
## အသက်(၇၈)နှစ်

**BA.D.N(YGN),D.D.N(SINGAPORE)**
**ကျောင်းအုပ်(ငြိမ်း)သွားကျန်းမာရေးဆရာမသင်တန်းကျောင်း**
**သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်မြို့**
**ဌာနမှူး(ငြိမ်း)သွားဘက်ဆိုင်ရာဌာန၊ သူနာပြုတက္ကသိုလ်၊**
**ရန်ကုန်မြို့**

မြန်အောင်မြို့နေ (ဦးရွှေဖန်-ဒေါ်တင်လှိုင်)တို့၏သမီး၊ မအူပင်မြို့နေ [ဦးစံထွန်း-ဒေါ်ရွှေခင် (ဇေယျာမြင့်ဆန်စက်)]တို့ ၏ သမီးချွေးမ၊ (ဒေါက်တာဦးခင်မောင်ကြည်)၏ဇနီး၊ ဦးစိန်မြင့်- (ဒေါ်သန်းနွဲ့)၊ ဦးလှဝင်း-ဒေါ်သန်းယဉ်၊ ဒေါ်သန်းမြင့်၊ ဒေါ်မြမြစန်း(တရားရုံးချုပ်ရှေ့နေ)၊ ဒေါ်ခင်မိုးဆွေ (အလပြ-ငြိမ်း၊ အ.မ.က-၂၂၊ တာမွေ) တို့၏ ညီမ/အစ်မ၊ ဦးစောဘုန်းနိုင် (Lab Coordinator Lan Pya Kyael)-ဒေါ်ဆွေဆွေယု (Procurement Officer PSI/MCH.Q)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်ဦး

**B.Com(Acctg),R.A., D.M.A., B.A.2A.S. (SR Branch), CPA**
**အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ခြံအမှတ် (၁၈)၊ ပြည်လမ်း၊ (၆)မိုင်၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်းနေ အငြိမ်းစားတိုင်းမင်းကြီးနှင့် ပါလီမန်အတွင်းဝန် (ဦးတင်ဦး-ဒေါ်ခင်သန်းကြည်)တို့၏ သမီးကြီး၊ (ဦးကျော်ငွေး)-ဒေါ်တင်ဖြူဦး၊ ဦးမြင့်ဦး-Dr. ခင်မျိုးသင်း၊ ဦးမြဦး-ဒေါ်ဥမ္မာထွန်းရွှေ၊ (ဦးစောမြင့်မောင်)-ဒေါ်တင်နွဲ့ဦး၊ ဦးဇော်ဝင်း-ဒေါ်တင်ထွေးဦးတို့၏ အစ်မကြီး၊ Capt. ဉာဏ်လင်းငွေး၊ မသီရိရတနာစော၊ မဝင်းမာဦး၊ ကိုဝေဖြိုးငွေး၊ ကိုဖြိုးဇော်ဦး၊ ကိုအောင်မြဦး၊ ကိုမြင့်ဟိန်းငွေးတို့၏ အဒေါ်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွား အဒေါ်ကြီးသည် ၂၄-၇-၂၀၂၂ (စနေနေ့) ညနေ ၃:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၂၂ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာပါမည်။]

ကျန်ရစ်သူမိသားစု

# သင့်
# သွေးဖြင့်
# အသက်
# ကယ်ပါ

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ရေး အဓိကသတင်းစကားKey Messages များ (၂)မျိုး**

(၁) မိုးရာသီကာလအတွင်း အဖြစ်များသည့် ရာသီတုပ်ကွေးရောဂါ မိမိကစ၍ ကာကွယ်ပါ

(၂) ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

၂၀၂၂ ခုနှစ်၊ ဇွန်လ

**မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အဓိကသတင်းစကား Key Messages များ (၄)မျိုး**

(၁) မုန်တိုင်းတိုက်ခတ်သည့်အခါတွင် ဘေးအန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန် အချက်များ

(၂) မြစ်ရေကြီးခြင်းဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန် အချက်များ

(၃) မြေလျှောလှုပ်သည့်အခါတွင် ဘေးအန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ရန် အချက်များ

(၄) မြေပြိုခြင်းဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန် အချက်များ

၂၀၂၂ ခုနှစ်၊ ဇွန်လ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဖြန့်ဖြူးပေးလျက်ရှိ




နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သုံးသန်းအား နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ဦးတည်အုပ်စုလူဦးရေနှင့် ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများကို အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးလျက်ရှိသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာတွင် ယနေ့ မွန်းလွဲပိုင်းအထိ နေပြည်တော်ကောင်စီနယ်မြေသို့ ကာကွယ်ဆေးအရေအတွက် ၁၆၀၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအရေအတွက် ၂၄၀၀၀၊ ရေဝတီ တိုင်းဒေသကြီးသို့ ကာကွယ်ဆေးအရေအတွက် ၄၀၀၀၀ ရောက်ရှိပြီး ဖြစ်ကြောင်းနှင့် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့လည်း ဆက်လက် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မြေပြင်ခရီးလမ်းကြောင်းမှ ကာကွယ်ဆေးများကို ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဝေးလံခက်ခဲဒေသများသို့ တပ်မတော်(လေ) နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်း ကာကွယ်ဆေးများ ဆက်လက်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုကျိုအိုလံပစ် ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဘယ်ဂျီယံနိုင်ငံသူအား ရှုံးနိမ့်




နေပြည်တော် ဇူလိုင် ၂၇

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော 2020 Tokyo Olympic အမျိုးသမီး တစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲများကို ယနေ့ မွန်းတည့်ချိန်တွင် Musashino Forest Plaza ၌ ကျင်းပရာ အုပ်စုတွင်း ပြိုင်ပွဲအဖြစ် အုပ်စု (M)တွင် မြန်မာနိုင်ငံမှ ကြက်တောင်အားကစားသမား သက်ထားသူဇာနှင့် ဘယ်ဂျီယံနိုင်ငံမှ Tan Lianne တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်ဂျီယံနိုင်ငံမှ (21:6)၊ (21:8) ဖြင့် (၂) ပွဲပြတ် အနိုင်ရရှိသွားသည်။

အဆိုပါ အုပ်စု (M)တွင် မြန်မာနိုင်ငံမှ ကြက်တောင်အားကစားသမား သက်ထားသူဇာသည် (၂)ပွဲကစားရာ (၂)ပွဲစလုံး ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁၄ ဦးရှိလာ

စာမျက်နှာ » ၁၃

--------------

အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို

စာမျက်နှာ » ၁၆

--------------

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိ

စာမျက်နှာ » ၂၂